(၂) ပုဒ်မခွဲ (၁) အရ ပြဋ္ဌာန်းသော နည်းဥပဒေများတွင်၊ နည်းဥပဒေတစ်ခုခု၏ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်သူများသည်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်သူများသည်၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံထိုက်စေရမည်ဟု နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းနိုင်သည်။

(၃) အဆိုပါစာချုပ်ကို၊ အထမြောက်အောင် ဆောင်ရွက်ရာ၌ ကုန်ကျသည့် စရိတ်ကြေးငွေများကို၊ ပြည်ထောင်စုပါလီမန်က ခွင့်ပြုထားသောငွေများမှ ကျခံရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ခုနှစ်၊ ဧပြီလ (၂၃) ရက်၊ စာမျက်နှာ - ၆၁၈။

ဇယား။

ကျပန်နိုင်ငံနှင့်ချိပ်ဆိုသည့် စစ်ပြေငြိမ်းရေးစာချုပ်။

အပိုဒ် ၅

၁။ ။ စစ်အတွင်း ကျပန်နိုင်ငံကြောင့် ပျက်စီးဆုံးရှုံးရခြင်းနှင့် အတိဒုက္ခရောက်ရခြင်းအတွက် စစ်လျော်ကြေးကို၊ ကျပန်နိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံအားပေးရန် အသင့်ရှိသည့်ပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ထူထောင်မှုနှင့် တိုးတက်မှုတွင်လည်းကောင်း၊ လူမှုကြီးပွားရေးတိုးတက်မှုတွင်လည်းကောင်း၊ အကူအညီပေး၍ ပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒလည်းရှိပါသည်။ သို့ရာတွင် ကျပန်နိုင်ငံမှာ၊ မိမိ၏စီးပွားရေးကို အခြေမပျက်ဆက်လက်ထားရှိရမည်ဖြစ်လျှင်၊ စစ်အတွင်း ကျပန်နိုင်ငံကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ ပျက်စီးဆုံးရှုံးရခြင်းနှင့် အတိဒုက္ခရောက် ရခြင်းတို့အတွက် စစ်လျော်ကြေးအပြည့်ပေးရမည့်တာဝန်နှင့် အခြားတာဝန်များကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်လောက်သော ပစ္စည်းအင်အားနှင့် မပြည့်စုံကြောင်း အသိအမှတ်ပြုပါသည်။

ထို့ကြောင့် —

(က) (၁) သဘောတူမည့် အသေးစိတ် စည်းကမ်းချက်များနှင့်အညီ၊ ကျပန်နိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံအား၊ တစ်နှစ်လျှင် ပျမ်းမျှရ အမေရိကန်ပြည်ထောင်စု ဒေါ်လာသန်းနှစ်ဆယ် ($ ၂၀,၀၀၀,၀၀၀) နှင့် ညီမျှသော ယန်းဒင်္ဂါးသန်းပေါင်းခုနှစ်ထောင့်နှစ်ရာ (Y ၇,၂၀၀,၀၀၀, ၀၀၀) တန်ဘိုးရှိသည့် ကျပန်နိုင်ငံသူ နိုင်ငံသားတို့လုပ်အားနှင့် ကျပန်နိုင်ငံထွက် ပစ္စည်းများကို၊ စစ်လျော်ကြေးအဖြစ်ဖြင့် ဆယ်နှစ်ကာလမျှ ပေးရန် သဘောတူပါသည်။

(၂) သဘောတူမည့် အသေးစိတ်စည်းကမ်းချက်များနှင့်အညီ၊ တစ်နှစ် လျှင် ပျမ်းမျှရ စုစုပေါင်း အမေရိကန်ပြည်ထောင်စု ဒေါ်လာ ငါးသန်း ($ ၅,၀၀၀,၀၀၀) နှင့် ညီမျှသော ယန်းဒင်္ဂါးသန်းပေါင်း တစ်ထောင့် ရှစ်ရာ (Y ၁,၈၀၀,၀၀၀,၀၀၀) တန်ဘိုးရှိသည့် ကျပန်နိုင်ငံသူ နိုင်ငံသားတို့ လုပ်အားနှင့် ကျပန်နိုင်ငံထွက် ပစ္စည်းများကို၊ ကျပန် နိုင်ငံက ပြည်ထောင်စု မြန်မာနိုင်ငံ၏ အစိုးရအား၊ သို့တည်းမဟုတ် နိုင်ငံသူ နိုင်ငံသားတို့အား၊ ဆယ်နှစ်ကာလမျှ ရရှိနိုင်စေ၍၊ စီးပွားရေး

ပူးပေါင်းဆောင်ရွက်မှု လွယ်ကူအောင်အစွမ်းကုန်စီမံဆောင်ရွက်ရန် သဘောတူပါသည်။

(၃) ထို့ပြင် ဂျပန်နိုင်ငံက၊ အခြားစစ်လျော်ကြေး တောင်းဆိုသည့်နိုင်ငံ အားလုံးသို့ပေးရန် စစ်လျော်ကြေးများကို အပြီးသတ်ဆုံးဖြတ်သည့် အချိန်၌၊ ထိုသို့ဆုံးဖြတ်ခြင်းကြောင့် သက်ရောက်သည့် အကျိုးများကို လည်းကောင်း၊ အရပ်ရပ်စစ်လျော်ကြေးတာဝန်ကို သည်ပိုးဆောင်ရွက်နိုင်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအင်အားကို လည်းကောင်းထောက်ရှု၍၊ ပြည်ထောင်စုမြန်မာနိုင်ငံအဘို့ တရားမျှတသော စစ်လျော်ကြေး ဆုံးဖြတ်မှုအတွက် တောင်းဆိုချက်ကိုလည်း ထပ်မံစစ်ဆေးရန် သဘောတူပါသည်။

(ခ) (၁) ပြည်ထောင်စု မြန်မာနိုင်ငံမှာ၊ ဤစာချုပ်အတည်ဖြစ်သည့်အခါ၊ မိမိ၏ အာဏာပိုင်နက်အတွင်း ကျရောက်သောဂျပန်နိုင်ငံနှင့် ဂျပန်အမျိုးသားများ (တရားဝင်ပုဂ္ဂိုလ်များ ပါဝင်သည်) ၏ ပစ္စည်း၊ ဆိုင်ရာဆိုင်ခွင့်နှင့် အကျိုးသက်ဆိုင်ခွင့် အားလုံးကိုဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ဖျက်သိမ်းခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း ပြုနိုင် သည့် အခွင့်အရေးရှိရမည်။ ဤစာပိုဒ်ငယ်တွင် သီးခြားဖော်ပြထားသည့် ပစ္စည်း၊ ဆိုင်ရာဆိုင်ခွင့်များနှင့် အကျိုးသက်ဆိုင်ခွင့်များတွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ရန်သူ့ပစ္စည်း၊ အာဏာပိုင်များ လက်အောက်သို့၊ အဆိုပါပစ္စည်း၊ ဆိုင်ရာဆိုင်ခွင့်များနှင့် အကျိုးသက်ဆိုင်ခွင့်များ ကျရောက်သည့်အချိန်၌၊ ဂျပန်နိုင်ငံကသော်လည်းကောင်း၊ ဂျပန် အမျိုးသားများ (တရားဝင်ပုဂ္ဂိုလ်များပါဝင်သည်) ကသော်လည်းကောင်း၊ ပိုင်ဆိုင်၍၊ သို့တည်းမဟုတ် ၎င်းတို့အတွက် လက်ရှိထား၍၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်၍၊ ယခုအခါတွင် အဆိုပါအာဏာပိုင်များ က ပိတ်ပင်ထားသော၊ သို့တည်းမဟုတ် အဆိုပါအာဏာပိုင်များအား အပ်နှင်းထားသော၊ သို့တည်းမဟုတ် အဆိုပါ အာဏာပိုင်များက လက်ရှိထားသော၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်သောပစ္စည်း၊ ဆိုင်ရာဆိုင် ခွင့်များနှင့် အကျိုးသက်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(၂) အောက်ပါတို့ကို၊ အထက်စာပိုဒ်ငယ် (၁)တွင် သီးခြားဖော်ပြထား သည့် အခွင့်အရေးမှ ခြွင်းချန်ရမည်။

(i) ဂျပန်နိုင်ငံ အစိုးရပိုင်ဖြစ်၍၊ သံနှင့်၊ သို့တည်းမဟုတ် ကောင်စစ်ဝန်နှင့် ဆိုင်သောကိစ္စများအတွက် အသုံးပြုသည့် မြေရာအဆောက်အအုံ၊ အိမ်ထောင်ပရိဘောဂနှင့် တပ်ဆင် စိုက်ထူထားသည့်ပစ္စည်းများ၊ ထို့ပြင် ဂျပန်သံနှင့်ကောင်စစ် အမှုထမ်းများပိုင်ဖြစ်၍၊ သံနှင့် ကောင်စစ်ဝန်အလုပ်ဝတ္တရား များကို ဆောင်ရွက်ရန် သာမန်အားဖြင့် လိုအပ်သောအရင်း အနှီးပြုရာပါ ပစ္စည်းမျိုးမဟုတ်သည့် ကိုယ်ပိုင်အိမ်အသုံး အဆောင် ပရိဘောဂများနှင့် အခြားကိုယ်ပိုင် ပစ္စည်းများ။

(ii) သာသနာရေးအဖွဲ့များကသော်လည်းကောင်း၊ ကိုယ်ပိုင်ကုသိုလ် ရေးဒါဖွဲ့အစည်းများကသော်လည်းကောင်း ပိုင်ဆိုင်၍၊ သာသနာရေး၊ သို့တည်းမဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက် အသုံးပြုသည့် ပစ္စည်း။

(iii) ၁၉၄၅ခုနှစ်၊ စက်တင်ဘာလ ၂ရက်နေ့ နောက်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ တစ်ဦးနှင့်တစ်ဦး ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အခြားအရေးကိစ္စများအတွက် ပြန်လည်ဆက်သွယ် ခြင်းကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အာဏာပိုင်နက်အတွင်းသို့ ကျရောက်လာသောပစ္စည်း၊ ဆိုင်ရာ ဆိုင်ခွင့်များနှင့် အကျိုးသက်ဆိုင်ခွင့်များ။

(iv) ဂျပန်နိုင်ငံ၊ သို့တည်းမဟုတ် ဂျပန်နိုင်ငံသားတို့ ပေးရမည့် တာဝန်ရှိသော ငွေကြေးစသည်များ ဂျပန်နိုင်ငံတွင်တည်ရှိ သည့် အထည်ဖြစ်ရှိပစ္စည်း၌ ဆိုင်ရာဆိုင်ခွင့် ပိုင်ဆိုင်ခွင့်၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်ခွင့်၊ ဂျပန်နိုင်ငံတရားဥပဒေများအရ ဖွဲ့စည်းထားသည့် လုပ်ငန်းများတွင် အကျိုးသက်ဆိုင် ခွင့်များ၊ သို့တည်း မဟုတ် ၎င်းတို့နှင့်စပ်လျဉ်းသည့် သက်သေခံ စာရွက်စာတမ်း။ သို့ရာတွင် ဤခြွင်းချက်သည်၊ ဂျပန်နိုင်ငံသုံး ငွေဖြင့်ဖော်ပြထားသည့် ဂျပန်နိုင်ငံနှင့်ဂျပန်နိုင်ငံ သားတို့ ပေးရမည့် တာဝန်ရှိသော ငွေကြေးစသည်များနှင့် သာ

သက်ဆိုင်ရမည်။

(၃) အထက် စာပိုဒ်ငယ် (၂)တွင် ဖော်ပြသည့် ခြွင်းချန်ထားသော ပစ္စည်းများကို ပြန်ပေးရမည်။ သို့ရာတွင် ထိုသို့ပြန်ပေးသည့် ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရသည့်အတွက် အသင့် အတင့် တောင်းဆို သည့်စရိတ်များကို ကျခံရမည်။ အဆိုပါပစ္စည်းကို ဖျက်သိမ်းရောင်းချပြီးဖြစ်လျှင်၊ ရောင်းချရငွေများကို ပစ္စည်းအစား ပြန်ပေးရမည်။

(၄) အထက်စာပိုဒ်ငယ် (၁)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပစ္စည်း ဖမ်းဆီးနိုင်သည့်၊ သို့တည်းမဟုတ် သိမ်းဆည်းထားနိုင်သည့်၊ သို့တည်းမဟုတ် ဖျက်သိမ်းနိုင်သည့်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် စီမံထုခွဲ နိုင်သည့် အခွင့်အရေးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများနှင့်အညီ သုံးစွဲရမည်။ ပစ္စည်းရှင်သည်၊ ထိုတရား ဥပဒေများဖြင့် မိမိအားပေးထား သော အခွင့်အရေးများကိုသာ ရရှိရမည်။

၂။ ။ ဤစာချုပ်တွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ စစ်တိုက်ခိုက်နေစဉ် အတွင်း ကျပန်နိုင်ငံနှင့် ကျပန်နိုင်ငံသားတို့ဆောင်ရွက်သည့် အရေးကိစ္စများမှ ဖြစ်ပေါ်လာသော ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံသား တို့၏ တောင်းဆိုခွင့်အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံက စွန့်လွှတ်ပါသည်။

အပိုဒ် ၆

ကျပန်နိုင်ငံတွင်၊ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ၊ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ထိ ကာလအတွင်း မည်သည့်အခါ၌မဆို တည်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားတို့ပိုင် အထည်ဖြပ်ရှိပစ္စည်းနှင့် အထည်ဖြပ်မရှိပစ္စည်းများကိုလည်းကောင်း၊ ကျပန်နိုင်ငံတွင် ဆိုင်ရာဆိုင်ခွင့်အမျိုးမျိုး၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်ခွင့် အမျိုးမျိုးကို လည်းကောင်း၊ ဤစာချုပ်အတည်ဖြစ်သည့်နေ့ရက်မှ ကိုးလအတွင်းတောင်းဆိုလျှင် ထိုပစ္စည်း၊ ထိုဆိုင်ရာဆိုင်ခွင့်၊ သို့တည်းမဟုတ် ထိုအကျိုးသက်ဆိုင်ခွင့်များကို ပစ္စည်းရှင်က ခြိမ်းခြောက်ခြင်း၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားခြင်းမခံရဘဲ၊ မိမိအလိုအလျောက် လွတ်လပ်စွာ

ထုခွဲရောင်းချပြီး မဟုတ်လျှင်၊ ထိုသို့တောင်းဆိုသည့်နေ့ရက်မှခြောက်လအတွင်း ကျပန်နိုင်ငံက ပြန်ပေးရမည်။

အဆိုပါပစ္စည်းကို ပြန်ပေးသည့်အခါ၊ စစ်ကြောင်တုင်ရှိသည့် ကြွေးမြီတာဝန် ကုန်ကျစရိတ်အားလုံးမှ လွတ်ကင်းစေရမည်။ ပစ္စည်းပြန်ပေးရသည့်အတွက် ကုန်ကျစရိတ်ကိုလည်း တောင်းဆိုခြင်းမပြုရ။

သတ်မှတ်ထားသည့်အချိန်တွင် ပစ္စည်းရှင်ကသော်လည်းကောင်း၊ ပစ္စည်းရှင်အတွက် သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကသော်လည်းကောင်း၊ ပြန်ပေးရန် တောင်းဆိုခြင်း မရှိသည့်ပစ္စည်းကို၊ ကျပန်နိုင်ငံအစိုးရက မိမိသဘောအတိုင်း ထုခွဲရောင်းချနိုင်သည်။

ကျပန်နိုင်ငံ၌ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အဆိုပါပစ္စည်းတစ်ရပ်ရပ် ရှိ၍ စစ်ကြောင့်ပြန်မပို့နိုင်လျှင်၊ သို့တည်းမဟုတ် ချွတ်ယွင်းပျက်စီးသွားလျှင်၊ လျော်ကြေးကို ကျပန်နိုင်ငံဆိုင်ရာ မဟာမိတ်နိုင်ငံများ ပစ္စည်းလျော်ကြေးပေးရေးဥပဒေ (၁၉၅၁ ခုနှစ်၊ ဥပဒေ အမှတ် ၂၆၄) ဘွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များထက် မယုတ်သော စည်းကမ်းချက်များအရ ပေးရမည်။

အပိုဒ် ၇

၁ ။ ။ ဤစာချုပ်ချုပ်ဆိုသည့်နိုင်ငံတို့သည်၊ စစ်ဖြစ်လျှက်ရှိသည့် အခြေအနေသို့ မရောက်မီက တည်ရှိသောတာဝန်များနှင့် ပဋိညာဉ်စာချုပ်များ (ခံဝန်ချုပ်များနှင့် စပ်ဆိုင်သည့် တာဝန်များနှင့် ပဋိညာဉ်စာချုပ်များပါဝင်သည်) မှလည်းကောင်း၊ စစ်ဖြစ်လျှက်ရှိသည့်အခြေအနေသို့ မရောက်မီကရရှိသည့် ဆိုင်ရာဆိုင်ခွင့်များမှလည်းကောင်း၊ ဖြစ်ပေါ်လာသောငွေကြေးနှင့် စပ်လျဉ်းသည့် ကြွေးမြီများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက၊သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံသားတို့က၊ ကျပန်နိုင်ငံအစိုးရအား၊ သို့တည်းမဟုတ် ကျပန်နိုင်ငံ၏ နိုင်ငံသားတို့အားသော်လည်းကောင်း၊ ကျပန်နိုင်ငံ အစိုးရက၊ သို့တည်းမဟုတ်ကျပန်နိုင်ငံ၏နိုင်ငံသားတို့က ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအား၊ သို့တည်းမဟုတ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားတို့အားသော်လည်းကောင်း ပေးရန်ရှိလျှင်၊ ထိုပေးရန်ရှိသော ကြွေးမြီများပေးဆပ်ရမည့်တာဝန်ကို စစ်ဖြစ်လျှက်ရှိသည့်အခြေအနေသို့ ဆိုက်ရောက်ခြင်းကြောင့် ထိခိုက်ခြင်းမရှိကြောင်း၊ ထို့ပြင် စစ်ဖြစ်လျှက်ရှိသည့်အခြေအနေသို့ မရောက်မီက ဖြစ်ပွားသော ပစ္စည်းဆုံးရှုံးမှု၊ သို့တည်းမဟုတ် ပစ္စည်းပျက်ယွင်းမှုအတွက်ဖြစ်စေ၊ လူဒဏ်ရာရမှု သို့တည်းမဟုတ် လူသေဆုံးမှုအတွက်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက၊ ကျပန် နိုင်ငံအစိုးရထံမှသော်လည်းကောင်း၊ ကျပန်နိုင်ငံအစိုးရက

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရထံမှသော်လည်းကောင်း၊ လျော်ကြေး တောင်းဆိုလျှင်၊ သို့တည်း မဟုတ် ထပ်မံတောင်းဆိုလျှင်၊ ထိုတောင်းဆိုချက်များနှင့် စပ်လျဉ်း၍၊ ထိုက်လျော်ရာ အကျိုးအပြစ် အလျောက် စဉ်းစားဆင်ခြင်ရမည့်တာဝန်ကိုလည်း၊ စစ်ဖြစ်လျှက်ရှိသည့် အခြေအနေသို့ ဆိုက် ရောက်ခြင်းကြောင့် ထိခိုက်ခြင်းမရှိကြောင်း အသိအမှတ်ပြုပါသည်။

၂ ။ ။ စစ်မဖြစ်မီ ဂျပန်နိုင်ငံက တင်ရှိသည့်ပြည်ပကြွေးမြီနှင့် ဂျပန်နိုင်ငံ၏တာဝန်ဖြစ် ကြောင်းဖြင့် နောက်ထပ်ကြေညာသည့်၊ တရားဝင်အဖွဲ့များ၏ ကြွေးမြီများအတွက်၊ ဂျပန်နိုင်ငံက တာဝန်ယူကြောင်းကို ဝန်ခံသည့်ပြင်၊ ထိုကြွေးမြီများပေးဆပ်ရေးကိစ္စ ပြန်လည်ပြုလုပ်မှုနှင့် စပ်လျဉ်း၍၊ မြီရှင်များနှင့် အဆောတလျင်စေ့စပ်ရန် ရည်ရွယ်ကြောင်းကိုလည်း အတိအလင်း ထုတ်ဖော် ပြောဆိုပါသည်။

၃ ။ ။ ဤစာချုပ်ချုပ်ဆိုသည့်နိုင်ငံတို့သည်၊ စစ်မဖြစ်မီက တောင်းဆိုသည့် အခြား အခွင့် အရေးများနှင့်လည်းကောင်း၊ ပေးရန်တာဝန်ရှိသည့် ငွေကြေးစသည်များနှင့် လည်းကောင်း၊ စပ်လျဉ်းသည့် စေ့စပ်မှုကို အားပေးလိုသည့်ပြင်၊ ထိုသို့အားပေးလိုသည့်အတိုင်း၊ ငွေကြေးလွှဲပြောင်းမှု လွယ်ကူစေရန်ကိုလည်း ဆောင်ရွက်ပါမည်။

အပိုဒ် ၈

၁ ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားတို့အပေါ် တွင်၊ စစ်ကိုသော်လည်းကောင်း၊ စစ်ဖြစ်လျှက်ရှိသည့်အခြေအနေကြောင့် ဆောင်ရွက်သည့်အရေးကိစ္စ များကို သော်လည်းကောင်း၊ အကြောင်းပြုလျှက်၊ ဂျပန်နိုင်ငံနှင့် ဂျပန်နိုင်ငံ၏နိုင်ငံသားတို့၏ တောင်းဆိုခွင့် အားလုံးကို ဂျပန်နိုင်ငံက စွန့်လွှတ်ပါသည်။

၂ ။ ။ အထက်ပါစွန့်လွှတ်ချက်တွင်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ဤ စာချုပ် အတည်ဖြစ်သည့်နေ့ရက်အထိ ဂျပန်သဘော်ဘများနှင့် စပ်လျဉ်း၍၊ မြန်မာနိုင်ငံက၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံက ဆောင်ရွက်သည့်အရေးကိစ္စများမှ ဖြစ်ပေါ်လာသော၊ တောင်းဆိုခွင့်များ ရှိလျှင်၊ ထိုတောင်းဆိုခွင့်များပါဝင်သည့်ပြင်၊ မြန်မာနိုင်ငံ၊ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွင်းရှိ ဂျပန်စစ်သုံပန်းများ၊ စစ်သားမဟုတ်သော ဂျပန်အကျဉ်း သားများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် တောင်းဆိုခွင့်များနှင့် ကြွေးမြီများရှိလျှင် ထိုတောင်းဆိုခွင့်များနှင့် ကြွေးမြီများလည်း ပါဝင်သည်။ သို့ရာတွင် ၁၉၄၅ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှစ၍ ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ တရားဥပဒေများတွင် သီးခြားအသိအမှတ်ပြုထားသည့် ဂျပန် တောင်းဆိုခွင့်များ မပါဝင်ချေ။

၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]
(၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၉-က တွင် —

(က) " အမှုဆောင်ကော်မတီ" ဆိုသည့်စကားရပ်ကို ဘေးမှတ်ချက်အဖြစ် ထည့်သွင်းရမည်။ ထို့ပြင်

(ခ) "မိမိတို့အထဲမှ အမှုဆောင်ကော်မတီအဖွဲ့ဝင် အနည်းဆုံး ၅ ဦး" ဆိုသည့် စကားရပ်အစား၊ "မိမိတို့အထဲမှ အဖွဲ့ဝင် အနည်းဆုံး ၅ ဦး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

◆ ◆ ◆ ◆ ◆

---

* ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ထုတ်ပြန်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်၊ စာမျက်နှာ-၁၅၀၃။

- ဤအက်ဥပဒေသည် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ပြည်နယ်များမှအပ နိုင်ငံတော်ရှိ ကျန်နယ်မြေများအားလုံးတွင် စတင်အာဏာတည်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ (၂၇-၁၀-၅၅) ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၄၂၈။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ- ၁၈၂၃။

THE CITY OF YANGON MUNICIPAL (AMENDMENT) ACT, 1955.*

[Act No. XLI OF 1955.]
(The 30th September 1955)

It is hereby enacted as follows : —

1. This Act may be called the City of Yangon Municipal (Amendment) Act, 1955.

2. In section 50 of the City of Yangon Municipal Act; hereinafter referred to as the said Act, *for* clause (a) the following *shall be substituted;* namely:-

"(a) by payment from a sinking fund or a consolidated sinking fund established under section 51 in respect of the loan or of all the loans, or"

3. In section 51 of the said Act–

(i) *for* the period (.) at the end of the proviso thereto, a colon (:) *shall be substituted*; and

(ii) the following *shall be inserted* as second proviso, namely:–

"Provided further that the Corporation may, with the prior approval of the President of the Union, establish a consolidated sinking fund for all the loans instead of establishing a sinking fund for each loan."

◆ ◆ ◆ ◆ ◆

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ - ခုနှစ်၊ အောက်တိုဘာလ - ၁၅ ရက်၊ စာမျက်နှာ - ၁၅၅၁။

THE MYANMAR EXCISE (AMENDMENT) ACT, 1955.*

[Act No. XLIII OF 1955.]
(The 30th September 1955)

It is hereby enacted as follows : —

1. (1) This Act may be called the Myanmar Excise (Amendment) Act, 1955.

(2) It shall come into force on the second day of September, 1955.

2. In section 2 of the Myanmar Excise Act, hereinafter referred to as "the said Act,"—

(a) in clause (f), *after* the words "under this Act" the words "and includes excisable goods" *shall be inserted*; and

(b) *after* clause (f) the following *shall be inserted* as clause (ff) namely:—

"(ff) 'excisable goods' mean the goods specified in Schedule II as being subject to duties of excise:"

3. *After* section 25 of the said Act the following *shall be inserted* as sections 25_A and 25_B, namely:—

"25_A (1) There shall be levied and collected in such manner as may be prescribed duties of excise on all excisable goods which are produced or manufactured for sale in the Union of Myanmar as, and at the rates, set forth in Schedule II.

(2) The President of the Union may by notification fix, for the purpose of levying the said duties tariff values of any excisable goods enumerated, either specifically or under general headings, in Schedule II as chargeable with duty *ad ralorem* and may alter any tariff values for the time being in force.

(3) Different tariff values may be fixed for different classes or descriptions of the same excisable goods.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်၊ စာမျက်နှာ - ၁၅၀၉။

25B. Where under this Act any excisable goods are chargeable with duty at a rate dependent on their value, such value shall be deemed to be the wholesale cash-price for which goods of the like kind and quality are sold or are capable of being sold for delivery at the place of manufacture and at the time of their removal therefrom, without any abatement or deduction whatever except trade discount and the amount of duty then payable."

4. The present Schedule to the said Act shall be *renumbered* as Schedule I, and *thereafter* the following *shall be inserted* as Schedule II, namely:—

SCHEDULE II.

Item No.	Description of goods subject to duties of excise.	Rate of duty.
1.	Aerated waters— " Aerated water" includes any non-alcoholic carbonated drinks, whether the drinks contain fruit acids, juices, flavours, essences or not, soda- fountain and syphon. waters, in bottle or otherwise.	Twenty-five per-cent, *ad valorem.*
2.	Syrups— "Syrup" includes any non-carbonated fruit juice, in bottle or otherwise and with or without sugar.	Twenty-five per-cent, *ad valorem.*

THE POLICE (AMENDMENT) ACT, 1955.[1]

[Act No. XLV OF 1955.]
(The 6th October 1955)

It is hereby enacted as follows :—

1. (1) This Act may be called the Police (Amendment) Act, 1955.

(2) It shall come into force on such date[2] as the President of the Union may, by notification, direct.

2. *For* section 39 of the Police Act, 1945, hereinafter referred to as the said Act the following *shall be substituted*, namely:—

"39. Save as provided by any other law for the time being in force, no person shall, without a licence issued by the District Superintendent of Police or otherwise than in accordance with such conditions as may from time to time be imposed by him, use or operate or permit to be used or operated any loudspeaker or sound amplifier."

Unlicensed use of loudspeaker or sound amplifier.

3. *For* section 49 of the said Act the following *shall be substituted*, namely:—

"49 (1) Whoever uses or operates, or permits to be used or operated, any loudspeaker or sound amplifier, in contravention of the provisions of section 39, shall be punishable with fine not exceeding two hundred kyats, or with imprisonment not exceeding fifteen days, or with both.

Penalty for contravention of section 39.

(2) Notwithstanding anything contained in the Code of Criminal Procedure an offence under this section shall be cognizable by the Police."

◆ ◆ ◆ ◆ ◆

---

1. မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ - (၁၅) ရက်၊ စာမျက်နှာ ၁၅၅။
2. ဤအက်ဥပဒေသည် ၁၉၅၆ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် စတင်အာဏာတည်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၁၀) ရက်၊ စာမျက်နှာ - ၄၁၁။

THE YANGON POLICE (AMENDMENT) ACT, 1955.*

[Act No. XLVI OF 1955.]
(The 6th October 1955)

It is hereby enacted as follows : —

1. (1) This Act may be called the Yangon Police (Amendment) Act, 1955.

(2) It shall come into force on such date as the President of the Union may, by notification, direct.

2. *For* section 41A of the Yangon Police Act the following *shall be substituted*, namely:—

Punishment for unlicensed use of loudspeaker or sound amplifier.

"41A(1) Save as provided by any other law for the time being in force, whoever, without a licence issued by the Commissioner of Police or otherwise than in accordance with such conditions as may from time to time be imposed by him, uses or operates or permits to be used or operated any loud-speaker or sound amplifier shall be liable to a fine which shall not exceed two hundred kyats or to imprisonment not exceeding fifteen days,or to both.

(2) Notwithstanding anything contained in the Code of Criminal Procedure an offence under this section shall be cognizable by the Police."

◆ ◆ ◆ ◆ ◆

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်၊ စာမျက်နှာ - ၁၆၀၁။

၁၉၅၅ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ် ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]
(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၂ တွင်၊ အပိုဒ် (၁) အစား၊ အောက်ပါအပိုဒ်ကို ထည့်သွင်းရမည် —

"(၁) 'စူရတီဘာရားဘဇား (သိမ်ကြီးဈေး)' ဆိုသည့် စကားရပ်တွင် ဤအက်ဥပဒေ၏ ဇယား၌ ဖော်ပြထားသော နယ်နိမိတ်အတွင်းရှိ မြေရာနှင့် အဆောက်အဦအားလုံးပါဝင်သည်။ သို့ရာတွင် အဆိုပါနယ်နိမိတ်အတွင်းရှိ ဘာသာသာသနာရေးဆိုင်ရာမြေများနှင့် အဆောက်အဦများ မပါဝင်ချေ"

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် —

(က) အပိုဒ် (က) ၌ "ကုမ္ပဏီထံမှ" ဆိုသည့် စကားရပ်အစား၊ "ဤအက်ဥပဒေအရ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) အပိုဒ် (ခ) ၌ "ကုမ္ပဏီ" ဆိုသည့် စကားရပ်ပါရှိသည့်နေရာတိုင်း၌ "ပစ္စည်းပိုင်ရှင်များ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၅ နှင့် ၇ တွင် "ကုမ္ပဏီ" ဆိုသည့် စကားရပ်အစား၊ "ပစ္စည်းပိုင်ရှင်များ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

*၁။ မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း – ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်။ ၈၊ ၂၂၂ ၊ ၁၅၅၃။

၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် -

(က) "ဤအက်ဥပဒေ၏ဇယားတွင် ဖော်ပြထားသော ရန်ကုန်မြို့ရှိ စူရတီ ဘာရားဘဇား (သိမ်ကြီးစေ့း) ဟု ခေါ်တွင်သည့် မြေရာ အဆောက် အဦ စသည်တို့နှင့် ကုမ္ပဏီပိုင် အခြား" ဆိုသည့် စကားရပ်အစား၊ "စူရတီဘာရားဘဇား (သိမ်ကြီးစေ့း)" ဆိုသည့် စကားရပ်ကို ထည့်သွင်း ရမည်။

(ခ) "ကုမ္ပဏီထဲမှ" ဆိုသည့် စကားရပ်အစား "ပစ္စည်းပိုင်ရှင်များထဲမှ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ဂ) "နှင့်အခြား" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ ။ အဆိုပါအက်ဥပဒေ၏ဇယားအစား၊ အောက်ပါဇယားကို ထည့်သွင်းရမည်—

"ဇယား

နယ်နိမိတ်

အရှေ့ ။ ။ ကုန်စေ့းတန်း (ဖရေဇာလမ်းနှင့် ဒါလဟိုဇီလမ်းစပ်ကြား)

အနောက် ။ ။ ၂၄ လမ်း [ကျဲးကြီးလမ်းမှ သစ်သီးစေ့း (ခေါ်) သိမ်ကြီးစေ့း 'အီ' ရုံ အနောက်တောင်ထောင့်အစွန်းအထိ]။

တောင် ။ ။ ဒါလဟိုဇီလမ်း (ကုန်စေ့းတန်းမှ တရုပ်တန်းအထိ) တရုပ်တန်းလမ်း [ဒါလဟိုဇီလမ်းမှ သစ်သီးစေ့း (ခေါ်) သိမ်ကြီးစေ့း 'အီ' ရုံ၏ အရှေ့တောင်ထောင့်အစွန်းအထိ]၊ သစ်သီးစေ့း၏ အရှေ့တောင် ထောင့်အစွန်းမှ အနောက်တောင်ထောင့်အစွန်းအထိ။

မြောက် ။ ။ ဖရေဇာလမ်း (၂၄ လမ်းနှင့် ကုန်စေ့းတန်းစပ်ကြား)။"

◆ ◆ ◆ ◆ ◆

၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။]
(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ၏ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၅) တွင် "ဥက္ကဋ္ဌအား" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရ မည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၈၊ အပိုဒ် (၈) တွင် "ဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့် စကားရပ် အစား "ဥက္ကဋ္ဌအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့် စကား ရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၂၄ ၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က) တွင် "အိမ်" ဆိုသည့် စကား ရပ်အစား "အိမ်နှင့်စျေး" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၂၇ နောက်တွင် အောက်ပါကို၊ ပုဒ်မ ၂၇-က အဖြစ် ထည့်သွင်းရမည်။

"၂၇-က ။ ။ (၁) ဤအက်ဥပဒေအရ၊ အဖွဲ့က တောင်းခံရန်ကျန်ရှိသော အခွန်၊ အခ၊ သို့တည်းမဟုတ် အခြားမပြေကျန်ငွေများကို၊ မြေခွန်တော် မပြေ ကျန်ငွေကဲ့သို့ အရတောင်းဆိုနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည် ထိုမပြေကျန်ငွေများကို၊ မည်သည့်အရာရှိ၏ လျှောက်လွှာ အရလည်းကောင်း၊ အမိန့်အရလည်းကောင်း၊ တောင်းဆိုနိုင်ရမည်ဟု အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

(၃) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုမှုက်ကို ကြိုတင်ရယူပြီးနောက်၊ အဆိုပါ အခွန်၊ အခ၊ သို့တည်းမဟုတ် ကျန်ငွေကိုဖြစ်စေ၊ ၎င်းကို ကောက်ခံရာ၌

---

* မြန်မာနိုင်ငံ ပြန်တမ်း အပိုင်း . . ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ ၁၅၅၄။

ကုန်ကျသည့်စရိတ်ငွေကိုဖြစ်စေ၊ သင့်တော်သည်ဟု ထင်မြင်ယူဆလျှင်၊ လျော့ပေါ့နိုင်သည် သို့တည်းမဟုတ် လျှော်ပစ်နိုင်သည်။"

၆။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၂၉၊ အပိုဒ် (ခ) တွင် "ဥက္ကဋ္ဌအား သို့တည်းမဟုတ်" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌအား၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌအား၊ သို့တည်းမဟုတ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၃၇ နောက်တွင် အောက်ပါကို၊ ပုဒ်မ ၃၇-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၃၇-က။ ။ ပုဒ်မ ၃၇ တွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေစီမံရာထား ပြီးသည့်နောက် သတ်မှတ်ရမည့် အဖွဲ့၏အသားတင် ဒါမြတ်ငွေကို၊ အခါအားလျော်စွာ အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍၊ နိုင်ငံတော်သမ္မတက ဆုံးဖြတ်သည့်နည်းလမ်းအတိုင်းသုံးစွဲရမည်။"

(၁) သားတင်အမြတ်ငွေကို သုံးစွဲခြင်း။

၈။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄၀ ခြွင်းချက်အဆုံးတွင် အောက်ပါကို ထည့်သွင်းရမည်။

"ထိုသို့အဖွဲ့ကိုဖြစ်စေ၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုရာတွင် အဖွဲ့ကိုသော်လည်းကောင်း၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ နှစ်လကြို့တင်၍ စာဖြင့် အကြောင်းမကြားဘဲမစွဲဆိုရ။ အကြောင်းကြားစာကို အဖွဲ့၏ရုံးသို့သော်လည်းကောင်း၊ ဆိုခဲ့သည့် ပုဂ္ဂိုလ်၏ရုံး၊ သို့တည်းမဟုတ် နေအိမ်သို့သော်လည်းကောင်း၊ ပေးပို့ရမည့်ပြင်၊ အဆိုပါ အကြောင်းကြားစာတွင် အချင်းဖြစ်အကြောင်းအရာ၊ တရားလို၏ အမည်၊ နေရပ်နှင့်ရလိုသည့် သက်သာခွင့် ကိုဖော်ပြရမည်။ ယင်းသို့ စာဖြင့်အကြောင်းကြားပြီးကြောင်းကို အဆိုလွှာတွင် ဖော်ပြရမည်။"

◆ ◆ ◆ ◆ ◆

THE TRADE DISPUTES (AMENDMENT) ACT, 1955.[1]

[Act No. XLIX OF 1955.]

(The 7th October 1955)

It is hereby enacted as follows : —

1. *(1)* This Act may be called the Trade Disputes (Amendment) Act, 1955.

(2) It shall come into force on such date[2] as the President may, by notification, appoint in that behalf.

2. Section 14B of the Trade Disputes Act, hereinafter referred to as the said Act, *shall be renumbered* as sub-section *(1)* of section 14B and after sub-section *(1)* as so renumbered, the following *shall be inserted* as sub-section *(2)* namely:–

"(2) Whoever contravenes the provisions of sub-section *(1)* shall be punishable with simple imprisonment which may extend to three months, or with fine which may extend to two hundred kyats, or with both:

Provided that where the employer, committing an offence under this sub-section is a corporation, company or other association of persons, any secretary, director, or other officer or person concerned with the management thereof shall be deemed to have committed the offence unless he proves that the offence was committed without his knowledge or consent."

3. *For* section 14C of the said Act, the following *shall be substituted* as section 14C namely:—

---

1. မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၅၅။

2. ဤအက်ဥပဒေသည် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် စတင်အာဏာတည်သည်။ အလုပ်သမား ဝန်ကြီးဌာန၏ ၂-၁၁-၅၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၆၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ- ၁၈၂၃။

"14C. During the pendency of conciliation proceedings before a Board or a Conciliation Officer, or of proceedings before an Industrial Court, no employer shall discharge, retrench or dismiss any workman involved in the dispute under reference except for reasons unconnected with such dispute, and then, only with the permission of the Board, Industrial Court, or Conciliation Officer, as the case may be, before whom the proceedings are pending. Anything done or any action taken by the employer contrary to the provisions of this section shall be illegal and he shall be punishable with simple imprisonment which may extend to three months, or with fine which may extend to two hundred kyats, or with both:

Provided that where the employer, committing an offence under this section is a corporation, company or other association of persons, any secretary, director, or other officer or person concerned with the management thereof shall bè deemed to have committed the offence unless he proves that the offence was committed without his knowledge or consent."

◆ ◆ ◆ ◆ ◆

၁၉၅၅ ခုနှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။)

(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၃၂ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ လူမှုဖူလုံရေး(ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံ ရေး အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) တွင် "အာဏာတည်ရမည့်အပြင်" ဆိုသည့်စကားရပ်နောက်၌ "ပုဒ်မများကိုသော်လည်းကောင်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂ တွင် အပိုဒ် (ဂ) အစား၊ အောက်ပါအပိုဒ်ကို ထည့်သွင်းရမည်။

"(ဂ) 'အာမခံထားသူ' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ အာမခံထားရမည့်တာဝန်ရှိသည့် အလုပ်သမားကိုဆိုလိုသည်။"

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၅ နောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၅-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၅-က ။ ။ (၁) ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် အလုပ်ဌာနတွင် အလုပ်သင်သူများ၊ သို့တည်းမဟုတ် ပညာသင်သူများသည် အခကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဤအက်ဥပဒေအရ အာမခံထားရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် အခကြေးငွေ မရသူများသည် စည်းမျဉ်းဥပဒေများပါစည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များတွင်ခွင့်ပြုထားသော အကျိုးခံစားခွင့်များကို ခံစားနိုင်ရမည်"

၅။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၇ (၂)(ဇ)(က) တွင် "ခေတ္တမသန်စွမ်းမှု" ဆိုသည့် စကားရပ်အစား၊ "ယာယီမသန်စွမ်းမှု" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။ အောက်ပါပြဋ္ဌာန်းချက်များကို အဆိုပါအက်ဥပဒေပုဒ်မ ၁၂ ၏ ခြွင်းချက်အဖြစ် ဖြင့် ထည့်သွင်းရမည်။

---

* မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်၊ စာမျက်နှာ - ၁၆၀၂။

"သို့ရာတွင် စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အထူးအရေးကြီးသော ကိစ္စများတွင် အာမခံထားသူများ ဆေးကုမှုအတွက် ကုန်ကျသောစရိတ်များကို၊ လိုအပ်သော ဆေးကုမှုဖြစ်၍ ထိုက်သင့်သည့် စရိတ်ဖြစ်ကြောင်းကိုလည်းကောင်း၊ ခိုင်လုံသော ထောက်ခံချက်ရရှိသည့် စရိတ်ဖြစ်ကြောင်းကိုလည်းကောင်း ဖော်ပြနိုင်လျှင်၊ စည်းမျဉ်း ဥပဒေများပါ ကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ အဖွဲ့က ၎င်းတို့အား ပြန်ပေးနိုင်သည်။"

၇။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၂၀ တွင် "ပြုမူကြောင့်" ဆိုသည့် စကားရပ်အစား၊ "မိမိ၏ ပြုမူကြောင့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၂၅ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၂၅-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၂၅-က။ ။ ဤအက်ဥပဒေနှင့်သက်ဆိုင်သော အလုပ်ရှင်သည် လစာပြည့်နှင့် မီးဖွားခွင့် ရက်ဆိုင်ရာ ဝါဏိဇ္ဇပဋိပက္ခ ခုံရုံး၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရန် တာဝန်မှကင်းလွတ်စေရမည်"

၉။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (၁) တွင်၊ "အာမခံထားသူမှာ" ဆိုသည့် စကားရပ်နောက်၌ "မမာမကျန်းမှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်၊ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် တစ်ခုခုရှိ၍" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၃၄ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "ဆေးကုမှုပြီးဆုံး" ဆိုသည့် စကားရပ်အစား၊ "အလုပ်လုပ်နိုင်" ဆိုသည့် စကားရပ်ကို ထည့်သွင်း၍၊ "ဆေးကုလျှက်" ဆိုသည့် စကားရပ်အစား "အလုပ်မလုပ်နိုင်လျက်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) နောက်၌ အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (၃) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၃) ဒါဏ်ရာရမှုကြောင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အာမခံထားသူရရှိနေစဉ်၊ ထိုမသန်စွမ်းမှုမှာ အမြဲတမ်း မသန်စွမ်းမှု ဖြစ်လိမ့်မည်ဟု ရက်သတ္တ ၅၂ ပတ် မကုန်ဆုံးမီ ကြိုတင်မှန်းဆနိုင်၍ ဆေးကုမှုကို ရပ်စဲလိုက်လျှင်၊ ထိုသူ၏ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို၊ ရက်သတ္တ ၅၂ ပတ်မပြည့်သေးမီ အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်အဖြစ်သို့ ပြောင်းလဲနိုင်သည်။"

၁၁။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၅ တွင် "၁၅" ဆိုသည့် ဂဏန်းနောက်တွင် "၁၆(၂) နှင့် (၃)" ဆိုသည့် ဂဏန်းများကို ထည့်သွင်းရမည်။

၁၂။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၅၄ တွင် "အလုပ်သမားအား၊ မမာမကျန်းမှုကြောင့် ဖြစ်စေ၊ မီးဖွားမှုကြောင့်ဖြစ်စေ၊ အလုပ်တွင် ဒါဏ်ရာရမှုကြောင့်ဖြစ်စေ၊ အလုပ်မလုပ်နိုင်သည့်အတွက်" ဆိုသည့်စကားရပ်အစား "အာမခံထားသူ၏ ဆေးကုမှုအတွက်" ဆိုသည့်စကားရပ်ကို ထည့်သွင်း၍ "ထိုစရိတ်ကို ဆိုင်ရာအလုပ်သမား ရထိုက်ခွင့်ရှိသည့် အကျိုးခံစားခွင့်များထက် မပိုစေဘဲ"၊ ဆိုသည့် စကားရပ်အစား "ထိုစရိတ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၅၇ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "၆ လ" ဆိုသည့် စကားရပ်အစား "၁၂ လ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၃) ၌ "ထောက်ပံ့ကြေးပေးနိုင်သည်။" ဆိုသည့် စကားရပ်နောက်တွင် "သို့တည်းမဟုတ် သဘောတူစာချုပ်များအရ ၎င်းတို့ကို သက်ဆိုင်ရာ အလုပ်ရှင်၏ အလုပ်သမားများအပြင် အခြားအာမခံထားသူများအတွက်လည်း ဆောင်ရွက်ပေးလျှင်၊ ၎င်းတို့အတွက် ကုန်ကျစရိတ်အားလုံးကို ကျခံရန် လုံးဝတာဝန်ယူနိုင်သည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၇၅ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၇၅-က အဖြစ်ဖြင့်ထည့်သွင်းရမည်။

"၇၅-က ။ ။ (၁) အရပ်ရပ် အာမခံစံနစ်အတွက် ထည့်ဝင်ကြေးကို ပုဒ်မခွဲ (၂) တွင် သီးခြားဖော်ပြထားသော ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရ၏ ခေတ္တထောက်ပံ့ငွေဖြင့် ဖြည့်စွက်ရမည်။

(၂) ဤအက်ဥပဒေအရ ဆေးကုမှု စီမံထားရှိရန်အတွက် လိုအပ်သော လူမှုဖူလုံရေးဆေးပေးရုံများ၊ ဆေးကုမှုဆိုင်ရာ အခြားအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ၎င်းတို့တွင် ဆေးကုမှုဆိုင်ရာ အသုံးအဆောင်များ ထားရှိခြင်းတို့အတွက် ပြည်ထောင်စု အစိုးရ၏ ခေတ္တထောက်ပံ့ငွေကို သုံးစွဲရမည်။

(၃) ဤအက်ဥပဒေနှင့် သက်ဆိုင်သောဒေသများရှိ အာမခံထားသူများအတွက် ဆေးကုမှု စီမံထားရှိရန်၊ ဆေးကုမှုဆိုင်ရာအသုံးအဆောင်များ စုံလင်စွာ ထားရှိသော ဆေးပေးရုံ များကို၊ ၎င်းတို့အတွက် အထူးဆောက်လုပ်ထားသည့် အဆောက်အဦများတွင် အဖွဲ့က လိုအပ်သည် ထင်မြင်သည့် အရေအတွက်အထိ ဖွင့်လှစ်ထားရှိနိုင်အောင် ပြည်ထောင်စုအစိုးရ၏ ခေတ္တထောက်ပံ့ငွေကို

အခါအားလျော်စွာ သတ်မှတ်ရမည်။

(၄) ပြည်ထောင်စုအစိုးရ၏ ခေတ္တထောက်ပံ့ငွေကို ဘဏ္ဍာတော်နှစ်အစောအောက်တိုဘာလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ထိုနှစ်အတွင်း ဇူလိုင်လ ၁ ရက်နေ့တွင် တစ်ကြိမ် ညီတူညီမျှ နှစ်ရစ်ခွဲ၍ အဖွဲ့အားပေးရမည်။"

၁၅။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (၂) တွင် "လောလောဆယ် အသုံးမလိုသည့်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ "နိုင်ငံတော်ဘဏ်တွင်" ဆိုသည့်စကားရပ်နောက်၌ "သို့တည်းမဟုတ် နိုင်ငံတော်၏ အခြားဘဏ်တစ်ခုခုတွင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၆။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၉၆ နောက်တွဲင် အောက်ပါပုဒ်မကို ပုဒ်မ ၉၆-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၉၆-က။ ။ ဤအက်ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသော အငြင်းပွားမှုများ၌ အဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်များကို မကျေနပ်သည့် အလုပ်ရှင်များသည် နိုင်ငံတော်သမ္မတ ထံအယူခံဝင်နိုင်သည်။"

၁၇။ ။ အဆိုပါ အက်ဥပဒေ၏ ရှိရင်းပုဒ်မ ၁၀၀ ကို ပုဒ်မ ၁၀၀ ၏ ပုဒ်မခွဲ(၁) အဖြစ်ဖြင့် ပြန်လည်အမှတ်စဉ်၍ အောက်ပါပြဋ္ဌာန်းချက်များကို ထိုပုဒ်မ၏ ပုဒ်မခွဲ (၂) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသော သက်သေခံလက်မှတ်များကို၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားများကို အစိုးရခန့်ထားသည့် အာဏာပိုင်များကလည်း ကောင်း၊ မြို့နိုစီပါယ်နှင့် အခြားဒေသန္တရ အာဏာပိုင်များကလည်းကောင်း အခမဲ့ပေးရမည်။"

၁၈။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၁၀၂ အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၀၂ ။ ။ နိုင်ငံတော်သမ္မတသည် မည်သည့်လူအမျိုးအစားကိုမဆို အာမခံစံနစ်မှကင်း လွတ်စေနိုင်သည်။"

၁၉။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၁၀၃ ကို ပယ်ဖျက်ရမည်။

၂၀။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၁၀၄၊ ၁၀၅ နှင့် ၁၀၆ တို့ကို ပုဒ်မ ၁၀၃၊ ၁၀၄ နှင့် ၁၀၅ အဖြစ်ဖြင့် ပြန်လည်အမှတ်စဉ်ရမည်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ။*

(၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။)
(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည် ၁။ ။ ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ဟုခေါ်ရမည်။

အဓိပ္ပာယ်ဖော်ပြချက်။ ၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "အခွင့်ရအာဏာပိုင်" ဆိုသည်မှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်ဒေသအတွက် ဤ အက်ဥပဒေအရ အာဏာပိုင်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အာဏာအပ်နှင်းထားသူကို ဆိုလိုသည်။

(ခ) "အစိုးရအိမ်ဥပစာ" ဆိုသည်မှာ နိုင်ငံတော်အစိုးရကဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စံည်း မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင် ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကဖြစ်စေ၊ ရန်ကုန် ဆိပ်ကမ်းအက်ဥပဒေအရဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေး အဖွဲ့ကဖြစ်စေ၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်မြို့တော် မြူနီစီပါယ် ကော်ပိုရေးရှင်းကဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေအရ နိုင်ငံတော် အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့က သို့တည်းမဟုတ် ကော်ပိုရေးရှင်းကဖြစ်စေ ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် ငှားရမ်းယူထားသော၊ သို့တည်းမဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာ ကို ဆိုလိုသည်။ ၁

---

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်၊ စာမျက်နှာ - ၁၆၁၄။

(ဂ) "အိမ်ဥပစာ" ဆိုသည်မှာ အဆောက်အဦကို သို့တည်းမဟုတ် အဆောက်အဦ တစ်ခု၏ အစိတ်အပိုင်းကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အောက်ပါ တို့လည်းပါဝင်သည်။

(၁) အဆောက်အဦနှင့် သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းနှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေရာနှင့် အိမ်ရံ အဆောက်အဦ များ။

(၂) ပိုမိုအကျိုးခံစားနိုင်ရန် ထိုအဆောက်အဦတွင်သော်လည်းကောင်း၊ ထို အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းတွင်သော်လည်းကောင်း၊ တပ် ဆင်ထားသော အရာဝတ္ထုများ။

(ဃ) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ များဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

၂-က။ ။ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် —

ခွင့်ပြုချက်မရရှိဘဲ တစ်ဆင့်ငှားရမ်းခြင်း၊ လွဲပြောင်းခြင်း စသည်တို့ကို မပြု လုပ်ရခြင်း။

(က) အစိုးရ၊ သို့မဟုတ် အခွင့်ရ အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း၊ တစ်ဆင့် ငှားရမ်းခြင်းမပြုလုပ်ရ။

(ခ) အဘိုးစားနားဖြင့်ဖြစ်စေ၊ အဘိုးစားနားမပါဘဲဖြစ်စေ လွဲပြောင်းခြင်း မပြု လုပ်ရ။

(ဂ) အခွင့်ရအာဏာပိုင်အား စာဖြင့် ကြိုတင်အကြောင်းကြားရန် ပျက်ကွက်လျက် အဆိုပါ အိမ်ဥပစာမှ ထွက်ခွာသွားခြင်းမပြုလုပ်ရ။

၁။ (က) ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆) (၁၉၅၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်)

(ခ) ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂) (၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်)

(ဂ) ၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄) (၁၉၆၁ ခုနှစ်၊ မတ်လ ၂၈ ရက်) များဖြင့် အသီးသီးပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။

(ဃ) အဆိုပါ အိမ်ဥပစာကို အခွင့်ရ အာဏာပိုင်အား ပြန်လည်အပ်နှံရန် ပျက်ကွက်လျက် ထွက်ခွာသွားခြင်းမပြုလုပ်ရ။[၂]

နှင်ထုတ်နိုင်သည့် အာဏာ။

၃။ ။ (၁) ဤအက်ဥပဒေ စတင်အာဏာမတည်မီဖြစ်စေ၊ စတင်အာဏာတည်ပြီးသည့်နောက်ဖြစ်စေ၊ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် နိုင်ငံတော်အစိုးရ၏ သို့တည်းမဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ငှားရမ်းသည်ဟုသော်လည်းကောင်း၊ ထိုအိမ်ဥပစာတွင်နေထိုင်ရာ၌ လိုက်နာရမည့် စည်းကမ်းချက် တစ်ခုခုကို အခြားနည်းဆန့်ကျင်သည်ဟုသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က ယူဆကျေနပ်လျှင် သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် အစိုးရအိမ်ဥပစာတစ်ခုခုတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟု သော်လည်းကောင်း၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးသည့်နောက် ဆက်လက်နေထိုင်လျက်ရှိသည်ဟုသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က ယူဆကျေနပ်လျှင်၊ အခွင့်ရအာဏာပိုင်သည် ထိုအိမ်ဥပစာတစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းတွင်ဖြစ်စေ၊ နေထိုင်သည့် ထိုသူထံ သို့တည်းမဟုတ် အခြားသူ တစ်ဦးတစ်ယောက်ထံ စာပို့တိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း ချအပ်သော နို့တစ်စာဖြင့် ထိုနို့တစ်စာရသည့်နေ့ရက်မှ တစ်ဆယ့်ငါးရက်အတွင်း ထိုအိမ်ဥပစာတစ်ခုလုံးမှ၊ သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းမှ ထွက်ခွာသွားရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။ [၃]

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ ထုတ်ဆင့်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆိုလျှင် ထိုသူအား အခွင့်ရအာဏာပိုင်က အဆိုပါ အိမ်ဥပစာမှ ဖယ်ရှား၍ အိမ်ဥပစာ ကို သိမ်းယူနိုင်သည်။ ထိုသို့ ဖယ်ရှားရာတွင် သင့်တော်လိုအပ်သည့် အနိုင်အထက်ပြုမူဖြင့် ဖယ်ရှားနိုင် သည်။

လျော်ကြေးအရတောင်း ခံနိုင်သည့်အာဏာ။

၄။ ။ (၁) မည်သူမဆို၊ အစိုးရ အိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျှင် အခွင့်ရအာဏာပိုင်သည် ထိုသို့နေထိုင်အသုံးပြုခြင်းအတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ မိမိသင့် တော်သည်ဟု ယူဆသော လျော်ကြေးကို ပြတ်ဆို၍ စာပို့တိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ချအပ်သောနို့တစ်စာဖြင့် ထိုနို့တစ်စာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ထိုလျော်ကြေးကို ပေးရန် ထိုသူထံ အမိန့်ထုတ်ဆင့်နိုင်သည်။

၂။ ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) (၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်) ဖြင့် ဖြည့်စွက်သည်။

၃။ ၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈) ကို ပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။

(၂) မည်သူမဆို၊ လျော်ကြေးကို နှီတစ်စာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပေးရန် ငြင်းဆိုလျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ အဆိုပါလျော်ကြေးကို မြေခွန်တော်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံနိုင်သည်။

အယူခံဝင်ခွင့် ၅။ (၁) ပုဒ်မ ၃၊ သို့တည်းမဟုတ်ပုဒ်မ ၄ အရ ထုတ်ဆင့်သော အခွင့်ရ အာဏာပိုင်၏ အမိန့်ကြောင့် နစ်နာသူမည်သူမဆို ပုဒ်မ ၃၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရ ချအပ်သော နှီတစ်စာရသည့် နေ့ရက်မှ ဆယ်ရက်အတွင်း နိုင်ငံတော်အစိုးရထံ အယူခံဝင်နိုင်သည်။

သို့ရာတွင် အယူခံဝင်သူသည်၊ လုံလောက်သော အကြောင်းကြောင့် အယူခံလွှာကို အချိန်မီ မတင်သွင်းနိုင်ခဲ့ကြောင်း နိုင်ငံတော်အစိုးရက ကျေနပ်လျှင်၊ နိုင်ငံတော်အစိုးရသည် အဆိုပါ ဆယ်ရက်ကျော် လွန်သော်လည်း အယူခံလွှာကို လက်ခံနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အယူခံလွှာရလျှင်၊ နိုင်ငံတော်အစိုးရသည် အခွင့်ရ အာဏာပိုင်ထံမှ အစီရင်ခံစာတစ်ရပ်ကို တောင်းယူ၍ မိမိလိုအပ်သည်ဟု ယူဆလျှင် နောက်ထပ် စုံစမ်းပြီး မိမိသင့်တော်သည်ဟု ယူဆသောအမိန့်ကို ချမှတ်နိုင်သည်။ နိုင်ငံတော်အစိုးရ၏ အမိန့်သည် အပြီးအပြတ်ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ အယူခံဝင်လျှင် နိုင်ငံတော်အစိုးရသည် အခွင့်ရ အာဏာပိုင်၏ အမိန့်အတည်ပြုခြင်းကို မိမိသင့်တော်သည်ဟု ယူဆသော ကာလအတွက် သင့်တော်သည်ဟု ယူဆသော စည်းကမ်းချက်များဖြင့် ဆိုင်းငံ့ထားနိုင်သည်။

တရားမရုံးများက စစ်ဆေးစီရင်ပိုင်ခွင့်မရှိခြင်း။ ၆။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် နိုင်ငံတော် အစိုးရက ချမှတ်သော သို့တည်းမဟုတ် အခွင့်ရအာဏာ ပိုင်က ထုတ်ဆင့်သော အမိန့်သည် မခိုင်လုံဟု မည်သည့်တရားရုံးတွင် မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများနှင့်အညီ ဆောင်ရွက်သည် သို့တည်းမဟုတ် ဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးကမျှ သို့တည်းမဟုတ် အခြားမည်သည့် အာဏာပိုင် ကမျှ တားဝရမ်းမထုတ်ပေးရ။

တရားစွဲဆိုခြင်းမှကာကွယ်ပေးခြင်း။ ၇။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရ ဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်အရ ဖြစ်စေ၊ သဘောရိုးဖြင့်ပြုသည့် သို့တည်းမဟုတ် ပြုသည့်သဘော သက်ရောက်သောပြုမူတစ်ခုခုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ အခွင့်ရအာဏာ ပိုင်ကိုဖြစ်စေ၊ တရားမမှုသော်လည်းကောင်း၊ ရာဇဝတ်မှုသော်လည်းကောင်း၊ အခြားတရားမှုခင်းသော် လည်း

၈။ တာဝန်ဝတ္တရားလွှဲအပ်ခြင်း။ ။ နိုင်ငံတော်အစိုးရသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ စည်းကမ်းချက်များ ထားလိုက ထိုအမိန့်ကြော်ငြာစာတွင် စည်းကမ်းချက်များ သတ်မှတ် လျက်၊ ဤအက်ဥပဒေအရ မိမိသုံးစွဲနိုင်သည့် အာဏာတစ်ရပ်ရပ်ကို ဤကိစ္စအလို့ငှာ မိမိက အထူးအာဏာလွှဲအပ်ထားသည့် အရာရှိတစ်ဦး က အဆိုပါ စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ သုံးစွဲနိုင်ရမည်ဟု ဆင့်ဆိုနိုင်သည်။

၉။ ပြစ်ဒဏ်။ ။ (၁) မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေတစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဆန့်ကျင်လျှင် သို့မဟုတ် ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင် သုံးနှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ကျပ် တစ်ထောင်ထိဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးမှမျှ၊ ပုဒ်မခွဲ (၁) အရ ဖြစ်သောပြစ်မှုကို အရေးယူပိုင်ခွင့်မရှိစေရ။[၄]

၁၀။ နည်းဥပဒေပြုနိုင်သည့် အာဏာ။ ။ (၁) နိုင်ငံတော် သမ္မတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှာ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ခုခုအတွက်ဖြစ်စေ နည်းဥပဒေများ ပြုနိုင် သည်။

(က) နို့တစ်စာပုံစံနှင့် နို့တစ်စာချအပ်သည့်နည်းလမ်း။
(ခ) အစိုးရအိမ်ဥပစာကို သိမ်းယူရာတွင် လိုက်နာရမည့်နည်းလမ်း။
(ဂ) ခွင့်ပြုချက်မရဘဲ နေထိုင်ခြင်းအတွက် လျော်ကြေးပြတ်ဆိုရန်နည်းလမ်း။
(ဃ) အယူခံဝင်ရာတွင် လိုက်နာရမည့်နည်းလမ်းနှင့် အယူခံမှုများတွင် လိုက်နာရမည့်ကျင့်ထုံး။
(င) ပြဋ္ဌာန်းရမည့် သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်သည့် အခြားကိစ္စများ။

◆ ◆ ◆ ◆ ◆

၄။ ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) ဖြင့် အစားထိုးပြင်ဆင်သည်။

၁၉၅၅ ခုနှစ်၊ လယ်ယာမြေနှိုင်းငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]
(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ လယ်ယာမြေနှိုင်းငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နှိုင်းငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၄ ၏ ခြွင်းချက်အစား၊ အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"**ခြွင်းချက်** ။ ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် —

(က) လယ်ယာမြေကို၊ ဤအက်ဥပဒေအရ ပြန်လည်သိမ်းယူခြင်းမပြုမီ၊ သို့တည်း မဟုတ် ကင်းလွတ်ခွင့်မပေးမီ၊ ပြန်လည်ရွေးနှုတ်ခြင်းနှင့် မသက်ဆိုင်စေရ။

(ခ) လယ်ယာမြေကို၊ နိုင်ငံတော်သို့ လွှဲပြောင်းပေးခြင်းနှင့်မသက်ဆိုင်စေရ။"

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နောက်တွင် အောက်ပါခြွင်းချက်ကို၊ ပုဒ်မခွဲ (၁) ၏ တတိယခြွင်းချက်အဖြစ် ထည့်သွင်းရမည်။

"**ပုဒ်မခွဲ (၁)၏ တတိယခြွင်းချက်** ။ ။ သို့ရာတွင် ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးရာ၌၊ သက်ဆိုင်ရာ တောင်သူလယ်သမား အိမ်ထောင်သား၏၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်၏ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေ အတိုင်းအတာနှင့် ၎င်းတို့၏ လုပ်အားအပြင်၊ ၎င်းတို့လုပ်ကိုင်နိုင်သည့် အရည်အချင်းကို အထောက်အထားပြုလျက်၊ အဆိုပါဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သတ်မှတ်ထားသော အတိုင်းအတာ အောက်လျော့၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

---

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်၊ စာမျက်နှာ - ၁၆၄၅။

၄။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) နောက်တွင် အောက်ပါ ခြွင်းချက်များကို ထည့်သွင်းရမည်။

"<u>ပဌမခြွင်းချက်</u> ။ သို့ရာတွင် တောင်သူလယ်သမားအိမ်ထောင်သားစု တစ်စုသည်၊ လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ရထိုက်သော်လည်း၊ မိမိပိုင်ဆိုင်သော လယ်ယာမြေတည်ရှိရာ ဒေသတွင် ဤအက်ဥပဒေအရ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုသေးသောကြောင့်၊ အဆိုပါ အခွင့်အရေးကို ခံစားခွင့်မရနိုင်လျှင်၊ ထိုတောင်သူလယ်သမား အိမ်ထောင်သားစုအား၊ လယ်ယာမြေကို လက်ရှိ လုပ်ကိုင်နေသော်ဒေသ၌ လယ်ယာမြေ ဝေငှရာဝယ် အပိုဒ် (က) တွင် သတ်မှတ်ထားသော အတိုင်းအတာ အထိ လယ်ယာမြေကိုယာယီအားဖြင့် ဝေငှရ မည်။

<u>ဒုတိယခြွင်းချက်</u>။ ။ သို့ရာတွင် ပဌမခြွင်းချက်အရ၊ အခွင့်အရေးခံစား လျက်ရှိသော တောင်သူလယ်သမားအိမ်ထောင်သားစုသည်၊ မိမိ ပိုင်ဆိုင်သော လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှကင်းလွတ်ခွင့် ရရန်လျှောက် ထားနိုင်သည့်အခါ၊ ကင်းလွတ်ခွင့်ရရန် လျှောက်ထား ခြင်းမပြုလိုလျှင်၊ အခိုပါလယ်ယာမြေကို နိုင်ငံတော်သို့လွှဲပြောင်းပေးရ မည်။ မိမိပိုင်ဆိုင်သော လယ်ယာမြေအတွက်ကင်းလွတ်ခွင့် ရရန် လျှောက်ထားလျှင်၊ ယာယီအားဖြင့် မိမိအားဝေငှထားသော လယ်ယာ မြေကို နိုင်ငံတော်သို့ပြန်လည်လွှဲပြောင်းပေးရမည်။"

◆ ◆ ◆ ◆ ◆

၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅။]

(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ ကို ပုဒ်မ ၄ ၏ ပုဒ်မခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုပုဒ်မခွဲနောက်တွင် အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ အဖွဲ့ဝင်ဦးရေကို တိုးချဲ့၍ ခန့်နိုင်သည်။"

◆ ◆ ◆ ◆ ◆

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်၊ စာမျက်နှာ - ၁၆၄၇။

THE MYANMAR IMMIGRATION (EMERGENCY PROVISIONS) (AMENDMENT) ACT, 1955.*

[Act No. LVIII OF 1955.]

(The 19th October 1955)

It is hereby enacted as follows : —

1. This Act may be called the Myanmar Immigration (Emergency Provisions) (Amendment) Act, 1955.

2. In Section 2 of the Myanmar Immigration (Emergency Provisions) Act, 1947, hereinafter referred to as "the said Act" in clause *(f)* of sub-section *(1)*, *for* the words "who is not below the rank of a Sub-Inspector of Immigration" the words "including an Immigration Constable" *shall be substituted.*

3. For sub-section (2) of section 6 of the said Act, the following *shall be substituted*, namely:—

"(2) It shall be the duty of the carrier who brings in a conveyance to any seaport or airport of land station in the Union of Myanmar.—

(a) to stop the conveyance at such place as may be specified by an immigration official not below the rank of a Sub-Inspector of Immigration; and

(b) not to remove the conveyance until clearance is granted by an immigration official not below the rank of a Sub-Inspector of Immigration.

◆ ◆. ◆ ◆ ◆

---

* မြန်မာနိုင်ငံမြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်၊ စာမျက်နှာ - ၁၆၅၀။

၁၉၅၅ ခုနှစ်၊ အတွင်း ထုတ်ပြန်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ
နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁။	Amendment to the Central Midwives and Nurses Council Rules.	The Midwives and Nurses Act ကို သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေ (အမှတ် ၁၉/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည်အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၂။	ပါလီမန်အမတ်များအား ဆေးဝါးအခမဲ့ကုသခွင့် နည်းဥပဒေ။	
၃။	အစိုးရအမှုထမ်း အရာထမ်းများအား နိုင်ငံခြားသို့ အခမဲ့ဆေးဝါးကုသရန် အခွင့်အရေးပေးသည့်နည်းဥပဒေ။	
၄။	၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး နည်းဥပဒေများ၏ပြင်ဆင်ချက်။	၁၉၄၈ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေကို မြန်မာနိုင်ငံသားဥပဒေ (အမှတ်၄/၈၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည်အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။ သို့ရာတွင် ထိုနည်းဥပဒေ၏

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		သက်ရောက်ခဲ့သည့်ကာလတွင် နိုင်ငံသားအဖြစ်ရွှေးချယ်ခြင်းနှင့် စပ်လျဉ်း၍လေ့လာသိရှိနိုင်ရန်ထည့်သွင်းဖော်ပြထားပါသည်။
၅။	၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံမော်တော်ယာဉ် နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံမော်တော်ယာဉ်အက်ဥပဒေ (The Myanmar Motor Vehicles Act, 1915)ကို ၁၉၆၄ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ (အမှတ် ၁၇/၆၄) ဖြင့် ရုပ် သိမ်းပြီးဖြစ်၍ ဤနည်း ဥပဒေသည် အလို အလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၆။	၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများ၏ ပြင်ဆင်ချက်။	
၇။	Amendments to the Rules of the Lower Myanmar Town and Village Lands Act, 1898.	
၈။	Amendment to the Foreign Service Travelling Allowance Rules, 1951.	

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၉။	၁၉၅၅ ခုနှစ်၊ သမဝါယမ အသင်းချေးငွေများဆိုင်ရာ နည်းဥပဒေများ။	The Co-operative Societies Act 6/ 1927) ကို ၁၉၅၆ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေ (အမှတ် ၁၅/ ၅၆)ဖြင့် ရုပ်သိမ်းပြီး ဖြစ်သည်။ ၁၉၅၆ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေကို ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်း ဥပဒေ(အမှတ် ၁/၇၀) ဖြင့် ရုပ် သိမ်းပြီး ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံသမဝါယမ အသင်းဥပဒေကို သမဝါယမ အသင်းဥပဒေ (အမှတ် ၉/၉၂)ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည်အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၁၀။	Amendments to the Payment of Wages Rules, 1937.	

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁၁။	၁၉၅၃ ခုနှစ်၊ နိုင်ငံတော်အလံနည်းဥပဒေများ၏ ပြင်ဆင်ချက်။	နိုင်ငံတော်အလံ နည်းဥပဒေများ (ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၁/၇၄) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သည်။
၁၂။	Amendment to the Entertainment Tax Rules, 1942.	Entertainment Tax Act, 1947 ကို ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၁၃။	Amendment to the Subordinate Civil Judicial Service Rules, 1946.	
၁၄။	၁၉၅၂ ခုနှစ်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့ ဌေစာရင်းထားရှိခြင်း နည်းဥပဒေများ၏ ပြင်ဆင်ချက်။	
၁၅။	၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုအသက်အာမခံ နည်းဥပဒေများ၏ ပြင်ဆင်ချက်။	
၁၆။	၁၉၅၃ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၃ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကို ၁၉၆၆ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေနှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		(ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၆/၆၆) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၁၇။	Amendments to the Myanmar Excise Rules, 1928.	
၁၈။	Amendment to the Mineral Concessions Rules, 1946.	
၁၉။	၁၉၃၁ ခုနှစ်၊ မြန်မာနိုင်ငံသမဝါယမအသင်းများ နည်းဥပဒေ၏ ပြင်ဆင်ချက်။	The Co-operative Societies Act, (Myanmar Act 6/1927) ကို ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေ (အမှတ် ၁၅/ ၅၆) ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေကို ၁၉၇၀ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေ (အမှတ် ၁/၇၀) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သည်။ ၁၉၇၀ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေကို၊ သမဝါယမ

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		အသင်းဥပဒေ(အမှတ် ၉/၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလို အလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၂၀။	၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်းယစ်မျိုး နည်းဥပဒေများ။	
၂၁။	The Myanmar Immigration (Writers of Application) Rules, 1955.	
၂၂။	Amendments to the Rules Regulating the Grant of Certificate of Competency to Master, Serangs, Engineers and Engine Drivers Employed on Inland Steam Vessels in Myanmar.	
၂၃။	Amendments to the Myanmar Post Office Rules, 1941.	
၂၄။	Amendments to the Payment of Wages Rules, 1937.	
၂၅။	ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး နည်းဥပဒေ၏ ပြင်ဆင်ချက်။	၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး အက်ဥပဒေကို ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေနှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		(ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၆/၆၆) ဖြင့် ရုပ်သိမ်းပြီး၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၂၆။	Amendment to the Saving Certificate Rules, 1948.	Saving Certificate Act, 1947 ကို၊ ငွေစုဘဏ်လုပ်ငန်းဥပဒေ (အမှတ် ၅/ ၉၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သော်လည်း ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၃၆အရ ငွေစုဘဏ် နှင့် သက်ဆိုင်သော တည်ဆဲနည်းဥပဒေများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် မဆန့်ကျင်သရွေ့ သုံးနိုင်သည်ဟု ပြဋ္ဌာန်းထား၍ မဆန့်ကျင်လျှင်မပျက်ပြယ်ပါ။
၂၇။	Amendment to the Discipline and Appeal Rules, 1941.	
၂၈။	Amendment to the Myanmar Army Act Rules.	Myanmar Army Act ကို ၁၉၅၉ခုနှစ်၊ တပ်မတော် အက်ဥပဒေ (အမှတ် ၄၃/ ၅၉) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၂၉။	Amendment to the Crown Office Rules, 1945.	
၃၀။	စူရတီဘာရားဘဇား (သိမ်ကြီးစေ့း) အုပ်ချုပ်ရေး အဖွဲ့နည်းဥပဒေ၏ပြင်ဆင်ချက်။	
၃၁။	Rules for Taking the Evidence of Witness in a Country or Place Outside of the Union of Myanmar in Relation with Criminal Matters.	
၃၂။	၁၉၄၉ ခုနှစ်၊ ပါလီမန်လွှတ်တော်ရုံးအရာရှိ အရာထမ်း များနှင့် အမှုထမ်းများ၏ အမှုထမ်းရွေး စည်းကမ်းချက်များနှင့် ဘဏ္ဍာရေးကိစ္စများ သတ် မှတ်ပြဋ္ဌာန်းသည့် နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၄၈ ခုနှစ်၊ ပါလီမန်လွှတ် တော်ရုံး အက်ဥပဒေကို ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၄၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်း ဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၃၃။	၁၉၅၁ ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့နည်း ဥပဒေများ။	
၃၄။	Amendment to the Rules of the regulations of Cinematograph Exhibitions for securing the Public Safety.	The Cinematograph Act,1918 ကို ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ (အမှတ် ၃၈/၆၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီး ဖြစ်သည်။

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၃၅။	၁၉၄၉ ခုနှစ်၊ ပါလီမန်လွှတ်တော်ရုံးအရာရှိ အရာထမ်းများနှင့် အမှုထမ်းများ၏ အမှုထမ်းရေးစည်းကမ်းချက်များနှင့် ဘဏ္ဍာရေးကိစ္စများ သတ်မှတ်ပြဋ္ဌာန်းသည့် နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၄၈ ခုနှစ်၊ ပါလီမန်လွှတ်တော်ရုံး အက်ဥပဒေကို ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၃၆။	Amendment to the Discipline and Appeal Rules.	
၃၇။	Amendment to the Rules published in Posts and Telegraph Manual.	
၃၈။	Amendment to the Myanmar Hired, Motor Vehicles Rules, 1955.	The Myanmar Motor Vehicles Act ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ (အမှတ် ၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။
၃၉။	Amendment to the Savings Certificate Rules, 1948.	Saving Certificate Act,1947 ကို ငွေစုဘဏ် လုပ်ငန်းဥပဒေ (အမှတ် ၅/၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း ငွေစုဘဏ် လုပ်ငန်းဥပဒေပုဒ်မ ၃၆ အရ

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		ငွေစုဘဏ်နှင့်သက်ဆိုင်သော တည်ဆဲနည်းဥပဒေများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ သုံးနိုင်သည်ဟု ပြဋ္ဌာန်းထား၍ မဆန့်ကျင်လျှင် မဖျက်ပြယ်ပါ။
၄၀။	Amendment to the Cantoment Fund Servants Rules, 1925.	
၄၁။	Amendment to the Government Saving Bank Rules.	Government Saving Bank Act, 1873 ကို ငွေစုဘဏ်လုပ်ငန်းဥပဒေ (အမှတ် ၁/၉၂)ဖြင့် ရုပ်သိမ်းပြီး ဖြစ်သော်လည်း ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ ၃၆ အရ ငွေစုဘဏ်နှင့် သက်ဆိုင်သော တည်ဆဲ နည်း ဥပဒေများ သည် ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ သုံးနိုင်သည်ဟုပြဋ္ဌာန်းထား၍ မဆန့်ကျင်လျှင် မဖျက်ပြယ်ပါ။

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၄၂။	Amendment to the Municipal Rules, 1934.	Myanmar Municipal Act,1898 ကို စည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ်၅/၉၃) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၈၇ အရ စည်ပင် သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍ ဤနည်းဥပဒေသည်လည်း မပျက်ပြယ်ပါ။ မဆန့်ကျင်သရွေ့ဆက်လက်တည်ရှိပါသည်။
၄၃။	Amendment to the Myanmar Rural Self-Government Rules, 1936.	Myanmar Rural Self-Government Act,1921 ကို စည်ပင် သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၄၄။	၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲနည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေကို ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/ ၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီးဖြစ်သည်။
၄၅။	၁၉၅၄ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ နည်းဥပဒေများ။	၁၉၄၈ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ (ရုပ်သိမ်းခြင်း) အက်ဥပဒေ (အမှတ် ၆/ ၅၈) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ် သိမ်းပြီးဖြစ်သည်။
၄၆။	လူမှုဖူလုံရေးနည်းဥပဒေများ။	
၄၇။	၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများ (ပြင်ဆင်ချက်များ)။	
၄၈။	Amendment to the Myanmar Excise Rules. 1928.	

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၄၉။	၁၉၅၅ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီနည်းဥပဒေများ။	၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီအက်ဥပဒေကို၊၁၉၆၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၈/၆၄) ဖြင့် ရုပ်သိမ်း ပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီး ဖြစ်သည်။
၅၀။	Amendment to the Myanmar Telegraph Rules., 1941.	
၅၁။	Amendment to the Cinematograph Censorship Rules, 1951.	Cinematograph Act, 1918 ကို ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ (အမှတ် ၃၈/၆၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်း ပြီး ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန
ဌာနခွဲ (၆)
ရန်ကုန်မြို့၊ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၁၉၅၅ခု၊ ဖေဖော်ဝါရီလ ၁၅ရက်)

အမှတ် ၄၁။ ။ နိုင်ငံတော်သမ္မတသည်၊ မူလအခြေခံနည်းဥပဒေ အတွဲ ၂၊ နောက်ဆက်တွဲ ၁၄၊ အခန်း ၂တွင် ပါရှိသော အခမဲ့ဆေးဝါးကုသခွင့်များအပြင်၊ အောက်ဖော်ပြပါ ပါလီမန်အမတ်များအား၊ ဆေးဝါးအခမဲ့ကုသခွင့် နည်းဥပဒေကို ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်အမတ်များ အတွက် ထုတ်ပြန်ကြေညာလိုက်သည်။ *

> "ပါလီမန်အမတ်များသည်၊ မမာမကျန်းဖြစ်ခဲ့သော် မိမိတို့ဆိုင်ရာဒေသများတွင် ရောဂါဝေဒနာများ ကုသမရနိုင်ဟူ၍ သက်ဆိုင်ရာဆရာဝန်က ထောက်ခံအတည်ပြုပါလျှင်၊ မြန်မာနိုင်ငံတော်အတွင်းရှိ ဆေးရုံတစ်ခုမှတစ်ခု၊ ဆင့်ကဲဆင့်ကဲ အစိုးရစရိတ်ဖြင့် အသွားအပြန် တက်ရောက်ကုသခွင့် ပြုလိုက်သည်။ ကုန်ကျစရိတ်ငွေကို ပါလီမန်အမတ်၏ နေရင်းဒေသရှိ ဆေးရုံရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲယူရမည် ဖြစ်ကြောင်း။"

အထက်ဖော်ပြပါ အခွင့်အရေးသည်၊ ပါလီမန်အမတ်များနှင့်သာလျှင် သက်ဆိုင်ခြင်းရှိ၍၊ ၎င်း၏အိမ်ထောင်စုများနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါ။

ဤခွင့်ပြုအမိန့်ကို၊ ၁၉၅၄ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အတည်ပြုလိုက်သည်။

အမိန့်အရ၊

ကျီ၊ အက်(စ်)၊ ဒီလုံး၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ စာမျက်နှာ - ၂၅၆။

ကျန်းမာရေးဝန်ကြီးဌာန

ဌာနခွဲ (၆)

ရန်ကုန်မြို့၊ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၁၉၅၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်)

အမှတ် ၄၂။ ။ နိုင်ငံတော်သမ္မတသည်၊ အစိုးရအမှုထမ်းအရာထမ်းများအတွက် အခမဲ့ဆေးဝါးကုသရေးနှင့် ပတ်သက်သော မူလအခြေခံနည်း ဥပဒေအတွဲ ၂၊ နောက်ဆက်တွဲ ၁၄၊ အခန်း ၂နှင့် ခုတွင် ပါရှိသော နည်းဥပဒေများအပြင်၊ အောက်ဖော်ပြပါ နည်းဥပဒေများကို ထုတ်ပြန် ကြေညာလိုက်သည်။ *

ဤဥပဒေကို အစိုးရအမှုထမ်း အရာထမ်းများအား၊ နိုင်ငံခြားသို့ အခမဲ့ဆေးဝါးကုသရန် အခွင့်အရေးပေးသည့် နည်းဥပဒေဟု ခေါ်တွင်စေပြီး၊ ၄င်းကို၊ ၁၉၅၄ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ အတည်ပြုလိုက်သည်။

နည်းဥပဒေများ။

၁။ မူလအခြေခံ နည်းဥပဒေအတွဲ ၂၊ နောက်ဆက်တွဲ ၁၄ အခန်း ၂ နှင့် ၃ အပြင်၊ ဤဝန်ကြီးဌာန၏ ၁၉၅၃ခု၊ သြဂုတ်လ ၃၁ ရက်နေ့စွဲပါ ပြန်တမ်းအမှတ် ၃၅၅ နှင့် ၃၅၆ တို့တွင် ဖော်ပြထားသော အစိုးရအမှုထမ်းများသည်၊ မမာမကျန်းဖြစ်ခဲ့သော်၊ မိမိတို့အမှုထမ်းနေသည့် ဒေသများတွင် ရောဂါ ဝေဒနာများ ကုမရဟု သက်ဆိုင်ရာခွင့်ပြုသည့် ဆရာဝန်က ထောက်ခံပါလျှင်၊ မြန်မာနိုင်ငံတော် အတွင်းမှာပင် ဆေးရုံတစ်ခုမှတစ်ခုသို့ အစိုးရစရိတ်ဖြင့် သွားရောက်ကုသနိုင်ခွင့် ရှိပါသည်။

(ဥပမာ၊ မြို့နယ်ဆေးရုံတွင် မကုစွမ်းနိုင်သော ရောဂါဝေဒနာကို သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်အရ၊ ခရိုင်ဆေးရုံသို့ သွားရောက်ကုသနိုင်ခြင်း၊ ခရိုင်ဆေးရုံ၌ မကုစွမ်း နိုင်သောရောဂါကိုလည်း ထို့အတူခရိုင်ဆရာဝန်၏ ထောက်ခံချက်နှင့်ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသနိုင်ပါသည်။) ယင်းသို့ မြန်မာပြည်အတွင်း ဆေးကုသရန်အတွက် ကုန်ကျသည့် ခရီးစရိတ်ကို သက်ဆိုင်ရာအမှုထမ်းများအား မြန်မာနိုင်ငံတော် ခရီးစရိတ်လက်စွဲ နည်းဥပဒေ ၉၂ အရ ထုတ်ပေးခွင့်ပြုသည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ စာမျက်နှာ - ၂၅၆။

၂။ မြန်မာနိုင်ငံတော်အတွင်း၌ ကုမ္ပဏီမရနိုင်သော ရောဂါများကို အောက်ပါစည်းကမ်းချက်များအရ၊ နိုင်ငံခြားသို့၊ အစိုးရစရိတ်ဖြင့် သွားရောက်ကုသခွင့်ပြုမည်။

(က) ဝေဒနာရှင်ဖြစ်သော အစိုးရအမှုထမ်းမှာ အမြဲတန်းဖြစ်ရမည်။

(ခ) ဝေဒနာရှင် အစိုးရအမှုထမ်းသည်၊ သက်ဆိုင်ရာဆရာဝန်နှင့် ဦးစွာပဌမ စစ်ဆေးပြီး-

(၁) တွေ့ရှိရသည့်အချက်အလက်။

(၂) မည်ကဲ့သို့ရောဂါကို ကုစားခဲ့သည်။

(၃) ပြည်တွင်းတွင် ကုသနိုင်စွမ်းမရှိ၍ နိုင်ငံခြားသို့ သွားရောက်ကုသရန် လိုသည်ဟူသော ထင်မြင်ချက်၊ အကြံပေးချက်စုံလင်စွာပါသော မှတ်တမ်းတစ်ခုကို ရေးဆွဲရမည်၊ တတ်နိုင်ပါက နိုင်ငံခြားသို့ သွားရောက်ကုသရမည့်ဒေသကိုပါ ဖော်ပြရမည်၊ လူနာကို စစ်ဆေးသော ဆရာဝန်သည်၊ မိမိ၏လူနာမှတ်တမ်းနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ထံသို့ ပေးပို့ရမည်။

(ဂ) ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်သည်၊ လူနာမှတ်တမ်းနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ ရရှိသည်နှင့်တစ်ပြိုင်နက်၊ အထူးဆေးအဖွဲ့တစ်ခုကို အလျင်အမြန်ဖွဲ့စည်းရမည်။ ထိုအထူးဆေးအဖွဲ့တွင်၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်သည်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်၍၊ ဆေးဝါးကုသသော ဆရာဝန်ကြီးတစ်ဦးနှင့် ခွဲစိပ်ကုသသော ဆရာဝန်ကြီးတစ်ဦးအပြင်၊ အခြား အတိုင်ပင်ခံ အထူးဆရာဝန်ကြီးတစ်ဦးတို့ဖြင့် အောက်ပါအချက်အလက်များ ကို အထူးဂရုစိုက်၍ စစ်ဆေးရမည်။

(၁) ရောဂါ၏သဘောထား။

(၂) အလုပ်ဝတ္တရားများကြောင့် ရရှိသော ရောဂါ၊ သို့မဟုတ် အလုပ်အခြေအနေကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောရောဂါ ဟုတ် မဟုတ်၊ ရောဂါဝေဒနာမှာ အစိုးရအမှုထမ်းရာ၌ ရှိုးရှိုးသဘောဖြင့် ပေါ်ပေါက်လာသော ရောဂါမျိုးသာ ဖြစ်စေရမည်။ အစိုးရအမှုထမ်း ကိုယ်တိုင်က အလွန်အကြူးမိမိကိုယ်ကို မိမိ ဝေဒနာစွဲကပ်လောက်အောင် မဆင်ခြင်ဘဲ ပြုကျင့်၍ ရရှိလာသော ရောဂါဝေဒနာများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၃) ပြည်တွင်း၌ ထိုရောဂါကုသရန် ဖြစ်နိုင် မဖြစ်နိုင်။

(၄) ကုသ၍ရမည့်ရောဂါ ဟုတ် မဟုတ်။
(၅) လူနာသည်၊ ခရီးသွားရန်၊ တော် မတော်။
(၆) ဆေးကုသရမည့်နေရာ၊ နိုင်ငံခြားတွင် ကုသမည့်နေရာနှင့် ၎င်းနေရာကို မည်သည့် အကြောင်းကြောင့် ရွေးချယ်ရခြင်း။
(၇) လိုအပ်သောခွင့်ရက်။

အထက်ဖော်ပြပါ အချက်အလက်များကို စစ်ဆေးပြီးမှသာလျှင်၊ အထူးဆေးအဖွဲ့၏ သဘောတူညီကြောင်း ဆုံးဖြတ်ချက်အရ၊ ဝေဒနာရှင်အစိုးရအမှုထမ်းအား၊ အစိုးရစရိတ်နှင့် နိုင်ငံခြားသို့ သွားရောက်ကုသခွင့်ပြုမည်။ ရောဂါဝေဒနာကို ကုစားရာတွင် နှောင့်နှေးပါက၊ ရက်ပိုင်း၊ နာရီပိုင်း အတွင်း၊ အသက်ဆုံးရှုံးစေနိုင်သော ရောဂါမျိုးဖြစ်ခဲ့သော်၊ လူနာရှင်အား လေကြောင်းခရီးဖြင့် အသုံးပြုခွင့်ပြုမည်။ သို့ရာတွင် ဝေဒနာရှင် အသဲအသန်မဟုတ်ပါဘဲ၊ တစ်မှုဟုတ်ချင်း အသက်ဆုံးရှုံးဖွယ်ရာမရှိပါက လေကြောင်းခရီးဖြင့် အသုံးမပြုစေသင့်ဘဲ၊ စရိတ်သက်သာသော အခြားခရီးစဉ်ဖြင့် သာလျှင် အသုံးပြုရမည်။ ယင်းသို့ နိုင်ငံခြားသို့ သွားရောက်ကုသခွင့်ပြုသောအမိန့်ကို မထုတ်ပြန်မီ သက်ဆိုင်ရာဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရှေးဦးစွာ ကြိုတင် တောင်းခံယူရမည်။

အထက်ဖော်ပြပါ အခွင့်အရေးတို့ကို၊ အမြဲတန်းအစိုးရအမှုထမ်းများသာလျှင် ခံစားခွင့်ရှိ၍၊ ၎င်းတို့၏အိမ်ထောင်စုများနှင့်တကွ၊ ပင်စင်ယူပြီးမှ ခေတ္တခဏာပြန်လည် အလုပ်ဝင်လုပ်သော ပင်စင် စားများနှင့်လည်း လုံးဝမသက်ဆိုင်ပါ။

<u>မှတ်ချက်</u>။ ။ နိုင်ငံခြားသို့ အစိုးရစရိတ်ဖြင့် သွားရောက်ကုသခွင့် ပြုသည်ဆိုရာ၌ဟိုတယ်စရိတ်များမှအပ အသွားအပြန်ခရီးစရိတ်၊ ဆေးရုံအခန်းခများအပါအဝင်ဖြစ်သော ဆေးဝါးကုသရာ၌ ကုန်ကျသည့်စရိတ်အားလုံးကို ပေးမည်ဖြစ်ပါသည်။

၃။ နိုင်ငံခြားတွင် ဆေးကုသရာ၌ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံယူရာတွင် သက်ဆိုင်ရာဘောက်ချာစာရင်းများနှင့် တစ်ပါတည်းပူးတွဲတင်ပြပြီး၊ ၎င်းစာရင်းမှာ ဟုတ်မှန်ကြောင်းကို သက်ဆိုင်ရာတာဝန်ခံဆေးအရာရှိက၊ နောက်ဆက်တွဲပုံစံ "A" "B" "C" အတိုင်း ထောက်ခံ အတည်ပြုရမည် ဖြစ်ပါကြောင်း။

၄။ ဤကိစ္စနှင့်ပတ်သက်၍ ကုန်ကျငွေကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ရ-သုံး မှန်းခြေငွေစာရင်း ခေါင်းစဉ် "၃၁၊ ဆေးဘက်ဆိုင်ရာ၊ ၄-အစိုးရအမှုထမ်းအရာထမ်းများအား၊ နိုင်ငံခြားသို့ အခမဲ့ ဆေးဝါးကုသခွင့်ပေးခြင်း" အောက်မှ ထုတ်နုတ်သုံးယူရမည် ဖြစ်ပါသည်။ ၎င်းငွေကို ခေါင်းစဉ်လွဲပြောင်း ခြင်း စံနစ်နှင့်ဖြစ်စေ၊ သို့မဟုတ် နောက်ထပ်ဖြည့်စွက်ငွေ တောင်းယူခြင်းနှင့်ဖြစ်စေ သုံးယူရပါမည်။

APPENDIX A

I hereby certify that the attached bills totalling _____ (equivalent of Kyats _____) are on accounts of charges incurred on _____ (medicines and drugs, etc.) purchased under my advice and with the approval of _____.

(Signature) _____

Medical Attendant.

PLACE:

DATE

APPENDIX B

I hereby certify that the attached bills totalling _____ (equivalent to Kyats) are on accounts of consultation/visiting fees charged by me for Medical attendance on _____.

(Signature) _____

Medical Attendant.

PLACE:

DATE

APPENDIX C

I hereby certify that the attached bills totalling are on accounts of hospital charges incurred by _____.

(Signature) _____

Medical Attendant.

PLACE:

DATE

အမိန့်အရ

ကျီ၊ အက်(စ်)၊ ဒီလုံး၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန။

တရားရေးဝန်ကြီးဌာန

နိုင်ငံသားအဖြစ် ပြဌာန်းရေးဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၁၆ခု၊ တပေါင်းလဆန်း ၂ရက်

(၁၉၅၅ခု၊ ဖေဖော်ဝါရီလ ၂၃ရက်)

အမှတ် ၃၇။ ။ ၁၉၄၈ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး အက်ဥပဒေပုဒ်မ ၁၁ ဖြင့် အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး နည်းဥပဒေများတွင် အောက်ပါ ပြင်ဆင်ချက် များကို ပြုလုပ်သည်။ *

၁။ ။ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (၁)တွင် —

(က) အပိုဒ် (၈)၌ "အမိအဘအမည်နှင့် ထိုသူတို့မှာမည်သည့်နိုင်ငံသားဖြစ်ကြောင်း" ဆိုသည့် စကားရပ်အစား၊ "အမိအဘအမည်များ၊ လူမျိုးနှင့်ထိုသူတို့မှာ မည်သည့် နိုင်ငံသားဖြစ်ကြောင်း" ဆိုသည့် စကားရစ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) အပိုဒ် (ပ) နောက်၌ အောက်ပါအပိုဒ်များကို အပိုဒ် (ဏ)၊ (တ)၊ (ထ)နှင့် (ဒ) အဖြစ် ထည့်သွင်းရမည်။

" (ဏ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေမည် ဖြစ်ကြောင်း။

(တ) အကျင့်စာရိတ္တကောင်းသူဖြစ်ကြောင်း။

(ထ) ပြည်ထောင်စု မြန်မာနိုင်ငံ၏လုံခြုံမှုကိုသော်လည်းကောင်း၊ ငြိမ်ဝပ် ပိပြားရေးကို သော်လည်းကောင်း၊ အကျိုးစီးပွားကို သော် လည်းကောင်း၊ ပျက်ပြားနစ်နာအောင် မပြုလုပ်ခဲ့ဘူးကြောင်း။

(ဒ) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၂ တွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း အရည်အချင်း ချို့ငဲ့သူ မဟုတ်ကြောင်း။"

၂။ ။ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (၂)၌ "ထိုတံဆိပ်ခေါင်းစက္ကူပေါ်တွင်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၅၅ခုနှစ်၊ မတ်လ (၅)ရက်၊ စာမျက်နှာ – ၂၉၅။

၃။ ။ နည်းဥပဒေ ၁၀၌ "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေ ကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ နည်းဥပဒေ ၁၁၌ "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေ ကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။ နည်းဥပဒေ ၁၂၌ "နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင်လည်းကောင်း၊ "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် လည်းကောင်း၊ "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေ ကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။ နည်းဥပဒေ ၁၃ ၌ "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ နည်းဥပဒေများ၌ ပါရှိသောပုံစံ က တွင် အပိုဒ် (ဃ)အစား၊ အောက်ပါတို့ကို အပိုဒ် (ဃ)၊ (င)၊ (ဈ)၊ (ဆ)နှင့် (ဇ) အဖြစ် ထည့်သွင်းရမည်။

"(ဃ) ကျွန်တော် / ကျွန်မ သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိ ရှိသေပါမည်။

(င) ကျွန်တော် / ကျွန်မ သည်၊ အကျင့်စာရိတ္တ ကောင်းသူဖြစ်ပါသည်။

(စ) ကျွန်တော် / ကျွန်မ သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုံခြုံမှုကိုသော်လည်းကောင်း၊ ငြိမ် ဝပ်ပိပြားရေးကိုသော်လည်းကောင်း၊ အကျိုးစီးပွားကိုသော်လည်းကောင်း၊ ပျက်ပြားနစ်နာအောင် မပြုလုပ်ခဲ့ဘူးပါ။

(ဆ) ကျွန်တော်/ကျွန်မ သည်၊ ၁၉၄၈ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၂တွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း အရည်အချင်း ချို့ငဲ့သူမဟုတ်ပါ။

(ဇ) ကျွန်တော်/ကျွန်မ တစ်ဦးတည်း၏ တရားဥပဒေအရအုပ်ထိန်းခြင်းကို ခံ၍၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားဖြစ်သော _____ _____ နေ _____ ၏တရားဥပဒေအရ အုပ်ထိန်းခြင်းကိုခံ၍ ပြည်ထောင်စုနိုင်ငံသား မဟုတ်သေးသည့်အပြင်၊ ယခုလျှောက်ထားသည့်အချိန်အခါ၌ အသက်ရှင်လျက် အရွယ်မရောက်သေးသော ကျွန်တော်/ကျွန်မ ၏ သားသမီးအသီးသီး၏ အမည်၊ ကျား၊ မ၊ ဘာဝ၊ မွေးဖွားရာအရပ်၊ မွေးဖွားသောနေ့ရက်၊ သို့တည်းမဟုတ် ထိုကဲ့သို့သော မှန်းခြေနေ့ရက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။"

၈။ ။ နည်းဥပဒေ များ၌ ပါရှိသော ပုံစံ ခ တွင် —

(က) "နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ်နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) "လျှောက်ထားသူနှင့် သက်ဆိုင်သည့်အကြောင်းအရာများ" ဆိုသည့် စကားရပ်နောက်တွင်ပါရှိသည့် "အမိ၊ အဘအမည်များနှင့်" ဆိုသည့် စကားရပ်အစား၊ "အမိ၊ အဘအမည်များ၊ လူမျိုးနှင့်"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) "လျှောက်ထားသူ၏ အရွယ်မရောက်သေးသော သားသမီးများနှင့် သက်ဆိုင်သည့်အကြောင်းအရာများ။

အမည်များ	....				
ကျား-မ	....				
မွေးဖွားရာနေရပ်	....				
မွေးဖွားသောနေ့ရက်	....				

"

ဆိုသည့်စကားရပ်နှင့် မျဉ်းကြောင်းများအစား၊ အောက်ပါတို့ကို ထည့်သွင်းရမည်။

"လျှောက်ထားသူတစ်ဦးတည်း၏ တရားဥပဒေအရ အုပ်ထိန်းခြင်းခံရသည့်၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားဖြစ်သောသူ၏ တရားဥပဒေအရ အုပ်ထိန်းခြင်းခံရသည့် အရွယ်မရောက်သေးသော သားသမီးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများ။

အမည်များ	ကျား၊မ	မွေးဖွားရာအရပ်	မွေးဖွားသောနေ့ရက်	လျှောက်ထားသူမဟုတ်လျှင်(အုပ်ထိန်းသူ၏အမည်နှင့်နေရပ်)

(ဃ) "အခြားနိုင်ငံခြားသားအဖြစ်ကိုလည်းကောင်း၊ စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ်အစား၊ "အခြားနိုင်ငံသားအဖြစ်ကိုလည်းကောင်း၊ စွန့်လွှတ်ကြောင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေကြောင်း" ဆိုသည့် စကား ရပ်ကို ထည့်သွင်းရမည်။

၉။ ။ နည်းဥပဒေများ၌ ပါရှိသော ပုံစံ ဂ တွင် "အခြားနိုင်ငံသားအဖြစ်ကို လည်းကောင်း၊ စွန့်လွှတ်ကြောင်း"ဆိုသည့် စကားရပ်နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။ နည်းဥပဒေများ၌ ပါရှိသော ပုံစံ ဃ တွင် "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ်နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိ ရှိသေ ကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။ နည်းဥပဒေများ၌ပါရှိသော ပုံစံ င တွင် "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ်နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးလူးသစ္စာတော်ကို စောင့်သိရှိသေ ကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

အမိန့်အရ၊

သန်းဇေ၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

တရားရေးဝန်ကြီးဌာန။

လယ်ယာမြေနှိုင်းပိုင်ပြုလုပ်ရေးဝန်ကြီးဌာန

ကျေးလက်ကြီးပွားရေးဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၁၆ ခု၊ တပို့တွဲလဆန်း ၄ ရက်။
(၁၉၅၅ ခု၊ ဇန်နဝါရီလ ၂၇ ရက်။)

အမှတ် ၂၃ ။ ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနှိုင်းပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၅၀ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ ဤဝန်ကြီးဌာနမှ ၁၃၁၆ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ (၁၉၅၄ ခု၊ ဧပြီလ ၃၀ ရက်) နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၇ ဖြင့် ထုတ်ပြန်ကြေညာသော ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနှိုင်းပိုင် ပြုလုပ်ရေးနည်းဥပဒေများတွင်၊ အောက်ပါ ပြင်ဆင်ချက်များကို ပြုလိုက်သည်။*

၁။ ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနှိုင်းပိုင်ပြုလုပ်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၈၅ နောက် တွင်၊ အောက်ပါတို့ကို အခန်း ၈ နှင့် အခန်း ၉ အဖြစ် ထည့်သွင်းရမည်။

အခန်း ၈။

လျော်ကြေး။

အပိုင်း ၁။

လျော်ကြေးလျှောက်လွှာခေါ်ယူခြင်းနှင့် တင်သွင်းခြင်း။

လျော်ကြေးလျှောက်လွှာကို နောက်ဆုံး တင်သွင်းရမည့် နေ့ရက်။

၈၆။ ။ (၁) အက်ဥပဒေပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) ခြွင်းချက်အရ ဖြစ်စေ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူနိုင်သော လယ်ယာမြေအတွက် လျော်ကြေးနှင့် အက်ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂) နှင့် (၃) တွင် ပြဋ္ဌာန်းထားသော လျော်ကြေးရရန် လျှောက်လွှာကို၊ နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်သည့် နေ့ရက် ပွင့်သော်လည်းကောင်း၊ ထိုနေ့ရက်မတိုင်မီသော်လည်းကောင်း၊ တင်သွင်းရမည်။

(၂) လျော်ကြေးအရာရှိချုပ်သည်၊ ပုံစံ ၃၄ ဖြင့် ကြော်ငြာစာထုတ်၍ လျော်ကြေးလျှောက်လွှာကို ခေါ်ယူရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း –၁၊ ၁၉၅၅ ခုနှစ်၊ မတ်လ (၁၂) ရက်၊ စာမျက်နှာ ၃၂၉။

လျော်ကြေးလျှောက်နိုင်သူများ။

၈၇။ ။ (၁) မည်သူမဆို၊ နည်းဥပဒေ ၈၆ (၁) တွင် ဖော်ပြသော လယ်ယာမြေ ကို ပိုင်ဆိုင်လျှင်၊ သို့တည်းမဟုတ် ထိုလယ်ယာမြေကို ပိုင်ဆိုင်ခွင့်ရှိ လျှင်၊ ထိုသူသည် အဆိုပါလယ်ယာမြေ နှိုင်ငံတော်က ပြန်လည် သိမ်းယူပြီးသည်ဖြစ်စေ၊ မသိမ်းယူရသေးသည်ဖြစ်စေ၊ အဆိုပါ လယ်ယာမြေအတွက် လျော်ကြေး လျှောက်လွှာကို၊ ပုံစံ ၃၅ ဖြင့် အောက်ပါနည်းဥပဒေများတွင် ဖော်ပြသည့် အတိုင်း လိုအပ်သော စာရွက်စာတမ်းများပူးတွဲ၍ သက်ဆိုင်ရာလျော်ကြေးအရာရှိရုံးသို့ သတ်မှတ်ထားသော နေ့ရက် အတွင်း တင်သွင်းရမည်။

(၂) လျော်ကြေးလျှောက်ထားရာတွင်၊ ပြန်လည်သိမ်းယူခြင်းမှ လျှောက်ထားသူ ကင်းလွတ်ခွင့်ရလိုသောလယ်ယာမြေကို ချန်လှပ်ထားရမည်။ အဆိုပါလယ်ယာမြေအတွက် ကင်းလွတ်ခွင့်ကို မရရှိလျှင်၊ ထိုလယ်ယာမြေအတွက် လျော်ကြေးရရန် လျှောက်ထားနိုင်သည်။ ထိုလျော်ကြေးလျှောက်လွှာကို၊ ကင်းလွတ်ခွင့်ရရန် လျှောက်လွှာနှင့်စပ်လျဉ်း၍ နောက်ဆုံးအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တင်သွင်းရမည်။

လျော်ကြေးလျှောက်ရန် နည်းလမ်းများ။

၈၈။ ။ (၁) လျော်ကြေးလျှောက်ထားသူသည်၊ အက်ဥပဒေ၏ဇယား ၂၊ အပိုဒ် ၂ နှင့် ၃ တွင် ဖော်ပြထားသော လယ်ယာမြေ၏ စာရင်းကို၊ ပုံစံ ၃၆(က) ဖြင့်လည်းကောင်း၊ အဆိုပါ ဇယား ၂၊ အပိုဒ် ၁ နှင့် ၄ တွင် ဖော်ပြသော လယ်ယာမြေ၏ စာရင်းနှင့် အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသော စပေါ်ငွေစာရင်းကို၊ ပုံစံ ၃၆ (ခ) ဖြင့် လည်းကောင်း၊ ခရိုင်တစ်ခုစီ အတွက် သီးခြားထပ်တူ စာရင်း ၂ စောင် ပြုလုပ်၍၊ လျော်ကြေးလျှောက်လွှာနှင့်အတူ ပူးတွဲတင်သွင်း ရမည်။ အက်ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (၃) တွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေ ကို အဆောက် အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက် လျော်ကြေးကို၊ ပုံစံ ၃၇ ဖြင့်၊ အဆောက်အအုံတစ်ခုလျှင် လျှောက်လွှာတစ်စောင်စီ တင်သွင်းရမည်။ ထို့ပြင် အဆိုပါပုံစံများတွင် ဖော်ပြချက်များသည်၊ ပြည့်စုံမှန်ကန်ကြောင်း ဝန်ခံချက်ပေးရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် လျော်ကြေးလျှောက်လွှာသည်၊ ခရိုင်တစ်ခုတည်းတွင်တည်ရှိ သော လယ်ယာမြေအတွက်ဖြစ်လျှင်၊ လျှောက်လွှာနှင့်အတူ လျှောက်ထားသူလျော်ကြေးရလိုသော လယ်ယာမြေ၏ စာရင်းတစ်စောင်ကို ပူးတွဲတင်သွင်းရမည်။

(၂) လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေအားလုံးသည်၊ ခရိုင်တစ်ခု တည်းတွင်တည်ရှိလျှင်သော်လည်းကောင်း၊ လျှောက်ထားသူလျော်ကြေးအဖြစ်ရလိုသော စပေါ်ငွေ သည်၊ ခရိုင်တစ်ခုတည်းတွင်တည်ရှိသော လယ်ယာမြေနှင့်သက်ဆိုင်လျှင်သော်လည်းကောင်း၊ လျှောက်ထားသူ လျော်ကြေးရလိုသောလယ်ယာမြေကို ကိုးတက်ကောင်းမွန်အောင်ပြုပြင်ထားသည့်

အဆောက်အအုံသည်၊ ခရိုင်တစ်ခုတည်းတွင်တည်ရှိလျှင်သော်လည်းကောင်း၊ လျော်ကြေးလျှောက်လွှာကို၊ သက်ဆိုင်ရာခရိုင် လျော်ကြေးအရာရှိရုံးသို့ တင်သွင်းရမည်။ လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေသည်၊ တစ်ခုထက်ပိုသော ခရိုင်များတွင်တည်ရှိလျှင်သော်လည်းကောင်း၊ လျှောက်ထားသူလျော်ကြေးအဖြစ် ရလိုသော စပေါ်ငွေသည်၊ တစ်ခုထက်ဖိုသော ခရိုင်များတွင်တည်ရှိသည့် လယ်ယာမြေနှင့် သက်ဆိုင်လျှင် သော်လည်းကောင်း၊ လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားသည့် အဆောက်အအုံသည်၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိလျှင်သော်လည်းကောင်း၊ လျော်ကြေးလျှောက်လွှာကို၊ လျော်ကြေးအရာရှိချုပ်ရုံးသို့ဖြစ်စေ၊ သက်ဆိုင်ရာခရိုင်တစ်ခုခုတွင် ရုံးစိုက်သည့် ခရိုင်လျော်ကြေးအရာရှိရုံးသို့ဖြစ်စေ တင်သွင်းရမည်။

(၃) လျော်ကြေးလျှောက်ထားသူသည်၊ အက်ဥပဒေ၏လယ်ား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ လျော်ကြေးကို မိမိအလိုရှိသော မြေခွန်တော်အဆအလိုက် ၈က ၁၀၀ စီခွဲခြားပြီး လယ်ယာမြေ၏ အစီအစဉ်စာရင်းပြုလုပ်၍၊ လျော်ကြေးလျှောက်ထားနိုင်သည်။

အပိုင်း ၂။

လျော်ကြေးလျှောက်လွှာကို လက်ခံခြင်းနှင့် စစ်ဆေးခြင်း။

လျော်ကြေးလျှောက်လွှာကို လက်ခံခြင်း။

၈၉။ ။ လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ လက်ခံရရှိသော လျော်ကြေးလျှောက်လွှာနှင့်ပူးတွဲပါရှိသည့် စာရွက်စာတမ်းများသည်၊ ဤနည်းဥပဒေများအရ လိုအပ်သည့်အချက်များနှင့် ပြည့်စုံသည် မပြည့်စုံသည်ကို စိစစ်ရမည်။ မပြည့်စုံလျှင်၊ လျှောက်ထားသူအား လိုအပ်သည့် အချက်များကို ဖြည့်စွက်၍ တင်သွင်းရန် ညွှန်ကြားရမည်။ လျော်ကြေးလျှောက်လွှာသည်၊ လိုအပ်သည့်အချက်များနှင့် ပြည့်စုံသည်ကိုတွေ့ရှိလျှင်၊ ထိုလျှောက်လွှာကို လက်ခံရရှိကြောင်း လက်မှတ်ကို ထုတ်ပေးရမည်။

လျော်ကြေးလျှောက်လွှာကို အမှုတွဲဖွင့်ခြင်း။

၉၀။ ။ (၁) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ လျော်ကြေးလျှောက်လွှာတစ်ခုစီအတွက် အမှုတွဲတစ်ခုဖွင့်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် လယ်ယာမြေကို အဆောက်အအုံဖြင့်တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက်၊ လူတစ်ဦးတစ်ယောက်ထံမှ တင်သွင်းသော တစ်ခုထက်ပိုသည့် လျှောက်လွှာများနှင့် စပ်လျဉ်း၍၊ ခရိုင်တစ်ခုအတွက် အမှုတွဲတစ်ခုသာ ဖွင့်ရမည်။

(၂) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ လျော်ကြေးလျှောက်လွှာနှင့်စပ်လျဉ်း၍ အမှုတွဲဖွင့်ပြီးသောအခါ၊ အမှုတွဲကို၊ ပုံစံ ၃၈အတိုင်း ထားရှိသည့် လျော်ကြေးအမှုတွဲ မှတ်ပုံတင်စာရင်းတွင် စာရင်းတင်သွင်းရမည်။

လျော်ကြေးလျှောက်လွှာကို စစ်ဆေးခြင်း။

၉၁။ ။ (၁) ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်တွင် တည်ရှိသည့် လျှောက်ထားသူ လျော်ကြေး ရလိုသော လယ်ယာမြေ၏ လယ်ယာမြေစာရင်းသည်၊ မှန်ကန်သည် မမှန်ကန်သည် ကို မြေစာရင်း ၁ က စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။ မြေစာရင်း ၁ က စာရင်းမရှိလျှင်၊ မြေစာရင်း ၂ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။ လျော်ကြေးလျှောက်လွှာသည်၊ နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးသော လယ်ယာမြေအတွက်ဖြစ်လျှင်၊ အဆိုပါလယ်ယာမြေ၏ လယ်ယာမြေစာရင်းကို၊ နိုင်ငံတော်က ပြန်လည်သိမ်းယူကြောင်းထုတ်ပြန်သော အမိန့်ကြော်ငြာစာနှင့် တိုက်ဆိုင်စစ်ဆေးရမည်။ စစ်ဆေး၍ မှန်ကန်ကြောင်းတွေ့ရှိလျှင်၊ မှန်ကန်စွာတွေ့ရှိကြောင်းကို၊ ပုံစံ ၃၆ (က) တွင်ဖြစ်စေ၊ ပုံစံ ၃၆(ခ) တွင်ဖြစ်စေ၊ သက်ဆိုင်ရာပုံစံတွင် သတ်မှတ်ထားသောနေရာ၌ သက်သေခံလက်မှတ် ရေးထိုးရမည်။

(၂) ခရိုင်လျော်ကြေးအရာရှိသည်၊ လျော်ကြေးလျှောက်လွှာနှင့်ပူးတွဲ တင်သွင်းသော လယ်ယာမြေစာရင်းများယွင်းနေသည်ကို တွေ့ရှိလျှင်သော်လည်းကောင်း၊ လျှောက်ထားသူ လျော်ကြေး ရလိုသော လယ်ယာမြေနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လျှင်သော်လည်းကောင်း၊ အဆိုပါ လယ်ယာမြေနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) လျော်ကြေးလျှောက်လွှာနှင့်ပူးတွဲတင်သွင်းသော လယ်ယာမြေစာရင်း၌ အငြင်းမပွားနိုင်သော ထင်ရှားနေသည့် မှားယွင်းချက်များကို တွေ့ရှိလျှင်၊ ထိုမှားယွင်းချက်များကို ပြင်ဆင်ပြီးနောက်၊ လျှောက်ထားသူအား ထိုသို့ပြင်ဆင်သည်ကို အကြောင်းကြားရမည်။

(ခ) မိမိ၏ခရိုင်တွင်သာတည်ရှိသော လယ်ယာမြေအတွက် လျော်ကြေးလျှောက်လွှာကို စစ်ဆေးရာ၌၊ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော ပြဿနာမှတစ်ပါး၊ အခြားမရှင်းလင်းသော အချက်များကို တွေ့ရှိလျှင်၊ မိမိက သင့်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း စုံစမ်းစစ်ဆေးပြီးနောက်၊ အမိန့်ချမှတ်ရမည်။ တစ်ခုထက်ပိုသော ခရိုင်များတွင်တည်ရှိသည့် လယ်ယာမြေအတွက် လျော်ကြေးလျှောက်လွှာနှင့် စပ်လျဉ်း၍ မိမိခရိုင်တွင်တည်ရှိသော လယ်ယာမြေအတွက် စုံစမ်းစစ်ဆေးရာ၌၊ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော ပြဿနာမှတစ်ပါး၊ အခြားမရှင်းလင်းသော အချက်များကို တွေ့ရှိလျှင်၊ မိမိက သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း

စုံစမ်းစစ်ဆေးပြီးနောက် လျှောက်လွှာနှင့် လယ်ယာမြေစာရင်းကို၊ မိမိထင်မြင်ချက်နှင့်တကွ၊ လျော်ကြေးအရာရှိချုပ်ထံသို့ အမိန့်ချမှတ်ရန် ပေးပို့ရမည်။ ထို့ပြင်

(ဂ) မိမိ၏ ခရိုင်တွင်းသာ တည်ရှိသော လယ်ယာမြေအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ မိမိ၏ခရိုင်တွင်းသာ တည်ရှိသော လယ်ယာမြေနှင့် သက်ဆိုင်သည့် စပေါ်ငွေအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ မိမိ၏ခရိုင်တွင်းသာတည်ရှိသော လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက် ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော အငြင်းပွားမှုရှိလျှင်၊ အငြင်းဖြစ်ပွားသူများအား သက်ဆိုင်ရာတရားစွဲဆိုရှင်းလင်းရန် ညွှန်ကြားရမည်။ ထိုသို့ ညွှန်ကြားပြီးနောက်၊ အဆိုပါတရားရုံး၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရမည်။ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိသည့်လယ်ယာမြေအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိသည့် လယ်ယာမြေနှင့်သက်ဆိုင်သည့် စပေါ်ငွေအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တစ်ခုထက်ပိုသော ခရိုင်များတွင်တည်ရှိသည့် လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော အငြင်းပွားမှုရှိလျှင်၊ အငြင်းဖြစ်ပွားသူများအား သက်ဆိုင်ရာတရားမရုံးတွင် တရားစွဲဆိုရှင်းလင်းရန် ညွှန်ကြားရမည်။ ထိုသို့ ညွှန်ကြားပြီးနောက်၊ သက်ဆိုင်ရာ လယ်ယာမြေစာရင်းကို၊ သို့တည်းမဟုတ် လျှောက်လွှာကို၊ မိမိ၏ အစီရင်ခံစာနှင့်တကွ၊ လျော်ကြေး အရာရှိချုပ်ထံသို့ ပေးပို့ရမည်။

(၃) လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသော လယ်ယာမြေစာရင်းတွင်၊ အခြားခရိုင်အတွင်း တည်ရှိသော လယ်ယာမြေများပါရှိလျှင်၊ ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်အတွင်းတွင်တည်ရှိသော လယ်ယာမြေ၏ လယ်ယာမြေစာရင်းတစ်စောင်ကို ချန်လှပ်၍ အမှုတွဲကို လျော်ကြေး အရာရှိချုပ်ထံသို့ ပေးပို့ရမည်။

(၄) လျော်ကြေးအရာရှိချုပ်သည်၊ အဆိုပါအမှုတွဲကို ရရှိသောအခါ၊ အမှုတွဲကို ပုံစံ၃စအတိုင်းထားရှိသည့် ၎လျော်ကြေးအမှုတွဲမှတ်ပုံစာရင်းတွင် စာရင်းတင်သွင်းပြီးနောက်၊ သက်ဆိုင်ရာအခြားခရိုင်လျော်ကြေးအရာရှိထံသို့၊ ၎င်း၏ခရိုင်တွင် တည်ရှိသော လယ်ယာမြေနှင့် စပ်လျဉ်း၍၊ နည်းဥပဒေခွဲ (၁) နှင့် (၂) တွင် ဖော်ပြသော နည်းလမ်းများအတိုင်း စုံစမ်းစစ်ဆေးစေရန်အတွက်၊ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသော သက်ဆိုင်ရာလယ်ယာမြေ၏ လယ်ယာမြေစာရင်းတစ်စောင်ကို ပေးပို့ရမည်။

(၅) ခရိုင်လျော်ကြေး အရာရှိများသည်၊ မိမိတို့၏ခရိုင်များတွင် တည်ရှိသော လယ်ယာမြေအတွက်၊ နည်းဥပဒေခွဲ (၁) နှင့် (၂) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း စုံစမ်းစစ်ဆေးပြီး လျှင်၊ လယ်ယာမြေစာရင်းကို၊ အစီရင်ခံစာနှင့်တကွ၊ လျော်ကြေးအရာရှိချုပ်ထံသို့ ပြန်လည်ပေးပို့ရမည်။

၉၂။ ။ (၁) လျော်ကြေးအရာရှိချုပ်သည်၊ မိမိထံသို့တိုက်ရိုက်တင်သွင်းသော လျော်ကြေးလျှောက်လွှာနှင့်စပ်လျဉ်း၍ အမှုတွဲဖွင့်ပြီးနောက်၊ အမှုတွဲကို၊ ပုံစံ ၃၈ အတိုင်းထားရှိသည့် လျော်ကြေးအမှုတွဲ မှတ်ပုံစာရင်းတွင် စာရင်းတင်သွင်းပြီးသောအခါ၊ လျှောက်လွှာနှင့် ပူးတွဲတင်သွင်းသော လယ်ယာမြေ စာရင်းများမှန်ကန်သည်၊ မမှန်ကန်သည်ကို စုံစမ်းစစ်ဆေးရန်အတွက်၊ လယ်ယာမြေစာရင်းတစ်စောင်စီကို၊ သက်ဆိုင်ရာခရိုင်လျော်ကြေးအရာရှိများထံသို့ ပေးပို့ရမည်။

(၂) ခရိုင်လျော်ကြေးအရာရှိများသည်၊ မိမိတို့၏ခရိုင်များတွင် တည်ရှိသော လယ်ယာမြေနှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၉၁ (၅) တွင်၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

(၃) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက် လျော်ကြေးလျှောက်လွှာကို ရရှိသောအခါ၊ နည်းဥပဒေ ၉၀ (၁)၏ ခြွင်းချက်အရ အမှုတွဲဖွင့်ပြီးနောက်၊ ပုံစံ ၃၈ အတိုင်းထားရှိသည့် လျော်ကြေးအမှုတွဲ မှတ်ပုံစာရင်းတွင် စာရင်းတင်သွင်းပြီးသောအခါ၊ အဆောက်အအုံအတွက် ကုန်ကျစရိတ်ကို စုံစမ်းစစ်ဆေးစေရန် အမှုတွဲကို ခရိုင်ဆည်မြောင်းအရာရှိထံသို့၊ သို့တည်းမဟုတ် အခြားသက်ဆိုင်ရာ အရာရှိထံသို့ ပေးပို့ရမည်။

(၄) ခရိုင်ဆည်မြောင်းအရာရှိသည်၊ သို့တည်းမဟုတ် အခြားသက်ဆိုင်ရာ အရာရှိသည်၊ အဆိုပါအမှုတွဲကို ရရှိသောအခါ၊ ၎င်းက သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း စုံစမ်းစစ်ဆေးပြီးနောက်၊ အမှုတွဲကို ၎င်း၏ထင်မြင်ချက်နှင့်တကွ၊ သက်ဆိုင်ရာ လျော်ကြေးအရာရှိထံသို့ ပြန်လည်ပေးပို့ ရမည်။

(၅) လျော်ကြေးအရာရှိချုပ်သည်၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိသည့်၊ လူတစ်ဦးတစ်ယောက်၏ လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားခြင်းအတွက် လျော်ကြေးအမှုတွဲကို ပြန်လည်ရရှိသောအခါ၊ ၎င်းက သင့်သည်ထင်မြင်သော အမိန့်ကို ချမှတ်ရမည်။

(၆) ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်တွင်သာတည်ရှိသည့်၊ လူတစ်ဦးတစ်ယောက်၏ လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင်ပြုပြင်ထားခြင်းအတွက် လျော်ကြေး အမှုတွဲကို ပြန်လည်ရရှိသောအခါ၊ ၎င်းက သင့်သည်ထင်မြင်သော အမိန့်ကို ချမှတ်ရမည်။

အပိုင်း ၃။

လျော်ကြေးတွက်ချက်ခြင်းနှင့် သတ်မှတ်ခြင်း။

လျော်ကြေးတွက်ချက်ခြင်း။

၉၃။ ။ ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်တွင်သာတည်ရှိသည့်၊ လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေ၏ လယ်ယာမြေစာရင်းကို၊ နည်းဥပဒေ ၉၁ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း စုံစမ်းစစ်ဆေး၍၊ မှန်ကန်ကြောင်းတွေ့ရှိလျှင်၊ သို့တည်းမဟုတ် အငြင်းပွားမှုမရှိလျှင်၊ အဆိုပါလယ်ယာမြေအတွက် လျော်ကြေးကို အက်ဥပဒေပုဒ်မ ၄၂ နှင့် ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တွက်ချက်ရမည်။

၉၄။ ။ လျော်ကြေးအရာရှိချုပ်သည်၊ မိမိထံသို့ တိုက်ရိုက်တင်သွင်းသည့်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိ တစ်ဦးဦးထံသို့ တင်သွင်းသည့်၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိသော လယ်ယာမြေအတွက် လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသည့် လယ်ယာမြေစာရင်းများကို၊ သက်ဆိုင်ရာ ခရိုင်လျော်ကြေးအရာရှိများက မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုး၍ ပြန်လည် ပေးပို့သောအခါ၊ အဆိုပါလယ်ယာမြေအတွက် အငြင်းပွားမှုမရှိလျှင်ဖြစ်စေ၊ လျော်ကြေးလျှောက်လွှာ မှန်ကန်သည်ဟု ယုံကြည်လျှင်ဖြစ်စေ၊ လျော်ကြေးကို၊ အက်ဥပဒေပုဒ်မ ၄၂ နှင့် ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရမည်။

၉၅။ ။ လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ မြေစာရင်း ၁ က စာရင်းတွင် အမည်ပါရှိသည့်၊ လယ်ယာမြေကို ပိုင်ဆိုင်ခွင့်ရှိသော မြန်မာလူမျိုး ပုဒ္ဓဘာသာဝင်ဖြစ်သူ၏ တိုက်ရိုက်အမွေဆက်ခံပိုင်ခွင့်ရှိသူ အမွေဆိုင်အားလုံးက သဘောတူလက်မှတ်ရေးထိုးပြီး တင်သွင်းသော လျော်ကြေးလျှောက်လွှာနှင့်စပ်လျဉ်း၍၊ လျော်ကြေးကို မည်သူ

ရထိုက်သည်ဟူသော အငြင်းပွားမှုများ မပေါ်ပေါက်လျှင်၊ အဆိုပါလျှောက်လွှာကို ကန့်ကွက်လို သူများရှိက၊ ကြေညာသည့်နေ့မှစ၍ ရက် ပေါင်း ၆၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာရမည်။ ကန့်ကွက်သူအား၊ သက်ဆိုင်ရာတရားမရုံးတွင် တရားစွဲဆိုရှင်းလင်းရန် ညွှန်ကြားပြီးနောက်၊ အဆိုပါတရားမရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရမည်။ သို့ရာတွင် ကန့်ကွက်သူ တစ်စုံတစ်ရာ မပေါ်ပေါက်သော်လည်း၊ လျှော်ကြေးလျှောက်ထားသော အမွေဆက်ခံပိုင်ခွင့်ရှိသူများ၏ အမွေဆက်ခံပိုင်ခွင့်နှင့် စပ်လျဉ်းသည့် သံသယ တစ်စုံတစ်ရာရှိလျှင်၊ ထိုလျှောက် ထားသူများအား သက်ဆိုင်ရာတရားမရုံးတွင် အမွေဆက်ခံပိုင်ခွင့် လက်မှတ်ကိုဖြစ်စေ၊ အမွေထိန်းစာကို ဖြစ်စေ၊ လျှောက်ထားတောင်းစေပြီးလျှင်၊ ထိုအမွေဆက်ခံပိုင်ခွင့်လက်မှတ်ကို သို့တည်းမဟုတ် အမွေထိန်း စာကို ရရှိသူအား၊ လျှော်ကြေးထုတ်ပေးရမည်။

(၃)။ ။ ခရိုင်လျှော်ကြေးအရာရှိသည်၊ နည်းဥပဒေခွဲ (၂)တွင် ဖော်ပြသည့်ကိစ္စမှတစ်ပါး၊ အခြားနည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသည့် လျှော်ကြေးလျှောက်လွှာကို ရရှိလျှင်၊ လျှော်ကြေးကို မည်သူ ရထိုက်သည်ဟူသော ပြဿနာကို ဖြေရှင်းရန်အလို့ငှာ၊ လျှောက်ထားသူအား သက်ဆိုင်ရာတရားမရုံး တွင် တရားစွဲဆိုရှင်းလင်းရန် ညွှန်ကြားရမည်။ အဆိုပါလျှောက်လွှာသည်၊ တစ်ခုထက်ပိုသောခရိုင်များ အတွင်းတွင်တည်ရှိသည့် လယ်ယာမြေအတွက်ဖြစ်လျှင်၊ လျှောက်ထားသူအား တရားစွဲဆို ရှင်းလင်းရန် ညွှန်ကြားပြီးနောက်၊ သက်ဆိုင်ရာ လယ်ယာမြေ၏ လယ်ယာမြေစာရင်းကို အစီရင်ခံစာ နှင့်တကွ လျှော်ကြေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်။

လျှော်ကြေးတွက်ရာ၌ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်း။

၉၇။ ။ လျှော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျှော်ကြေးအရာရှိသည်၊ လယ်ယာမြေအတွက် လျှော်ကြေးတွက်ချက်ရန်ကိစ္စ အလို့ငှာ၊ လယ်ယာမြေ၏ ပိုင်ဆိုင်ခွင့်အမျိုးအစား (Tenure) ကို၊ အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Myanmar Land and Revenue Regulation) နှင့် မြေနှင့် အခွန်တော်အက်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် အညီ ဆုံးဖြတ်ရမည်။

အပိုင်း ၄။

လျော်ကြေးထုတ်ပေးခြင်း။

ငွေမှတ်တမ်းစာအုပ်များ ထုတ်ပေးခြင်း။

၉၈။ ။ (၁) လျော်ကြေးအရာရှိချုပ်သည်၊ နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေအတွက်လျော်ကြေးကိုဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၂)တွင် ပြဋ္ဌာန်းထားသောလျော်ကြေးကိုဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၃)တွင် ပြဋ္ဌာန်းထားသောလျော်ကြေးကိုဖြစ်စေ၊ ထုတ်ပေးရန် ကိစ္စအလို့ငှာ၊ ပုံစံ ၃၉၊ သို့တည်းမဟုတ် ပုံစံ ၃၉ (က)၊ သို့တည်းမဟုတ် ပုံစံ ၃၉ (ခ) ဖြင့် ပြဋ္ဌာန်းထားသော ငွေမှတ်တမ်းစာအုပ် (Pass Book) များကို၊ သက်ဆိုင်ရာ ခရိုင်လျော်ကြေးအရာရှိများထံသို့၊ လုံလောက်စွာ ထုတ်ပေးရမည်။

(၂) လျော်ကြေးအရာရှိချုပ်သည်၊ အဆိုပါငွေမှတ်တမ်းစာအုပ်များကို အမှတ်စဉ်တပ်၍၊ ပုံစံ ၄၀ အတိုင်းထားရှိသည့် ငွေမှတ်တမ်းစာအုပ်မှတ်ပုံစာရင်းတွင် စာရင်းတင်သွင်းထားရမည်။

(၃) ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်အတွက်ရရှိသော ငွေမှတ်တမ်းစာအုပ်များကို၊ ပုံစံ ၄၁ အတိုင်း ထားရှိသည့် ငွေမှတ်တမ်းစာအုပ်မှတ်ပုံစာရင်းတွင် စာရင်းတင်သွင်းထားရမည်။

၉၉။ ။ (၁) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ ငွေမှတ်တမ်းစာအုပ်တွင် လိုအပ်သောအချက်များကို ထည့်သွင်းပြီးသောအခါ၊ ငွေမှတ်တမ်းစာအုပ်ကို လျော်ကြေးလျှောက်ထားသူသို့ ထုတ်ပေးရမည်။ တရားမရုံးတွင် တရားစွဲဆိုရှုံးလင်းရန် ညွှန်ကြားထားသော ကိစ္စများအတွက်၊ အဆိုပါတရားရုံး၏ ဆုံးဖြတ်ချက်ကို ရရှိမှသာလျှင်၊ ငွေမှတ်တမ်းစာအုပ်တွင် ထည့်သွင်းရမည်။

(၂) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ ငွေမှတ်တမ်းစာအုပ် ထုတ်ယူသူအား၊ ငွေမှတ်တမ်းစာအုပ်ရရှိကြောင်း သက်ဆိုင်ရာ အမှုတွဲတွင် လက်မှတ်ရေးထိုးစေရမည်။ လျော်ကြေးလျှောက်ထားသူ၏ နမူနာလက်မှတ်တစ်ခုကိုလည်း၊ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီးလျှင် သက်ဆိုင်ရာ ဘဏ်သို့၊ သို့မဟုတ် ငွေတိုက်သို့ ပေးပို့ရမည်။

(၃) ခရိုင်လျော်ကြေးအရာရှိသည်၊ ငွေမှတ်တမ်းစာအုပ်ကို သက်ဆိုင်သူသို့ ထုတ်ပေးပြီးသောအခါ၊ ထုတ်ပေးပြီးကြောင်း အသေးစိတ်အစီရင်ခံစာကို၊ ပုံစံ ၄၂ ဖြင့် လျော်ကြေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်။

(၄) လျော်ကြေးအရာရှိချုပ်သည်၊ မိမိ၏ရုံးမှ လျော်ကြေးလျှောက်ထားသူသို့ တိုက်ရိုက် ထုတ်ပေးသော ငွေမှတ်တမ်းစာအုပ်စာရင်းကို ပုံစံ ၄၂ တွင် ရေးမှတ်၍ လက်မှတ်ရေးထိုးထားရမည်။

၁၀၀။ ။ လျော်ကြေးအရာရှိချုပ်သည်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ၄င်း၏ အမည်ဖြင့်၊ တစ်ဦးနှင့်တစ်ဦး စပ်ဆိုင်သောစာရင်း (PLA) ကို ဖွင့်ထားရမည်။ ထို့ပြင်၊ လျော်ကြေးအရာရှိချုပ်သည်၊ ခရိုင်လျော်ကြေးအရာရှိအသီးသီးအတွက်၊ တစ်ဦးနှင့်တစ်ဦးစပ်ဆိုင် သောစာရင်းကို လိုအပ်သလို ခရိုင်ငွေတိုက်များတွင် ဖွင့်လှစ်ရန် အစီအစဉ်ပြုလုပ်ပေးရမည်။

လျော်ကြေးကို တောင်းခံခြင်း။

၁၀၁။ ။ လယ်ယာမြေကို နိုင်ငံတော်က ပြန်လည်သိမ်းယူသောအခါဖြစ်စေ၊ အက်ဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) တွင် ပြဋ္ဌာန်းထားသော လျော်ကြေးကို ဆုံးဖြတ်ပြီးသောအခါဖြစ်စေ၊ ငွေမှတ်တမ်းစာအုပ်ရရှိထား သောသူသည်၊ လျော်ကြေးကို ထုတ်ယူရန် တောင်းခံလွှာကို၊ ပုံစံ ၄၃ ဖြင့်၊ သက်ဆိုင်ရာ လျော်ကြေးအရာရှိချုပ်ထံ၊ သို့တည်းမဟုတ် ခရိုင် လျော်ကြေးအရာရှိထံ၊ ငွေ မှတ်တမ်းစာအုပ်နှင့်အတူ ပူးတွဲတင်သွင်းရမည်။

၁၀၂။ ။ (၁) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေး အရာရှိ သည်၊ ထုတ်ပေးမည့်လျော်ကြေးကို စစ်ဆေးပြီးနောက်၊ ၄င်းကို ငွေနှင့်စာချုပ်စာတမ်းခွဲခြား၍၊ ငွေမှတ်တမ်းစာအုပ်တွင်ထည့်သွင်းပြီးလျှင်၊ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။

(၂) နိုင်ငံတော်က ပြန်လည်သိမ်းယူသော၊ လယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိထားသူ၏၊ သို့တည်း မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူ၏ လယ်ယာမြေသည်၊ ခရိုင်တစ်ခုတည်းတွင်သာ တည်ရှိလျှင်၊ အဆိုပါ လယ်ယာမြေအတွက် လျော်ကြေးကိုဖြစ်စေ၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)အရ လျော်ကြေးကိုဖြစ်စေ၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (၃) အရ လျော်ကြေးကိုဖြစ်စေ၊ ထုတ်ပေးရန်အလို့ငှာ၊ သက်ဆိုင်ရာခရိုင်လျော်ကြေး အရာရှိသည် မိမိ၏ခရိုင်ငွေတိုက်မှ ငွေထုတ်ယူရန် ချက်လက်မှတ်ကို ထုတ်ပေးရမည်။

(၃) နိုင်ငံတော်က ပြန်လည်သိမ်းယူသော၊ လယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိထားသူ၏၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသူ၏ လယ်ယာမြေသည်၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိလျှင်၊ အဆိုပါ လယ်ယာမြေအတွက် လျော်ကြေးကိုဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၂) အရ လျော်ကြေးကိုဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၃) အရ လျော်ကြေးကိုဖြစ်စေ၊ ထုတ်ပေးရန် အလို့ငှာ၊ လျော်ကြေးအရာရှိချုပ်သည်၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ငွေထုတ်ယူရန် ချက်လက်မှတ်ကို ထုတ်ပေးရမည်။

၁၀၃။ ။ လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ သက်ဆိုင်ရာငွေတိုက်များမှဖြစ်စေ၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှဖြစ်စေ၊ ငွေထုတ်ယူရန် ချက်လက်မှတ်များကို ထုတ်ပေးပြီးသောအခါ၊ ငွေမှတ်တမ်းစာအုပ်တွင် လိုအပ်သော အချက်များကို ဖြည့်သွင်းပြီးနောက်၊ ငွေမှတ်တမ်းစာအုပ်ကို၊ လျော်ကြေးတောင်းခံသူသို့ ပြန်လည်ပေးရမည်။ ၄င်းစာအုပ် ပြန်လည်ရရှိကြောင်းလက်မှတ်ကို ပုံစံ ၄၄ ဖြင့် ယူထားရမည်။

၁၀၄။ ။ (၁) လျော်ကြေးငွေထုတ်ယူရန် ချက်လက်မှတ်ရရှိသူသည်၊ အဆိုပါချက်လက်မှတ်ကို၊ ငွေမှတ်တမ်းစာအုပ်နှင့်တကွ၊ သက်ဆိုင်ရာဘဏ်တွင်၊ သို့တည်းမဟုတ် ငွေတိုက်တွင် တင်ပြရမည်။

လျော်ကြေးထုတ်ပေးခြင်း။

(၂) သက်ဆိုင်ရာဘဏ်အရာရှိသည်၊ သို့တည်းမဟုတ် ငွေတိုက်အရာရှိသည်၊ ငွေမှတ်တမ်းစာအုပ်တွင်၊ လိုအပ်သောအချက်များကို မှတ်သားပြီးနောက်၊ အဆိုပါလျော်ကြေးကို ထုတ်ပေးရမည်။

(၃) လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ လျော်ကြေးအဖြစ်ထုတ်ပေးသော စာချုပ်စာတမ်းများကို ငွေနှင့်လဲလှယ်ရန် အချိန်စေ့ရောက်သောအခါ၊ အဆိုပါငွေကို ထုတ်ပေးရန် အလို့ငှာ၊ လျော်ကြေးငွေ ထုတ်ပေးသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၁၀၅။ ။ ခရိုင်လျော်ကြေးအရာရှိသည်၊ မိမိ၏ခရိုင်တွင် ထုတ်ပေးထားသော လျော်ကြေးပေးခြင်းနှင့် ငွေ၊ စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍၊ မှတ်ပုံစာရင်းကို၊ ပုံစံ ၄၅ ဖြင့် စပ်လျဉ်းသည့်အစီရင်ခံစာ။ ထားရမည့်ပြင်၊ ပုံစံ ၄၆ ဖြင့် လျော်ကြေးအရာရှိချုပ်ထံသို့ ရက်သတ္တပတ်လပ်လျှင် တစ်ကြိမ် အစီရင်ခံစာပေးပို့ရမည်။

၁၀၆။ ။ လျော်ကြေးအရာရှိချုပ်သည်၊ အစီရင်ခံစာကို စိစစ်ပြီးနောက်၊ ခရိုင်များတွင် ထုတ်ပေးသော လျော်ကြေးငွေနှင့် စာချုပ်စာတမ်းများကို၊ ပုံစံ ၄၅ ဖြင့် ထားရှိသည့် မှတ်ပုံစာရင်းတွင် ခရိုင်အလိုက် စာရင်းတင်သွင်းထားရမည်။

၁၀၇။ ။ လျော်ကြေးအရာရှိချုပ်သည်၊ မိမိနှင့် ခရိုင်လျော်ကြေးအရာရှိများက ထုတ်ပေးသော လျော်ကြေးငွေနှင့် စာချုပ်စာတမ်းများ၏ အချုပ်စာရင်းကို လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း အဆိုပါဝန်ကြီးဌာနသို့ သတ်မှတ်သောပုံစံဖြင့် ပေးပို့ရမည်။

၁၀၈။ ။ နိုင်ငံတော် သမ္မတသည်၊ နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေ အတွက်လျော်ကြေးထုတ်ပေးခြင်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ။ (၂) အရ လျော်ကြေးကို လည်းကောင်း၊ အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၃) (၃)အရ လျော်ကြေးကိုလည်းကောင်း၊ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အခါ အားလျော်စွာ လိုအပ်သော ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

၁၀၉။ ။ လျော်ကြေးအရာရှိချုပ်သည်၊ နိုင်ငံတော်သမ္မတက နည်းဥပဒေ ၁၀၈ အရ ထုတ်ဆင့်သော ညွှန်ကြားချက်များနှင့်လျော်ညီစွာ၊ လျော်ကြေးထုတ်ပေးရေးနှင့် စပ်လျဉ်း၍၊ အခါ အားလျော်စွာ လိုအပ်သော ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

အပိုင်း ၅။

အယူခံခြင်းနှင့်ပြန်လည်ပြင်ဆင်ခြင်း။

၁၁၀။ ။ (၁) နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေအတွက်ဖြစ်စေ၊ အက် ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂) အရဖြစ်စေ၊ အက်ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (၃) အရဖြစ်စေ၊ ပေးရန်လျော်ကြေးနှင့် စပ်လျဉ်း၍၊ ခရိုင်လျော်ကြေးအရာရှိက ချမှတ်သောအမိန့်ကို၊ အဆိုပါအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း၊ လျော်ကြေးအရာရှိချုပ်ထံ အယူခံနိုင်ခွင့်ရှိစေရမည်။

(၂) နည်းဥပဒေခွဲ (၁)တွင် ဖော်ပြသောလျော်ကြေးနှင့်စပ်လျဉ်း၍ လျော်ကြေး အရာရှိချုပ်က ချမှတ်သောအမိန့်ကို၊ အဆိုပါ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ထံ အယူခံနိုင်ခွင့်ရှိစေရမည်။။

၁၁၁။ ။ နိုင်ငံတော်သမ္မတသည်၊ မည်သည့်အချိန်အခါတွင်မဆို၊ လိုအပ်သည်ဟု ထင်မြင် ယူဆလျှင်၊ နည်းဥပဒေ ၁၁၀၊ နည်းဥပဒေခွဲ (၂) အရ ချမှတ်ထားသော အမိန့်ကို အတည်ပြုနိုင် သည်။ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

အခန်း ၉။

အပိုင်း ၁။

တောင်သူလယ်သမား အဖွဲ့အစည်းများဖွဲ့စည်းခြင်း။

အဖွဲ့အစည်းများ။

၁၁၂။ ။ အက်ဥပဒေပုဒ်မ ၁၂ ၏ ပုဒ်မခွဲ (၁)၊ အပိုဒ် (၈) နှင့် ပုဒ်မခွဲ (၂)၊ အပိုဒ် (ဆ) တွင် ရည်ညွှန်းသည့် "တောင်သူလယ်သမားအဖွဲ့အစည်း" ဆိုသော စကားရပ်တွင် နည်း ဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များနှင့် တောင်သူလယ်သမား အခြေခံ ကုန်ထုတ်အသင်းများလည်း ပါဝင်သည်။

မြေယာကော်မတီများကဖွဲ့စည်းခြင်း။

၁၁၃။ ။ အက်ဥပဒေပုဒ်မ ၁၆၊ အပိုဒ် (၈) အရ သက်ဆိုင်ရာ ကျေးရွာမြေယာကော်မတီများသည်၊ သို့တည်းမဟုတ် ရပ်ကွက် မြေယာကော်မတီများသည် —

(က) နည်းဥပဒေ ၆၆ အရ လယ်ယာမြေကို အကွက်ရိုက်၍ ဝေငှပြီးလျှင်၊ သက်ဆိုင်ရာ တောင်သူလယ်သမား အိမ်ထောင်သားစု အကြီးအကဲများ ပါဝင်သော အစည်းအဝေးကို ကျင်းပ၍၊ အဆိုပါ တောင်သူလယ်သမားများနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက်၊ အချင်းချင်းရိုင်းပင်းကူညီရေး အဖွဲ့များကို၊ သို့တည်းမဟုတ် တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းများကို၊ ဝဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းရမည်။

(ခ) လယ်ယာမြေကို အက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၂) အရ၊ တောင်သူလယ်သမား အဖွဲ့အစည်းများအား ဝေငှရန် နည်းဥပဒေ ၅၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်လျှင်၊ အဆိုပါလယ်ယာမြေကို ရရှိမည့် တောင်သူလယ်သမားများသည်၊ နည်းဥပဒေ ၁၁၄ (၂) ဖြင့် သတ်မှတ်ထားသော အသင်းသားဦးရေ ပြည့်လျှင်၊ အဆိုပါတောင်သူလယ်သမားများအား၊ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်း ဖွဲ့စည်းပေးရမည်။ ယင်းသို့သတ်မှတ်သော အသင်းသားဦးရေမပြည့်လျှင်၊ အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့ ဖွဲ့စည်းပေးရမည်။

၁၁၄။ ။ (၁) နည်းဥပဒေ ၁၁၃ အရ အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များကို၊ တောင်သူလယ်သမား အိမ်ထောင်သားစု အကြီးအကဲများ အနက်၊ မိမိတို့ ကြိုက်နှစ်သက်သူ အချင်းချင်း စိတ်သဘော တိုက်ဆိုင်နိုင်မည့် တောင်သူလယ်သမား အိမ်ထောင်သားစု အကြီးအကဲဦးရေ အနည်းဆုံး ၃ဦးမှ ၅ ဦး အထိ ပါဝင်စေလျက်၊ ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်း ရမည်။

အဖွဲ့ဝင်များ။

(၂) နည်းဥပဒေ ၁၁၃ အရ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းကို၊ တောင်သူလယ်သမား အိမ်ထောင်သားစု အကြီးအကဲများအနက်၊ မိမိတို့ ကြိုက်နှစ်သက်သူ အချင်းချင်း စိတ်သဘော တိုက်ဆိုင်နိုင်မည့် တောင်သူလယ်သမားအိမ်ထောင်သားစု အကြီးအကဲ ၁၂ ယောက်ထက်မနည်း ပါဝင်စေလျက်၊ ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၁၅။ ။ နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသောအချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များတွင် လည်းကောင်း၊ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းများတွင် လည်းကောင်း၊ အက်ဥပဒေ ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ရရှိသော တောင်သူလယ်သမား အိမ်ထောင်သားစုအကြီးအကဲများနှင့် အက် ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) အရဖြစ်စေ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၏ ဒုတိယခြွင်းချက် အရ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေကို ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် လက်ရှိထား သော တောင်သူလယ်သမား များမှာ ပါဝင်ခွင့်ရှိစေရမည်။

ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေကို ပိုင်ဆိုင်သူ နှင့် လက်ရှိထားသူများပါဝင်ခွင့်။

၁၁၆။ ။ (၁) နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့ များ၏၊ သို့တည်းမဟုတ် တောင်သူလယ်သမားအခြေခံ ကုန်ထုတ်အသင်းများ၏ အဖွဲ့ဝင်တို့သည်၊မိမိတို့ အိမ်ထောင်သားစု ရရှိသော လယ်ယာမြေများကို၊ မိမိတို့၏ ကျွန်းများ၊ လယ်ထွန်ကိရိယာနှင့် လုပ်အားကို ပူး ပေါင်း၍ လုပ်ကိုင်နိုင်သမျှ လုပ်ကိုင်ကြရမည်။

ပူးပေါင်း၍ လယ်ယာမြေ လုပ်ကိုင်ခြင်း။

(၂) နည်းဥပဒေခွဲ (၁) အရလယ်ယာမြေများကို ပူးပေါင်း၍ လုပ်ကိုင်ရာတွင်၊ အဆိုပါ အဖွဲ့ဝင်တို့မှာ၊ မိမိတို့၏လုပ်အား၊ ပစ္စည်းနှင့် စည်းလုံးညီညွတ်မှုကို အထောက်အထားပြု၍၊ မိမိတို့၏ ကျွန်းများ၊ လယ်ထွန် ကိရိယာနှင့် လုပ်အားကို ပူးပေါင်း၍ဖြစ်စေ၊ အဆိုပါ ကျွန်းများ၊ လယ်ထွန်ကိရိယာ၊ လုပ်အားနှင့် လယ်ယာမြေကိုပါ ပူးပေါင်း၍ဖြစ်စေ၊ လယ်ယာလုပ်ကိုင်ရာ၌ တစ်နှစ်အတွင်း လယ်ယာ လုပ်ငန်းစဉ်အားလုံးကိုဖြစ်စေ၊ မည်သည့်လုပ်ငန်းရပ်အချို့ကိုဖြစ်စေ၊ အဆင့်ဆင့် တိုးတက် ဆောင်ရွက်ခွင့်ရှိစေရမည်။

ဥပမာ။ ။ ဦးဖြူ။ စီးတားရမ်း၊ ဦးမဲနှင့် ဦးစိန်တို့၏ အိမ်ထောင်သားစုများအား အိမ်ထောင်သားစုတစ်စုလျှင်၊ တစ်တုံးထွန်လယ်ယာမြေ ၁၀ ကေစီဝေ့သည်။ အဆိုပါ အိမ်ထောင်သားစုအကြီးအကဲ ၄ ဦးတို့သည် အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့ ဖွဲ့စည်းကြ၍၊ လယ်ယာမြေများကို ထယ်ထိုး၊ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်းစသော တစ်နှစ်လုံးလုပ်ကိုင်ရမည့် လုပ်ငန်းစဉ်အားလုံး အနက်၊ မိမိတို့၏ လူအား၊ ကျွဲနွား၊ လယ်ထွန်ကိရိယာများကို ပူးပေါင်း၍၊ လယ်ယာမြေများကို ထယ်ထိုး၊ ထွန်ယက်ခြင်းအပိုင်းကိုသာ ဆောင်ရွက်ရန် ညီညွတ်ကြ၍၊ မိမိတို့အိမ်ထောင်သားစုရကြသော လယ်ယာမြေများမှထွက်သော ကောက်ပဲသီးနှံတို့ကို၊ အဆိုပါ လယ်ယာမြေများ ပိုင်ဆိုင်သူများက သီးခြားယူကြရန် သဘောတူကြသည့်အလျောက် အဆိုပါ အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့တွင် ပူးပေါင်း၍ ထယ်ထိုး၊ ထွန်ယက်သော အလုပ်ကိုသာ ဆောင်ရွက်နိုင်သည်။

ဦးပိန်ပါ ၅ အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့တွင်၊ အဖွဲ့ဝင်တို့သည်၊ လူအား၊ ကျွဲနွား၊ ကိရိယာများကို ပူးပေါင်း၍ ထယ်ထိုး၊ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်းအထိ ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။ သို့ရာတွင် လယ်ယာမြေမှထွက်သော ကောက်ပဲသီးနှံများကို လယ်ယာမြေပိုင်ဆိုင်သူများက သီးခြားယူလိုကြသည့်အလျောက်၊ သီးခြားယူနိုင်ကြသည်။

ဦးရွှေဖောင်ပါ ၆ အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့တွင်၊ လူအား၊ ကျွဲနွား၊ ကိရိယာများနှင့် လယ်ယာမြေများကို ပူးပေါင်း၍ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းသော လုပ်ငန်းစဉ်အားလုံးကို ပူးပေါင်း လုပ်ကိုင်ကြရန် သဘောတူကြ၍၊ လယ်ယာမြေထွက် ကောက်ပဲသီးနှံများကို စုပေါင်းရောင်းချကြပြီး၊ ကောက်ပဲသီးနှံရောင်းရငွေများမှ စရိတ်များနုတ်၍ အသားတင်ကျန်ငွေကို၊ လုပ်အား၊ လယ်ယာမြေ အကျယ်အဝန်းနှင့် မြေအတန်းအစားအလျောက် အချိုးကျခွဲဝေယူရန် သဘောတူကြသည်။ အဆိုပါ အဖွဲ့တွင် အဖွဲ့ဝင်များသဘောတူညီကြသော လုပ်ငန်းစဉ်အားလုံးကို၊ ဆောင်ရွက်နိုင်သည်။

လယ်ဝေးရွာတောင်သူလယ်သမားအခြေခံကုန်ထုတ်အသင်းတွင်၊ အသင်းသားဦးရေ ၂၀ အနက် ၁၅ ဦးမှာ ဝင့်သော လယ်ယာမြေကို ပိုင်ဆိုင်ကြသည်။ ၅ ဦးမှာ ကင်းလွတ်ခွင့်ရသော လယ်ယာ မြေများကို ပိုင်ဆိုင်ကြသည်။ အသင်းသားတို့၏ လုပ်အား၊ ကျွဲနွား၊ လယ်ထွန်ကိရိယာများကို ပူးပေါင်း ၍ လယ်ယာမြေများကို ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်းလုပ်ငန်းစဉ်အားလုံး ပူးပေါင်းလုပ်ကိုင်ရန်နှင့် လယ်ယာမြေမှထွက်သော ကောက်ပဲသီးနှံများကို လယ်ယာမြေပိုင်ဆိုင်သူများက သီးခြားယူကြ၍၊ မိမိတို့ ရရှိသော ကောက်ပဲသီးနှံများကို စုပေါင်းရောင်းချရန် သဘောတူကြသည်။ အဆိုပါ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းတွင် အသင်းသားတို့ အများသဘောအရ ညီညွတ်စွာ ဆောင်ရွက်နိုင်ကြသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည်။

ဘုရားကုန်းအနောက်ကျေးရွာ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းတွင် အသင်းသားဦးရေ ၃၀ ရှိသည်။ အသင်းသားဦးရေ ၂၀ မှာ လယ်မြေလုပ်ကိုင်ကြသည်။ ကျန် အသင်းသား ၁၀ ဦးမှာ ယာမြေနှင့် ကိုင်းမြေများကို လုပ်ကိုင်ကြသည်။ အသင်းသားအားလုံးတို့သည် လုပ်အား၊ ကျွဲနွား၊ ကိရိယာများကို ပူးပေါင်း၍ လုပ်ကိုင်လိုကြသည်။ လယ်မြေလုပ်သောအသင်းသား များသည်၊ လယ်မြေများကို တစ်နှစ်အတွင်း လုပ်ငန်းစဉ်အားလုံးနှင့် လယ်မြေများကို ပူးပေါင်း လုပ်ကိုင်ကြ၍၊ လယ်မြေထွက်စပါးများကို စုပေါင်းရောင်းချပြီး လယ်မြေလုပ်ငန်းအတွက် ကုန်ကျ သော စရိတ်ငွေများကို၊ ရောင်းရငွေမှ နုတ်၍ ကျန်ငွေကို လုပ်အား၊ လယ်မြေအကျယ်အဝန်း နှင့် မြေအတန်းအစားအလျောက် အချိုးကျ ခွဲဝေယူကြရန် သဘောတူသည်။ ယာမြေနှင့်ကိုင်းမြေကို လုပ်ကိုင်သော ကျန်အသင်းသား ၁၀ ဦးတို့မှာ ပူးပေါင်း ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရန် လုပ်ငန်းစဉ် များကို လုပ်ကိုင်နိုင်ကြသည်။ သို့ရာတွင် ယာမြေနှင့် ကိုင်းမြေ များမှထွက်သော အသီးအနှံများကို ပိုင်ဆိုင်သူများက သီးခြားယူကြ၍ မိမိတို့ ရရှိသော အသီးအနှံများကို စုပေါင်းရောင်းချကြရန် သဘောတူသည်။

ညောင်ပင်သာကျေးရွာ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းတွင်၊ အသင်းသား ၂၅ ဦးရှိ၏။ အသင်းသားတို့သည်၊ မိမိတို့ပိုင် ကျွဲနွား၊ လယ်ထွန်ကိရိယာများကို ကိုယ်ပိုင်အဖြစ်ထား ကြသည်။ မိမိတို့ပိုင် လယ်ယာမြေများကို အသင်းပိုင်အဖြစ် တန်ဖိုးထား၍ အသင်းသို့အပ်ကြ၏။ အဆိုပါ လယ်ယာမြေများကို၊ မိမိတို့လုပ်အား၊ ကျွဲနွား၊ လယ်ထွန်ကိရိယာများ စုပေါင်းလုပ်ကိုင်ကြ၍၊ လုပ်အားအလျောက် အကျိုးခံစားခွင့်ရကြရန်, ဆုံးဖြတ်ကြ၏။

(၃) နည်းဥပဒေခွဲ (၁) တွင် ဖော်ပြသည့် အဖွဲ့ဝင်တောင်သူလယ်သမားတို့မှာ၊ မိမိတို့ အသီး သီး၏ ကျွဲနွား၊ လယ်ထွန်ကိရိယာနှင့် လုပ်အားများဖြင့် လုပ်ကိုင်ရသည့်အတွက်၊ အဖွဲ့၏ သို့တည်းမဟုတ် အသင်း၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ ရပ်ရွာဓလေ့ထုံးစံအရဖြစ်စေ၊ မိမိတို့အသီးသီး ရသင့်သော ဝေစုများ ကို ရနိုင်ခွင့်ရှိစေရမည်။

အပိုင်း ၂။
တောင်သူလယ်သမားအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ။

၁၁၇။ ။ နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များ၏ အချင်းချင်းရိုင်းပင်းကူညီ ရေးအဖွဲ့များ။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) အဖွဲ့ဝင်တို့၏လုပ်အား၊ ကျွဲနွား၊ လယ်ထွန်ကိရိယာများနှင့် လယ်မြေများကို ပူးပေါင်းထွန်ယက်စိုက်ပျိုးလုပ်ကိုင်ရန်။

(ခ) ကောက်ပဲသီးနှံများ ပိုမိုထွက်ရှိရေးကို ဆောင်ရွက်ရန်။

(ဂ) လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သောငွေချေးယူရန်။

(ဃ) အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များ ပူးပေါင်း၍၊ တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းအဖြစ် တိုးမြှင့်ဖွဲ့စည်းရန်။

တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းများ။

၁၁၈။ ။ နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော တောင်သူလယ်သမားအခြေခံကုန်ထုတ် အသင်းများ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) အသင်းသားများ၏ စီးပွားရေးဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေးစသော လူမှုရေးရာများ တိုးတက်ကြီးပွားရေးနှင့် ဘဝသစ်တည်ဆောက်ရေး များအတွက် စီမံဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းပေါင်းစုံဆောင်ရွက်ရေး ကျေးရွာအသင်းအဆင့်သို့ တိုးတက်လာရန်၊

(ဂ) စုပေါင်းလယ်ယာဌာနကြီးများတည်ထောင်၍ ခေတ်မီစနစ်အရ လယ်ယာလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန်၊

(ဃ) အက်ဥပဒေပုဒ်မ ၃၈ အရ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်များအတိုင်း လိုအပ်သော ကောက်ပဲသီးနှံများကို စိုက်ပျိုးရန်၊

(င) အက်ဥပဒေပုဒ်မ ၃၉ အရ နိုင်ငံတော်သမ္မတက၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က၊ လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ကောက်ပဲသီးနှံပိုမိုထွက်ရှိရေးကို ဆောင်ရွက်ရန်၊

(ဆ) အသင်းသားတို့၏ လုပ်အား၊ ကျွဲနွား၊ လယ်ထွန်ကိရိယာများနှင့် လယ်ယာမြေများကို ပူးပေါင်း၍ ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီစနစ်အရဆောင်ရွက်ရန်၊

(ဇ) လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သောငွေချေးယူရန်၊

(စျ) အသင်းက စုပေါင်းလုပ်ကိုင်သော လယ်ယာမြေများမှထွက်သော ကောက်ပဲသီးနှံများ ကို စုပေါင်းရောင်းချရန်၊

(ည) လယ်ယာစိုက်ပျိုးခြင်းအတွက် လိုအပ်သော ကိရိယာများနှင့် ကျွဲနွားများကို ဝယ်ယူရန် နှင့်

(ဋ) ကောက်ပဲသီးနှံများကို သိုလှောင်ရန်အတွက်ဖြစ်စေ၊ အသင်း၏လုပ်ငန်းများအတွက် ဖြစ်စေ၊ လိုအပ်သောအဆောက်အအုံများတည်ဆောက်ရန်။

၁၁၉။ ။ နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များမှာ၊ သို့တည်းမဟုတ်တောင်သူလယ်သမားအခြေခံ ကုန်ထုတ်အသင်းများမှာ၊ အဖွဲ့ဝင်တို့၏ လုပ်အား၊ ပစ္စည်း နှင့် စည်းလုံးညီညွတ်မှုအခြေအနေကို အထောက်အထားပြု၍၊ သက်ဆိုင်ရာရည်ရွယ်ချက်များ အားလုံးကို ဖြစ်စေ၊ အဖွဲ့ဝင်များညီညွတ်စွာ ဆောင်ရွက်နိုင် ကြမည့် ရည်ရွယ်ချက်အချို့ကိုဖြစ်စေ၊ အဆိုပါရည်ရွယ်ချက် ပါ လုပ်ငန်းစဉ်များ၏ လုပ်ငန်းရပ်အချို့ကိုဖြစ်စေ၊ အဆင့်ဆင့်တိုးတက်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

အဆင့်ဆင့်တိုးတက် လုပ်ကိုင်ခြင်း။

အပိုင်း ၃။

မှတ်ပုံတင်ခြင်း။

မှတ်ပုံတင်ခြင်း။

၁၂၀။ ။ (၁) နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော တောင်သူလယ်သမား အဖွဲ့အစည်းများကို မှတ်ပုံတင်ရန်အတွက် ဤကိစ္စအလို့ငှာ၊ နိုင်ငံတော် သမ္မတက ခန့်အပ်သော အာဏာပိုင်ထံသို့ ပုံစံ ၄၇ ဖြင့် လျှောက်ထားရမည်။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်သွင်းရမည်။

(က) ပုံစံ ၄၈ ဖြင့် အသင်းကော်မတီလူကြီးများက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အစည်းအဝေးဆုံးဖြတ်ချက် မိတ္တူတစ်စောင်။

(ခ) နည်းဥပဒေ ၁၂၁၊ နည်းဥပဒေခွဲ (၂) အရ ပြုသည့်အသင်းဝင်အားလုံးတို့က လက်မှတ်ရေးထိုးထားသော အသင်းစည်းကမ်းဥပဒေ ၂ စောင်။

(၂) အသင်းစည်းကမ်းဥပဒေများမှာ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည်ဟု ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က ယူဆလျှင်၊ အသင်းကို မှတ်ပုံတင်ရမည်။

(၃) ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က မှတ်ပုံတင်ပြီးကြောင်း ပုံစံ ၄၉ ဖြင့် သက်သေခံစာတစ်စောင်ကို စည်းကမ်းဥပဒေတစ်စောင်ပေါ်တွင်ကပ်၍၊ ပုံစံ ၅၀ ဖြင့် အသင်း မှတ်ပုံတင်ကြောင်း လက်မှတ်နှင့်အတူ အသင်းသို့ပြန်ပို့ရမည်။ အဆိုပါ စည်းကမ်းဥပဒေများသည် အသင်း ၏ မှတ်ပုံတင်စည်းကမ်း ဥပဒေများဖြစ်စေရမည်။

ခြွင်းချက်။ ။ (၁) သို့ရာတွင် အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များသည် ယာယီအဖွဲ့များဖြစ်၍၊ ပုံစံ ၅၁ ဖြင့် မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(၂) အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍၊ အဆိုပါ အာဏာပိုင်က ညွှန်ကြားချက်များထုတ်နိုင်သည်။

စည်းကမ်းဥပဒေများ။ ၁၂၁။ ။ (၁) ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က တောင်သူလယ်သမားအဖွဲ့အစည်းများအတွက် သင့်လျော်သည်ဟု ယူဆသော နမူနာစည်းကမ်းဥပဒေများကို အခါအားလျော်စွာပြုနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁) အရပြုသော နမူနာစည်းကမ်းဥပဒေများကို လေ့လာလျက်၊ တောင်သူလယ်သမားအဖွဲ့အစည်းများသည်၊ အောက်ပါကိစ္စများအတွက် စည်းကမ်းဥပဒေများပြုရမည်။

(က) အသင်းအမည်နှင့်တည်ရာဌာန၊
(ခ) အသင်းနယ်နိမိတ်၊
(ဂ) အသင်း၏ရည်ရွယ်ချက်များ၊
(ဃ) အသင်းသားအဖြစ်ပါဝင်ခြင်း၊ အသင်းသားအဖြစ်မှရပ်စဲခြင်း၊
(င) အသင်းသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊
(စ) အသင်း၏ရင်းနှီးငွေများ၊
(ဆ) ချေးငွေများ၊
(ဇ) အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့်အာဏာများ၊
(စျ) ကော်မတီလူကြီးများခန့်ထားခြင်း၊
(ည) ကော်မတီလူကြီးများ၏တာဝန်ဝတ္တရားများနှင့် အာဏာများ၊
(ဋ) လယ်ယာမြေလုပ်ကိုင်ရန်အစီအစဉ်၊
(ဌ) လုပ်အားနှင့်ကိရိယာပစ္စည်းများကို စနစ်တကျ အသုံးချရန်အစီအစဉ်၊
(ဍ) ထွက်ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် သိုလှောင်ခြင်း၊
(ဎ) ပိုင်ငွေများ ခွဲဝေခြင်း၊
(ဏ) ရန်ပုံငွေများထားခြင်း၊
(တ) အသင်းသားများ ပစ္စည်းရေးဖူလုံမှု၊ ပညာ၊ ကျန်းမာ၊ ပေါင်းသင်းဆက်ဆံရေးစသော လူမှုရေးရာတိုးတက်မှုအစီအစဉ်များနှင့်
(ထ) အခြားလိုအပ်သော ကိစ္စများ။

၁၂၂။ ။ နည်းဥပဒေ ၁၁၃ အရဖွဲ့စည်းသော တောင်သူလယ်သမားအဖွဲ့အစည်းများ၏ လျော်ရန်တာဝန်။ လျော်ရန် တာဝန်မှာ ကန့်သတ်ထားသောတာဝန် (Limited Liability) ဖြစ်စေရမည်။

အပိုင်း ၄။

အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း။

၁၂၃။ ။ (၁) လယ်ယာမြေဝေငှပြီးသော ကျေးရွာများတွင် ဖွဲ့စည်းထားသည့် အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များသည်၊ ကုန်ပစ္စည်းပိုမိုတွက်ရှိရေး၊ စည်းကမ်းသေဝပ်ရေးနှင့် အခြား တိုးတက်ရေး လုပ်ငန်းအခြေအနေများကို အထောက်အထားပြု၍၊ သင့်တော်သော အချင်းချင်း ရိုင်းပင်းကူညီရေးအဖွဲ့များကို၊ ဗဟိုမြေယာ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ တောင်သူ လယ်သမား အခြေခံကုန်ထုတ်အသင်းများ ဖွဲ့စည်းရမည်။

အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း။

(၂) အဆိုပါအသင်းများဖွဲ့စည်းရာတွင် အသင်းတစ်သင်းလျှင် အနည်းဆုံး သင့်တော်သော အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့ ၄ ခုကို၊ သို့တည်းမဟုတ် အဆိုပါအသင်းတွင် အသင်းသား ၁၂ ဦးထက် မနည်းရှိရန်၊ လိုအပ်သောအဖွဲ့များကို ပူးပေါင်းဖွဲ့စည်းရမည်။

(၃) အဆိုပါအသင်းများမှာ၊ အဖွဲ့ဝင်တို့၏လုပ်အား၊ ပစ္စည်းအားနှင့် စည်းလုံးညီညွတ်ရေးများကို အထောက်အထားပြု၍ ညီညွတ်စွာဆောင်ရွက်နိုင်ကြမည့် အသင်းလုပ်ငန်းစဉ်များ၏ လုပ်ငန်းရပ်များကို အဆင့်ဆင့် တိုးတက်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

အပိုင်း ၅။

အုပ်ချုပ်ခြင်း။

၁၂၄။ ။ နည်းဥပဒေ ၁၁၃ အရ ဖွဲ့စည်းသော တောင်သူလယ်သမား အဖွဲ့အစည်းများသည်၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က အခါအားလျော်စွာ ပြဋ္ဌာန်းသော စာရင်းများ၊ မှတ်တမ်းများနှင့် စာအုပ်များ ထားရှိရမည်။

စာရင်းများ၊ စာအုပ်များ၊ ပစ္စည်းများ။

၁၂၅။ ။ (၁) အသင်း၏လုပ်ငန်းများဆောင်ရွက်ရန် အသင်းပိုင်ငွေနှင့် လိုအပ်သော ပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ၊ အဆောက်အအုံများကို ဆောက်လုပ်ရန် ဖြစ်စေ၊ ငွေမည်ရွေ့မည်မျှ အထိ သုံးစွဲနိုင်သည်ကို၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က အခါအားလျော်စွာသတ်မှတ်နိုင်သည်။

အသင်းပိုင်ငွေ သုံးစွဲခြင်း။

(၂) အဆိုပါ တောင်သူလယ်သမား အဖွဲ့အစည်းတစ်ခုသည်၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က နည်းဥပဒေခွဲ (၁) အရ သတ်မှတ်ထားသည့်ငွေထက်ပို၍ သုံးစွဲလိုပါက အဆိုပါအာဏာပိုင်ထံမှ ခွင့်ပြုချက်ကို ကြိုတင်တောင်းရမည်။

(၃) အဆိုပါ အာဏာပိုင်ထံမှ ခွင့်ပြုချက်ကို ကြိုတင်မရရှိဘဲလျက်၊ နည်းဥပဒေခွဲ (၁) အရ သတ်မှတ်ထားသည့် ငွေထက်ပို၍ အသင်းပိုင်ငွေကို သုံးစွဲလျှင်၊ ကော်မတီလူကြီးများမှာ၊ ထိုသို့ ငွေပိုသုံးစွဲ သည့်အတွက် တာဝန်ရှိစေရမည်။

၁၂၆။ ။ (၁) အရပ်ရပ်ဆိုင်ရာ အစည်းအမဝေး၏ ဆုံးဖြတ်ချက်သည်သော်လည်းကောင်း၊ ကော်မတီ၏ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ဆောင်ရွက်ချက်သည်သော်လည်းကောင်း၊ အက်ဥပဒေနှင့် ဖြစ်စေ၊ နည်းဥပဒေတစ်ခုခုနှင့်ဖြစ်စေ၊ စည်းကမ်းဥပဒေတစ်ခုခုနှင့်ဖြစ်စေ၊ မညီညွတ်ဟု၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ကယူဆလျှင်၊ ထိုဆုံးဖြတ်ချက်ကို၊ သို့တည်းမဟုတ် ဆောင်ရွက်ချက်ကို အဆိုပါအာဏာပိုင်က ပယ်ဖျက်နိုင်သည့်ပြင်၊ အဆိုပါ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ဆောင်ရွက်ချက်နှင့် သက်ဆိုင်သမျှသောမှတ်တမ်းကို၊ အသင်းဆိုင်ရာ ရေးသားချက်များမှ ပယ်ဖျက်ရန်ကိုလည်း အမိန့်ချမှတ်နိုင်သည်။

တရားမဝင်သော ပြဋ္ဌာန်းချက် နှင့် ဆောင်ရွက်ချက်များကို အရေးယူခြင်း။

(၂) နည်းဥပဒေခွဲ (၁) အရ ပယ်ဖျက်သော ပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ဆောင်ရွက်ချက် တစ်ခုခုအတွက် တာဝန်ရှိသည့် ကော်မတီလူကြီးများကိုဖြစ်စေ၊ သက်ဆိုင်ရာအသင်းကို ဖြစ်စေ၊ နိုင်ငံတော် သမ္မတက သင့်တော်သည်ဟု ယူဆသည့်အတိုင်း အရေးယူနိုင်သည်။

အပိုင်း ၆။

<u>တောင်သူလယ်သမားအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့်တာဝန်များ။</u>

၁၂၇။ ။ နည်းဥပဒေ ၁၂၀ အရ မှတ်ပုံတင်ပြီးသော အဖွဲ့အစည်းများမှာ၊ လယ်ယာစိုက်ပျိုးရေး တိုးတက်ရေး လုပ်ငန်းများနှင့် တောင်သူလယ်သမားတို့၏ လူတန်းစေ့နေမှု၊ စားမှု ဝတ်မှုတို့ကို ရှေးရှု၍ ကျေးလက်စီးပွားရေး စနစ်သစ် တည်ဆောက်ဖန်တီးသော စီမံကိန်းများအတွက် နိုင်ငံတော်အစိုးရက အခါအားလျော်စွာ

အထူးအခွင့်အရေးများ။

ကူညီထောက်ပံ့မည့် အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

ရည်ရွယ်ချက်များဒေါ်ပြည့်အစုံ ဆောင်ရွက်ခြင်း။

၁၂၈။ ။ အဆိုပါအဖွဲ့အစည်းများသည်၊ မိမိတို့၏ရည်ရွယ်ချက်များတွင်ပါရှိသော လုပ်ငန်းစဉ်များကို၊ နည်းဥပဒေ ၁၂၀ အရ အဆင့်ဆင့် ဆောင်ရွက်ကြ၍ အဖွဲ့ဝင် တို့၏လုပ်အား၊ ပစ္စည်းအားနှင့် စည်းလုံးညီညွတ်ရေးများကို တိုးတက် လာသည့်အလျောက် လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်နိုင်ရန် ကြိုးစားရမည်။

လုပ်ငန်းရပ်ဆိုင်းထားခြင်းနှင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

၁၂၉။ ။ ဤကိစ္စအလို့ငှာ၊ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်သည်၊ အက်ဥပဒေ၊ နည်းဥပဒေများနှင့်ဆန့်ကျင်၍ ဆောင်ရွက်သော တောင်သူလယ်သမား အဖွဲ့အစည်းများကိုလည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်က အက်ဥပဒေ၊ နည်းဥပဒေများအရ သင့်တော်သည်ဟု ယူဆသည့် အတိုင်း ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော တောင်သူလယ်သမားအဖွဲ့အစည်းများကိုလည်းကောင်း၊ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန်ဖြစ်စေ၊ ၎င်းတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းထားရန် ဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည်။

အပိုင်း ၇။

အယူခံခြင်း။

၁၃၀။ ။ တောင်သူလယ်သမား အဖွဲ့အစည်းမှာ၊ နည်းဥပဒေ ၁၂၉ အရ ချမှတ်သော အမိန့်ကို၊ အဆိုပါအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ထံသို့ အယူခံနိုင်ခွင့်ရှိစေရမည်။

၁၃၁။ ။ နိုင်ငံတော်သမ္မတသည်၊ မည်သည့်အချိန်အခါတွင်မဆို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်၊ နည်းဥပဒေ ၁၃၀ အရ ချမှတ်ထားသောအမိန့်ကို အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

"လျော်ကြေးပုံစံ ၃၄။
နည်းဥပဒေ ၈၆ (၂)။

လျော်ကြေးအရာရှိချုပ်ရုံး၊
ရန်ကုန်မြို့။

နေ့စွဲ၊ _____

၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေ ၈၆ အရ၊ လျော်ကြေး လျှောက်လွှာ ခေါ်ယူသောကြော်ငြာစာ။

၁။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂)၊ ခြွင်းချက်အရဖြစ်စေ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူနိုင်သော လယ်ယာမြေအတွက် လျော်ကြေးနှင့် အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂) နှင့် (၃) တွင် ပြဋ္ဌာန်းထားသော လျော်ကြေးရရန် လျှောက်လွှာများကို၊ ၁၉၅၅ ခုနှစ်၊ လ
ရက်နေ့တွင်သော်လည်းကောင်း၊ ထိုနေ့ရက်မတိုင်မီ သော်လည်းကောင်း၊ အောက်တွင်ဖော်ပြသည့် အတိုင်း၊ သက်ဆိုင်ရာလျော်ကြေးအရာရှိများထံသို့ တင်သွင်းနိုင်သည်။

၂။ အဆိုပါလျှောက်လွှာများကို၊ နည်းဥပဒေ ၈၇ (၁) တွင် ဖော်ပြထားသူများက တင်သွင်းနိုင်သည်။

၃။ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသည့် လယ်ယာမြေစာရင်းပါ လယ်ယာမြေအားလုံးသည်၊ ခရိုင်တစ်ခုတည်းတွင် တည်ရှိလျှင်၊ လယ်ယာမြေတည်ရှိရာခရိုင်တွင် ရုံးစိုက်သည့်၊ ခရိုင်လျော်ကြေးအရာရှိရုံးသို့ လျှောက်လွှာတင်သွင်းရမည်။

၄။ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသည့် လယ်ယာမြေစာရင်းပါ လယ်ယာမြေသည်၊ တစ်ခုထက်ပိုသော ခရိုင်များတွင် တည်ရှိလျှင်၊ လျော်ကြေးလျှောက်လွှာကို၊ လျော်ကြေးအရာရှိချုပ်ရုံးသို့ဖြစ်စေ၊ လယ်ယာမြေတည်ရှိရာ ခရိုင်တစ်ခုခုတွင် ရုံးစိုက်သည့် ခရိုင်လျော်ကြေးအရာရှိရုံးသို့ဖြစ်စေ တင်သွင်းရမည်။

၅။ အဆိုပါလယ်ယာမြေစာရင်းကို ပုံစံ ၃၆ (က) တွင်ဖြစ်စေ၊ ပုံစံ ၃၆ (ခ) တွင်ဖြစ်စေ၊ ဖော်ပြ၍၊ လယ်ယာမြေတည်ရှိရာ ခရိုင်တစ်ခုအတွက် ထပ်တူစာရင်း ၂ စောင်ကျစီကို၊ လျှောက်လွှာ ပုံစံ ၃၅ နှင့်အတူ ပူးတွဲ တင်သွင်းရမည်။

၆။ ၁၉၅၅ ခုနှစ်၊ လယ်ယာမြေနှိုင်းပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၃) အရ လယ်ယာမြေကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားသော အဆောက်အအုံများအတွက် လျော်ကြေးလျှောက်လွှာကို၊ ပုံစံ ၃၇ ဖြင့် သက်ဆိုင်ရာ လျော်ကြေးအရာရှိရုံးသို့ တင်သွင်းရမည်။

၇။ အပိုဒ် ၅ နှင့် ၆ တွင် ဖော်ပြထားသော ပုံစံများကို၊ လျော်ကြေးအရာရှိချုပ်ရုံး၌လည်းကောင်း၊ ခရိုင်လျော်ကြေးအရာရှိရုံး၌လည်းကောင်း၊ မြို့ပိုင်ရုံး၌လည်းကောင်း၊ အဖိုးအခမပေးဘဲ ရယူနိုင်သည်။

ဒေါ်ကြေးအရာရှိချုပ်၊
ရန်ကုန်မြို့။

နေ့စွဲ၊ _____

လျော်ကြေးပုံစံ ၃၅။
နည်းဥပဒေ ၈၇ (၁)။

၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေ ၈၇ (၁) အရ လျော်ကြေးလျှောက်လွှာ။

သို့၊

လျော်ကြေးအရာရှိချုပ်၊
_____ ရန်ကုန်မြို့။
ခရိုင်လျော်ကြေးအရာရှိ၊
_____ _____ ခရိုင်။

နေ့စွဲ၊ _____

၁။ ။ (က) လျှောက်ထားသူအမည် _____
(ခ) အဘအမည် _____
(ဂ) အလုပ်အကိုင် _____
(ဃ) နေရပ် _____

၂။ ။ လျှောက်ထားသူသည်၊ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲတင်သွင်းသည့် လယ်ယာမြေစာရင်းပါ လယ်ယာမြေနှင့် မည်ကဲ့သို့ သက်ဆိုင်သည် _____
_____
_____
_____

၃။ ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၏ ဇယား ၂၊ အပိုဒ် ၂ နှင့် ၃ တွင် ဖော်ပြထားသည့်အတိုင်း၊ ရလိုသောလျော်ကြေးကို မြေခွန်တော်အဆအလိုက် ၈က ၁၀၀ စီခွဲခြား၍ လယ်ယာမြေတည်ရှိသော ခရိုင်တစ်စုစီအတွက် ပုံစံ ၃၆ (က) ထပ်တူစာရင်း ၂ စောင်စီဖြင့် လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေစာရင်းကို၊ ဤလျှောက်လွှာနှင့် ပူးတွဲထားပါသည်။

၄။ ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဒုတိယအက်ဥပဒေ၏ ဇယား ၂၊ အပိုဒ် ၁ နှင့် ၄ အရ၊ လျှောက်ထားသူရလိုသော လျော်ကြေးအတွက် လယ်ယာမြေစာရင်းကို၊ ပုံစံ ၃၆ (ခ) ဖြင့် ခရိုင်တစ်ခုလျှင် ထပ်တူစာရင်း ၂ စောင်စီဤလျှောက်လွှာနှင့် ပူးတွဲထားပါသည်။

၅။ ။ အပိုင်စာချုပ် (Grant) သို့တည်းမဟုတ် အငှားစာချုပ် (Lease) ရရှိရန်အတွက် မူလက ပေးဆောင်ခဲ့သော စပေါ်ငွေ (Premium) ကို၊ ပုံစံ ၃၆ (ခ) တွင် ထည့်သွင်းထားပါသည်။ စပေါ်ငွေ ပေးဆောင်ခဲ့သည့် ပြေစာလက်မှတ်ကို၊ သို့တည်းမဟုတ် ပေးဆောင်ခဲ့ကြောင်းသက်သေခံ အထောက်အထားများကို ပူးတွဲထားပါသည်။

လျှောက်ထားသူလက်မှတ်။

နေ့စွဲ၊ _____

<u>လျှောက်လွှာနှင့် ပူးတွဲပါရှိသော စာရွက်စာတမ်းများ။</u>

(၁) လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေစာရင်း။ ပုံစံ ၃၆ (က) _____ ရွက်။

(၂) လျှောက်ထားသူရလိုသော လျော်ကြေးအတွက် လယ်ယာမြေစာရင်း။ ပုံစံ ၃၆ (ခ) _____ ရွက်။

(၃) ရိစစ္စတြီပြုလုပ်ပြီးသော ကိုယ်စားလှယ်ခန့်အပ်စာ။ _____ ရွက်။

(၄) တရားရုံးမှ အုပ်ထိန်းသူခန့်အပ်စာ။ _____ ရွက်။

(၅) မူလက ပေးဆောင်ခဲ့သော စပေါ်ငွေအတွက် ပြေစာလက်မှတ်၊ သို့တည်းမဟုတ် သက်သေခံ အထောက်အထား။ _____

(မလိုသောစကားရပ်များကိုဖျက်ပါ။)

ညွှန်ကြားချက်။

(က) လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေသည်၊ ဘက်၊ ကုမ္မဏီ၊ အဖွဲ့အစည်း၊ ကုန်ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုးအိမ်ထောင်သားစုပိုင်ဆိုင်သော လယ်ယာမြေဖြစ်လျှင်၊ လျှောက်ထားသူအား ၎င်း၏ကိုယ်စားလှယ် အဖြစ်ခန့်ထားသည်။ ရိုစစ္စတြီ ပြုလုပ်ထားသော ခန့်အပ်စာကို၊ ဤလျှောက်လွှာနှင့် ပူးတွဲပါရှိစေရ မည်။

(ခ) အဆိုပါ လယ်ယာမြေသည်၊ ပစ္စည်းမခွဲဝေရသေးသော အမွေဆိုင်အိမ်ထောင်သားစုပိုင်ဆိုင်သော လယ်ယာမြေဖြစ်လျှင်၊ လျှောက်လွှာကို၊ ထိုအမွေဆိုင်အိမ်ထောင်သားစုတွင် ပါဝင်သူအားလုံး လက်မှတ် ရေးထိုးရမည်၊ သို့တည်းမဟုတ် ၎င်းတို့အားလုံး၏စာဖြင့် ရေးသားသဘောတူညီချက်အရ၊ အမွေဆိုင် တစ်ဦးက သို့တည်းမဟုတ် အမွေဆိုင်များက လက်မှတ်ရေးထိုးရမည်။

(ဂ) အဆိုပါလယ်ယာမြေသည်၊ စိတ်ပေါ်သွပ်သူ၊ သို့တည်းမဟုတ် အရွယ်မရောက်သေးသူပိုင်ဆိုင်လျှင်၊ လျှောက်ထားသူအား အုပ်ထိန်းသူအဖြစ် တရားရုံးမှ ခန့်အပ်စာကို လျှောက်လွှာနှင့် ပူးတွဲပါရှိစေရမည်။

(ဃ) အဆိုပါလယ်ယာမြေအားလုံးသည်၊ ခရိုင်တစ်ခုတည်းတွင်တည်ရှိလျှင်၊ လျှောက်လွှာတွင် လျှောက်ထားသူ လျော်ကြေးရလိုသော လယ်ယာမြေ၏ စာရင်းတစ်စောင်ကိုသာ ပူးတွဲရမည်။

လျော်ကြေးအရာရှိချုပ်ရုံး၊

_____ ရန်ကုန်မြို့။

ခရိုင်လျော်ကြေးအရာရှိရုံး၊

_____ ခရိုင်။

လျော်ကြေးလျှောက်လွှာကို လက်ခံရရှိကြောင်းလက်မှတ်

လျှောက်ထားသူအမည် _____

နေရပ် _____

_____

အထက်ပါလျော်ကြေးလျှောက်ထားသူထံမှ အောက်တွင်ဖော်ပြသော လျော်ကြေးလျှောက်လွှာကို လက်ခံရရှိပါကြောင်း။

(က) နေ့စွဲ _____ ဖြင့်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနှိုင်းငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၁) အရ၊ လျော်ကြေးလျှောက်လွှာ။

(ခ) နေ့စွဲ _____ ဖြင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနှိုင်းငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၂) အရ လျော်ကြေးလျှောက်လွှာ။

လက်မှတ် _____

လျော်ကြေးအရာရှိချုပ်။

ခရိုင်လျော်ကြေးအရာရှိ၊

_____ ခရိုင်။

နေ့စွဲ၊ _____ ။

လျှောက်ထားသူလျော်ကြေး

အထက်မြန်မာပြည်မြေနှင့်အခွန်တော်ဥပဒေအရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်သည့်လယ်ယာမြေ မြေနှင့်အခွန်တော်အက်ဥပဒေ ပုဒ်မ ၇ အရ၊ အခွင့်အရေးများ ရရှိပြီးလျှင်၊ အဆိုပါ ဥပဒေ

လျှောက်ထားသူအမည် _____ နေရပ် _____

မြို့နယ်	ကျေးရွာအမည်	ကွင်း		မြေစာရင်း ၁ က စာရင်းတွင် ပါရှိသူ၏အမည်		ဦးပိုင်အမှတ်	ဧရိယာ	
		အမှတ်	အမည်	အမည်	နေရပ်		ဧက	ဒသမ
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)

လျှောက်ထားသူ၏ဝန်ခံချက်။

၁။ ဤစာရင်းတွင် ဖော်ပြပါရှိသော လယ်ယာမြေများသည်၊ လျှောက်ထားသူဖြစ်စေ၊ လျှောက်ထားသူအား ရိုစစ္စတြီပြုလုပ်၍၊ ကိုယ်စားလှယ်ခန့်ထားသောဘက်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ကုန်ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် ပစ္စည်းမဲ့ဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု ဖြစ်စေ၊ လျှောက်ထားသူအားတရားရုံးမှ အုပ်ထိန်းသူအဖြစ်ခန့်အပ်ခြင်းခံရသော၊ စိတ်ပေါ့သွပ်သူ၊ အရွယ်မရောက်သေးသူဖြစ်စေ၊ ပိုင်ဆိုင်ခွင့်ရရှိထားသော၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသောလယ်ယာမြေ အားလုံးဖြစ်ပါကြောင်း။(မဆိုင်သောစကားရပ်များကိုပယ်ဖျက်ပါ။)

၂။ အထက်တွင်ဖော်ပြသောလယ်ယာမြေမှအပ၊ ယခုလျှောက်ထားသောခရိုင်အတွင်း၊ လျော်ကြေးလျှောက်ရန် အခြားလယ်ယာမြေမရှိပါကြောင်း။

၃။ အထက်ဖော်ပြပါလယ်ယာမြေအတွက် မည်သည့်ခရိုင်တွင်မျှ လျော်ကြေးလျှောက်လွှာတင်သွင်းခြင်းမပြုခဲ့ပါကြောင်း။

၄။ ကင်းလွတ်ခွင့်ရပြီးသော၊ သို့တည်းမဟုတ် လျှောက်ထားသူ ကင်းလွတ်ခွင့်ရလိုသော လယ်ယာမြေကို၊ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲပါရှိသော လယ်ယာမြေစာရင်းတွင် ထည့်သွင်းခြင်းမပြုပါကြောင်း။

၅။ လျှောက်ထားသူလျော်ကြေးရလိုသော လယ်ယာမြေသည်၊ အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေအရ၊ နိုင်ငံတော်ပိုင်ဟု သတ်မှတ်သည့် လယ်ယာမြေမှအပ အဆိုပါဥပဒေအာဏာတည်သောဒေသများတွင် တည်ရှိသည့် အခြားလယ်ယာမြေနှင့် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၇ အရ၊ အခွင့်အရေးများရရှိပြီးလျှင်၊ အဆိုပါအက်ဥပဒေအာဏာတည်သောဒေသများတွင် တည်ရှိသည့် လယ်ယာမြေဖြစ်ပါကြောင်း။

အောက်တွင်လက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုပါသည်။

လျှောက်ထားသူ၏ လက်မှတ်နှင့် နေ့စွဲ _____

လျော်ကြေးပုံစံ ၃၆ (က)။

နည်းဥပဒေ ၈၈(၁)၊ ၉၁(၁) နှင့် ၉၅။

ရလိုသော လယ်ယာမြေစာရင်း။

မှအပ အဆိုပါဥပဒေအာဏာတည်သော ဒေသများတွင်တည်ရှိသည့် အခြားလယ်ယာမြေနှင့် အာဏာတည်သောဒေသများတွင် တည်ရှိသည့် လယ်ယာမြေပေါင်း။

လယ်ယာမြေတည်ရှိသောခရိုင် _____

ခိုင်ကြေးမပါ ရေခွန်တော်အပါ အဝင်ဖြစ် သည့် မြေခွန်တော် (၁၀)	အမိန့်ကြော်ငြာစာဖြင့်သိမ်းယူသော လယ်ယာမြေ				ဇယားကွက် ၁၄ နှင့် ၁၅ အရ ကျသင့်သော လျော်ကြေး (၁၆)	အကြောင်းအရာ (၁၇)
	ကျသင့်သော လျော်ကြေး (၁၁)	အမိန့်ကြော်ငြာစာ		သိမ်းယူသော ဧရိယာ		
		အမှတ် (၁၂)	နေ့စွဲ (၁၃)	က (၁၄)	ဒသမ (၁၅)	

(က) ဇယားကွက် ၁ မှ ၁၀ အထိစစ်ဆေးသူ၏ လက်မှတ်နေ့စွဲနှင့်ရာထူး။ _____

(ခ) ဇယားကွက် ၁၁တွင် တွက်ချက်၍ ထည့်သွင်းသူ၏ လက်မှတ် နေ့စွဲ နှင့် ရာထူး။ _____

(ဂ) ဇယားကွက် ၁၁ တွင် ကျသင့်သော လျော်ကြေးများကို စစ်ဆေးသူ ၏ လက်မှတ် နေ့စွဲနှင့်ရာထူး။ _____

(ဃ) ဇယားကွက် ၁၂ မှ ၁၆ အထိ ထည့်သွင်းသူ၏ လက်မှတ် နေ့စွဲနှင့် ရာထူး။ _____

အထက်ပါဇယားကွက် ၁၁ မှ ၁၆ အထိ စာရင်းများကို စစ်ဆေးပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျော်ကြေးအရာရှိချုပ်။
ခရိုင်လျော်ကြေးအရာရှိ။
_____ ခရိုင်။

မှတ်ချက်။ ။ (၁) လျှောက်သူသည်၊ ဇယားကွက် ၁ မှ ၁၀အထိ ထည့်သွင်းရမည်။
(၂) ဇယားကွက် ၁၁ မှ ၁၇ အထိ သက်ဆိုင်ရာအရာရှိက ထည့်သွင်းရမည်။

လျှောက်ထားသူလျော်ကြေး

အထက်မြန်မာပြည် မြေနှင့်အခွန်တော်ဥပဒေအရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ပြီးလျှင်၊ အဆိုပါဥပဒေ အရ အခွင့်အရေးများ ရရှိပြီးဖြစ်သည့်၊ လယ်ယာမြေများမှအပ၊ အဆိုပါ အက်ဥပ

လျှောက်ထားသူအမည် _____ နေရပ် ____

မြို့နယ် အမှတ် (၁)	ကျေးရွာ (၂)	ကွင်း အမည် (၃)	ကွင်း အမည် (၄)	မြေစာရင်း ၁ က စာရင်း တွင်ပါရှိသူ၏ နေရပ် (၅)	မြေစာရင်း ၁ က စာရင်း တွင်ပါရှိသူ၏ အမည် (၆)	ဦးပိုင် အမှတ် (၇)	ရိယာ ဒသမ (၈)	ရိယာ မြေခွန်တော် (၉)	ခိုင်ကြေးမပါ၊ရေခွန်တော်အပါ အဝင်ဖြစ်သည့် (၁၀)

လျှောက်ထားသူ၏ဝန်ခံချက်။

၁။ ဤစာရင်းတွင် ဖော်ပြပါရှိသော လယ်ယာမြေများသည်၊ လျှောက်ထားသူဖြစ်စေ၊ လျှောက်ထားသူအား ရီစဉ်တြိပြုလုပ်၍၊ ကိုယ်စားလှယ်ခန့်ထားသောဘက်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ကုန်ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် ပစ္စည်းမဲ့ဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု ဖြစ်စေ၊ လျှောက်ထားသူအားတရားရုံးမှ အုပ်ထိန်းသူအဖြစ်ခန့်အပ်ခြင်းခံရသော၊ စိတ်ပျက်သွပ်သူ၊ အရွယ်မရောက်သေးသူဖြစ်စေ၊ ပိုင်ဆိုင်ခွင့်ရရှိထားသော၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသောလယ်ယာမြေ အားလုံးဖြစ်ပါကြောင်း။(မဆိုင်သောစကားရပ်များကိုပယ်ဖျက်ပါ။)

၂။ အထက်တွင်ဖော်ပြသောလယ်ယာမြေမှအပ၊ ယခုလျှောက်ထားသောခရိုင်အတွင်း၊ လျော်ကြေးလျှောက်ရန် အခြားလယ်ယာမြေမရှိပါကြောင်း။

၃။ အထက်ဖော်ပြပါလယ်ယာမြေအတွက် မည်သည့်ခရိုင်တွင်မျှ လျော်ကြေးလျှောက်လွှာတင်သွင်းခြင်းမပြုခဲ့ပါကြောင်း။

၄။ ကင်းလွတ်ခွင့်ရပြီးသော၊ သို့တည်းမဟုတ် လျှောက်ထားသူ ကင်းလွတ်ခွင့်ရလိုသော လယ်ယာမြေကို၊ လျော်ကြေးလျှောက်လွှာနှင့် ပူးတွဲပါရှိသော လယ်ယာမြေစာရင်းတွင် ထည့်သွင်းခြင်းမပြုပါကြောင်း။

၅။ လျှောက်ထားသူလျော်ကြေးရလိုသော လယ်ယာမြေသည်၊ အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေအရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ပြီးလျှင်၊ အဆိုပါဥပဒေအာဏာတည်သောဒေသများတွင်တည်ရှိသည့် လယ်ယာမြေနှင့် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၇ အရ၊ အခွင့်အရေးများရရှိပြီးဖြစ်သည့် လယ်ယာမြေများမှအပ အဆိုပါအက်ဥပဒေ အာဏာတည်သော ဒေသများတွင် တည်ရှိသည့် လယ်ယာမြေများဖြစ်ပါကြောင်း။

အောက်တွင်လက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုပါသည်။

လျှောက်ထားသူ၏၊ လက်မှတ်နှင့် နေ့စွဲ _____ ...

လျော်ကြေးပုံစံ ၃၄ (ခ)။

နည်းဥပဒေ ၈၈(၁)၊ ၉၁(၁) နှင့် ၉၅။

ရလိုသော လယ်ယာမြေစာရင်း။

အာဏာတည်သော ဒေသများတွင်တည်ရှိသည့်၊ လယ်ယာမြေနှင့် မြေနှင့်အခွန်တော်အက်ဥပဒေ ပုဒ်မ ၇ ဒေအာဏာတည်သောဒေသများတွင် တည်ရှိသည့် အခြားလယ်ယာမြေများစာရင်း။

_____ လယ်ယာမြေတည်ရှိရာခရိုင် _____ ။

မူလကပေးခဲ့ရသော စပေါ်ငွေ			ကျသင့်သော လျော်ကြေး		အမိန့်ကြော်ငြာစာဖြင့် သိမ်းယူသော လယ်ယာမြေ				ဇယား ၁၈ နှင့် ၁၉ အရကျသင့်သော လျော်ကြေး	အကြောင်းအရာ
					အမိန့်ကြော်ငြာစာ		သိမ်းယူသော ဧရိယာ			
ခုနှစ်	အမှုတွဲအမှတ်	ငွေ	လယ်ယာမြေအတွက်	စပေါ်ငွေအတွက်	အမှတ်	နေ့စွဲ	ဧက	ဒဿမ		
(၁၁)	(၁၂)	(၁၃)	(၁၄)	(၁၅)	(၁၆)	(၁၇)	(၁၈)	(၁၉)	(၂၀)	(၂၁)

(က) ဇယားကွက် ၁၅၁၃အထိ စစ်ဆေးသူ၏ လက်မှတ်နေ့စွဲနှင့် ရာထူး။

(ခ) ဇယားကွက် ၁၄တွင် တွက်ချက်၍ ထည့်သွင်းသူ၏ လက်မှတ် နေ့စွဲနှင့်ရာထူး။

(ဂ) ဇယားကွက်၁၄တွင် ကျသင့်သော လျော်ကြေးများကို စစ်ဆေးသူ ၏လက်မှတ်နေ့စွဲနှင့်ရာထူး _____

(ဃ) ဇယားကွက် ၁၅ မှ ၁၉ အထိ ထည့်သွင်းသူ၏ လက်မှတ် နေ့စွဲနှင့် ရာထူး _____

အထက်ပါဇယားကွက် ၁၅ မှ ၁၉ အထိ စာရင်းများကို စစ်ဆေးပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျော်ကြေးအရာရှိချုပ်။

ခရိုင်လျော်ကြေးအရာရှိ။

_____ ခရိုင်။

မှတ်ချက်။ ။ (၁) လျှောက်သူသည်၊ ဇယားကွက် ၁ မှ ၁၃ အထိ ထည့်သွင်းရမည်။

(၂) ဇယားကွက် ၁၄မှ ၂၀ အထိ သက်ဆိုင်ရာအရာရှိက ထည့်သွင်းရမည်။

လျော်ကြေးပုံစံ ၃၇။

နည်းဥပဒေ ၈၈ ။

၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေ ၈၈ အရ၊ လျော်ကြေးလျှောက်လွှာ။

သို့၊

လျော်ကြေးအရာရှိချုပ်၊

_____ ရန်ကုန်မြို့။

ခရိုင်လျော်ကြေးအရာရှိ၊

_____ ခရိုင်။

နေ့စွဲ၊ _____

၁။ ။ (က) လျှောက်ထားသူအမည်။ _____

(ခ) အဘအမည်။ _____

(ဂ) အလုပ်အကိုင်။ _____

(ဃ) နေရပ်။ _____

၂။ ။ လျှောက်ထားသူပိုင်ဆိုင်သော လယ်ယာမြေအတွက် လျော်ကြေးလျှောက်လွှာကို နေ့စွဲ_____ဖြင့်၊ လျော်ကြေးအရာရှိချုပ်ရုံးသို့/ _____ ခရိုင်၊ ခရိုင်လျော်ကြေး အရာရှိရုံးသို့ တင်သွင်းပြီးဖြစ်ပါသည်။

၃။ ။ လျှောက်ထားသူလျော်ကြေးရလိုသော အဆောက်အအုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အဆောက်အအုံအမျိုးအမည်နှင့်အတိုင်းအတာ။ _____

(ခ) အဆောက်အအုံတည်ရှိရာနေရာ။ _____

(ဂ) အဆောက်အအုံစတင်တည်ဆောက်သောနှစ်။ _____

(ဃ) အဆောက်အအုံအတွက် လျှောက်ထားသူက ကုန်ကျသောစရိတ်။ _____

_____ _____

(c) အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေသော ကွင်းအမှတ်နှင့် ဦးပိုင်

အမှတ်များ။ _____

(စ) အဆောက်အအုံကို နောက်ထပ်ပြင်ဆင်သော ခုနှစ်နှင့် လျှောက်ထားသူ ကုန်ကျသောငွေပေါင်း။ _____

၄။ ။ အထက်တွင်ဖော်ပြချက်များသည် အမှန်ဖြစ်ကြောင်း ဝန်ခံပါသည်။

လျှောက်ထားသူလက်မှတ် _____

နေ့စွဲ _____

မှတ်ချက်။ ။ အဆောက်အအုံတစ်ခုစီအတွက် သီးခြားလျှောက်လွှာတစ်စောင်တင်သွင်းရမည်။

လျော်ကြေးအရာရှိချုပ်ရုံး၊

_____ ရန်ကုန်မြို့။

ခရိုင်လျော်ကြေးအရာရှိရုံး၊

_____ ခရိုင်။

လျော်ကြေးလျှောက်လွှာကို လက်ခံရရှိကြောင်းလက်မှတ်။

လျှောက်ထားသူအမည် _____

နေရပ် _____

အထက်ပါလျော်ကြေးလျှောက်ထားသူထံမှ၊ အောက်တွင် ဖော်ပြသော လျော်ကြေးလျှောက်လွှာကို လက်ခံရရှိပါကြောင်း။

နေ့စွဲ _____ ဖြင့်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက် ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၃) အရ၊ လျော်ကြေးလျှောက်လွှာ။

လက်မှတ် _____

လျော်ကြေးအရာရှိချုပ်။

_____

ခရိုင်လျော်ကြေးအရာရှိ။

_____ ခရိုင်။

နေ့စွဲ၊ _____

လျော်ကြေးအမှုတွဲ

အမှတ်စဉ်		အမှုအစပြုသည့်နေ့စွဲ	လျှောက်ထားသူအမည်	အမှုအမျိုးအမည်
လျော်ကြေးအရာရှိချုပ်ရုံး	ခရိုင်လျော်ကြေးအရာရှိရုံး			
(၁)	(၂)	(၃)	(၄)	(၅)

လျော်ကြေးပုံစံ ၃၈။

နည်းဥပဒေ ၉၀ (၂)၊ ၉၁ (၄) နှင့် ၉၂ (၁)။

မှတ်ပုံစာရင်း။

လျော်ကြေးအမိန့် ချမှတ်သည့်နေ့စွဲ (၆)	ချမှတ်သည့်အမိန့် (၇)	ငွေမှတ်တမ်း (၈)	လျော်ကြေးပေးပြီး အမှုတွဲပိတ်သည့်နေ့စွဲ စာအုပ်အမှတ် (၉)	အကြောင်းအရာ (၁၀)

နိုင်ငံတော်ကပြန်လည်သိမ်းယူနိုင်သော လယ်မြေကပေါင်း _____

လယ်ယာမြေကိုသိမ်းယူလျှင် ရသင့်သောလျော်ကြေးငွေကျပ် _____

သိမ်းယူသည့် ဧရိယာ (ဧက) (၁)	ကျန်သေးသည့် ဧရိယာ(ဧက) (၂)	ကျန်သေးသည့် ဧရိယာအတွက် ရသင့်သော လျော်ကြေးငွေ (၃)	သိမ်းယူသည့်လယ်ယာမြေအတွက် ကျသင့်သောလျော်ကြေး				
			စာချုပ်			ငွေ	
			အမျိုးအမည် (၄)	တန်ဘိုး (၅)	ထုတ်ပေးသည့် နှုန်းစံ (၆)	ကျပ် (၇)	ချက်လက်မှတ် အမှတ် (၈)

နည်းဥပဒေ ၉၀ (၁)။ လျော်ကြေးပုံစံ ၃၉။

လျော်ကြေးအရာရှိ၊
ခရိုင်။

စုစုပေါင်း လျော်ကြေး (၅+၇) (၉)	ငွေထုတ်ပေးမည့် ငွေတိုက်၊ သို့မဟုတ် ဘဏ် (၁၀)	လျော်ကြေးအရာရှိ လက်မှတ်နှင့်နေ့စွဲ (၁၁)	ထုတ်ပေးသည့် ငွေတိုက်အရာရှိ လက်မှတ်နှင့်နေ့စွဲ (၁၂)	စာချုပ်များတန်ဘိုး ထုတ်ပေးသည့် အရာရှိလက်မှတ် နှင့် နေ့စွဲ (၁၃)	အကြောင်း အရာ (၁၄)

အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂) အရ၊ ရသင့်သောလျော်ကြေးငွေကျပ် _____

စပေါ်ငွေအတွက် ထုတ်ပေးသောလျော်ကြေး					
စာချုပ်			ငွေ		
အမျိုးအမည် (၁)	တန်ဖိုး (၂)	ထုတ်ပေးသည့် နေ့စွဲ (၃)	ကျပ် (၄)	ချက်လက်မှတ် အမှတ် (၅)	စုစုပေါင်းလျော်ကြေး (၆)

နည်းဥပဒေ ၉၀ (၁)။ လျော်ကြေးပုံစံ ၃၉ (က)။

လျော်ကြေးအရာရှိ၊
_____ ခရိုင်။

ပေးရန်ကျန်သေးသည့် လျော်ကြေးငွေ (၇)	ငွေထုတ်ပေးသည့် ငွေတိုက်၊ သို့မဟုတ် ဘဏ် (၈)	လျော်ကြေးအရာရှိ လက်မှတ် နှင့်နေ့စွဲ (၉)	ထုတ်ပေးသည့် ငွေတိုက်အရာရှိ လက်မှတ်နှင့်နေ့စွဲ (၁၀)	စာချုပ်များတန်ဘိုး ထုတ်ပေးသည့် အရာရှိလက်မှတ် နှင့် နေ့စွဲ (၁၁)	အကြောင်းအရာ (၁၂)

အက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (၂) အရ၊ ရသင့်သောလျော်ကြေးငွေကျပ် _____

စပေါ်ငွေအတွက် ထုတ်ပေးသောလျော်ကြေး					
စာချုပ်			ငွေ		စုစုပေါင်းလျော်ကြေး
အမျိုးအမည် (၁)	တန်ဖိုး (၂)	ထုတ်ပေးသည့် နှုန်းစွဲ (၃)	ကျပ် (၄)	ချက်လက်မှတ် အမှတ် (၅)	(၆)

လျော်ကြေးပုံစံ ၃၉ (ခ)။
နည်းဥပဒေ ၉၈ (၁)။

လျော်ကြေးအရာရှိ၊
_____ ခရိုင်။

ပေးရန်ကျန်သေးသည့် လျော်ကြေးငွေ (၇)	ငွေထုတ်ပေးသည့် ငွေတိုက်၊ သို့မဟုတ် ဘဏ် (၈)	လျော်ကြေးအရာရှိ လက်မှတ် နှင့်နေ့စွဲ (၉)	ထုတ်ပေးသည့် ငွေတိုက်အရာရှိ လက်မှတ်နှင့်နေ့စွဲ (၁၀)	စာချုပ်များတန်ဘိုး ထုတ်ပေးသည့် အရာရှိလက်မှတ် နှင့် နေ့စွဲ (၁၁)	အကြောင်းအရာ (၁၂)

လျော်ကြေးပုံစံ ၄၀။
နည်းဥပဒေ ၉၈ (၂)။

လျော်ကြေးအရာရှိချုပ်ရုံးအတွက်၊ ငွေမှတ်တမ်းစာအုပ်မှတ်ပုံစာရင်း။

အမှတ်စဉ် (၁)	ငွေမှတ်တမ်းစာအုပ် အမှတ်များ (၂)	မည်သူသို့ထုတ်ပေးသည် (၃)	ထုတ်ပေးသောနေ့စွဲ (၄)	အကြောင်းအရာ (၅)

လျော်ကြေးပုံစံ ၄၁။
နည်းဥပဒေ ၉၈ (၃)။

ခရိုင်လျော်ကြေးအရာရှိရုံးအတွက်၊ ငွေမှတ်တမ်းစာအုပ်မှတ်ပုံစာရင်း။

ရရှိသောငွေမှတ်တမ်းစာအုပ်အမှတ်များ (၁)	ရရှိသောနေ့စွဲ (၂)	ထုတ်ပေးသောငွေမှတ်တမ်းစာအုပ်အမှတ်များ (၃)	ထုတ်ပေးသောနေ့စွဲ (၄)	လက်ကျန်ငွေမှတ်တမ်းစာအုပ်အမှတ်များ (၅)	အကြောင်းအရာ (၆)

ငွေမှတ်တမ်းစာအုပ် ပဌမအကြိမ်ထုတ်

ငွေမှတ်တမ်းစာအုပ်အမှတ် (၁)	အမှုတွဲအမှတ် (၂)	မည်သူ့အားထုတ်ပေးသည်		သိမ်းယူနိုင်သောမြေရိယာအားလုံး (ဧက) (၅)
		အမည် (၃)	နေရပ် (၄)	

ဇယား ———

နည်းဥပဒေ ၉၉ (၃) (၄)။ လျော်ကြေးပုံစံ ၄၂။

ပေးခြင်းနှင့်စပ်လျဉ်းသောအစီရင်ခံစာ။

ရသင့်သောလျော်ကြေးငွေ				အကြောင်းအရာ
လယ်ယာမြေအတွက် (၆)	ပုဒ်မ ၄၂ ပုဒ်မခွဲ (၂) အရ (၇)	ပုဒ်မ ၄၂ ပုဒ်မခွဲ (၃) အရ (၈)	စုစုပေါင်း (၉)	(၁၀)

လျော်ကြေးအရာရှိ၊

_____ ခရိုင်။

လျော်ကြေးပုံစံ ၄၃။

နည်းဥပဒေ ၁၀၁။

နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေအတွက် လျော်ကြေး တောင်းခံသောလျှောက်လွှာ။

_____ ခရိုင် _____ မြို့နယ် _____

ကျေးရွာနယ်မြေ_____ ကျေးရွာရှိ _____

ကွင်းအမှတ် _____ တွင် တည်ရှိသော၊ ကျွန်တော်/ကျွန်မ ပိုင်ဆိုင်သည့် ဦးပိုင်အမှတ် _____ ဧရိယာရှိ လယ်ယာမြေကို၊ နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သဖြင့်၊ ရသင့်သောလျော်ကြေးငွေကျပ် _____ အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၂)အရ လျော်ကြေးငွေကျပ် _____ နှင့် အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (၃)အရ လျော်ကြေးငွေကျပ် _____ ကို ထုတ်ပေးပါရန်လျှောက်ထားပါသည်။ လျော်ကြေးငွေ မှတ်တမ်းစာအုပ်အမှတ် _____ ကို ပူးတွဲတင်သွင်းပါသည်။ အဆိုပါလျော်ကြေး ငွေအတွက် ယခင်က တောင်းခံခြင်းမပြုခဲ့ ကြောင်း ဝန်ခံပါသည်။

ငွေထုတ်ယူလိုသည့် ငွေတိုက်အမည် _____

_____

နေ့စွဲ ။ _____ လက်မှတ်။

အမည် _____ ။

နေရပ် _____ ။

မောင်/မ _____ ထံမှ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေအတွက် လျော်ကြေးစပေါ်ငွေအတွက် လျော်ကြေး၊ အဆောက်အအုံအတွက် လျော်ကြေး တောင်းခံသော လျှောက်လွှာနှင့် လျော်ကြေးငွေ မှတ်တမ်းစာအုပ်အမှတ် _____ ကို ရရှိပါသည်။

လျော်ကြေးအရာရှိ

_____/ခရိုင်/ ဗဟိုရုံးကြီး။

နေ့စွဲ၊_____

လျော်ကြေးပုံစံ ၄၄။

နည်းဥပဒေ ၁၀၃။

ငွေမှတ်တမ်းစာအုပ် ရရှိကြောင်းလက်မှတ်။

_____ ခရိုင်/ ဗဟိုရုံးကြီး။

လျော်ကြေးအရာရှိထံမှငွေကျပ် _____

အတွက် _____ ငွေတိုက်တွင်၊ ထုတ်ယူရန်ချက်လက်မှတ်

အမှတ် _____ ကျပ် _____ တန် _____

_____ စာချပ် (_____) ခုနှင့် လျော်ကြေးငွေမှတ်တမ်း

စာအုပ်အမှတ် _____ ကို ရရှိပါကြောင်း။

_____

လက်မှတ်။

အမည် _____

နေရပ် _____

_____

_____

နေ့စွဲ၊ _____

ပေးသင့်သောလျော်ကြေးနှင့်ပေးပြီး

အမှုတွဲအမှတ် (၁)	လယ်ယာမြေပိုင်ဆိုင်သူအမည်နှင့်နေရပ် (၂)	လျော်ကြေးငွေမှတ်တမ်းစာအုပ်အမှတ် (၃)	သိမ်းယူနိုင်သောလယ်ယာမြေအားလုံး၏ဧရိယာ(ဧက) (၄)	ကျသင့်သောလျော်ကြေး (၅)	စပေါ်ငွေအတွက်လျော်ကြေး (၆)	အဆောက်အအုံအတွက်လျော်ကြေး (၇)	သိမ်းယူသည့်ဧရိယာ(ဧက) (၈)

စပေါ်ငွေအတွက် ထုတ်ပေးသောလျော်ကြေး						လက်ကျန်စပေါ်ငွေ (၂၃)	အဆောက်အအုံ	
စာချုပ်			ငွေ				စာချုပ်	
အမျိုးအစား (၁၇)	တန်ဖိုး (၁၈)	ထုတ်ပေးသည့်နေ့စွဲ (၁၉)	ကျပ် (၂၀)	ချက်လက်မှတ်အမှတ် (၂၁)	စုစုပေါင်းလျော်ကြေး (၂၂)		အမျိုးအစား (၂၄)	တန်ဖိုး (၂၅)

လျော်ကြေးပုံစံ ၄၅။

နည်းဥပဒေ ၁၀၅၊ ၁၀၆နှင့် ၁၀၇။

သောလျော်ကြေးမှတ်ပုံတင်စာရင်း။။

သိမ်းယူသည့်ဧရိယာအတွက်ထုတ်ပေးငွေ						ကျန်သေးသည့်ဧရိယာ (ဧက) (၁၅)	ကျန်သည့်ဧရိယာအတွက် ကျသင့်သောလျော်ကြေး (၁၆)
စာချုပ်			ငွေ				
အမျိုးအစား (၉)	တန်ဖိုး (၁၀)	ထုတ်ပေးသည့်နေ့စွဲ (၁၁)	ကျပ် (၁၂)	ချက်လက်မှတ်အမှတ် (၁၃)	စုစုပေါင်းလျော်ကြေး (၁၄)		

အတွက်ထုတ်ပေးသောလျော်ကြေး				အဆောက်အအုံအတွက်လက်ကျန်ငွေ (၃၀)	လျော်ကြေးထုတ်ပေးသောငွေတိုက် (သို့မဟုတ်)ဘဏ် (၃၁)	လျော်ကြေးအရာရှိလက်မှတ်နှင့်နေ့စွဲ (၃၂)	အကြောင်းအရာ (၃၃)
	ငွေ						
ထုတ်ပေးသည့်နေ့စွဲ (၂၆)	ကျပ် (၂၇)	ချက်လက်မှတ်အမှတ် (၂၈)	စုစုပေါင်းလျော်ကြေး (၂၉)				

ပေးသင့်သောလျော်ကြေးနှင့်ပေးပြီး

အမှုတွဲအမှတ် (၁)	လယ်ယာမြေပိုင်ဆိုင်သူအမည်နှင့်နေရပ် (၂)	လျော်ကြေးငွေမှတ်တမ်းစာအုပ်အမှတ် (၃)	သိမ်းယူနိုင်သောလယ်ယာမြေအားလုံး၏ဧရိယာ(ဧက) (၄)	ကျသင့်သောလျော်ကြေး (၅)	စပေါ်ငွေအတွက်လျော်ကြေး (၆)	အဆောက်အအုံအတွက်လျော်ကြေး (၇)	သိမ်းယူသည့်ဧရိယာ(ဧက) (၈)

စပေါ်ငွေအတွက် ထုတ်ပေးသောလျော်ကြေး						လက်ကျန်စပေါ်ငွေ (၂၃)	အဆောက်အအုံ	
စာချုပ်		ငွေ					စာချုပ်	
အမျိုးအစား (၁၇)	တန်ဖိုး (၁၈)	ထုတ်ပေးသည့်နေ့စွဲ (၁၉)	ကျပ် (၂၀)	ချက်လက်မှတ်အမှတ် (၂၁)	စုစုပေါင်းလျော်ကြေး (၂၂)		အမျိုးအစား (၂၄)	တန်ဖိုး (၂၅)

လျော်ကြေးပုံစံ ၄၆။

နည်းဥပဒေ ၁၀၅။

သောလျော်ကြေးမှတ်ပုံတင်စာရင်း

သိမ်းယူသည့်ရေယာအတွက်ထုတ်ပေးငွေ						ကျန်သေးသည့်ရေယာ (ဇက) (၁၅)	ကျန်သည့်ရေယာအတွက် ကျသင့်သည့်လျော်ကြေး (၁၆)
စာချုပ်		ငွေ					
အမျိုးအစား (၉)	တန်ဖိုး (၁၀)	ထုတ်ပေးသည့်နေ့စွဲ (၁၁)	ကျပ် (၁၂)	ချက်လက်မှတ်အမှတ် (၁၃)	စုစုပေါင်းလျော်ကြေး (၁၄)		

အတွက်ထုတ်ပေးသောလျော်ကြေး				အဆောက်အအုံအတွက် လက်ကျန်ငွေ (၂၀)	လျော်ကြေးထုတ်ပေးသောငွေတိုက် (သို့မဟုတ်)ဘဏ် (၂၁)	လျော်ကြေးအရာရှိ လက်မှတ်နှင့်နေ့စွဲ (၂၂)	အကြောင်းအရာ (၂၃)
ငွေ							
ထုတ်ပေးသည့်နေ့စွဲ (၂၆)	ကျပ် (၂၇)	ချက်လက်မှတ်အမှတ် (၂၈)	စုစုပေါင်းလျော်ကြေး (၂၉)				

လက်ရှိရံပုံငွေ _____

ယခုထုတ်ပေးသောလျော်ကြေးငွေ _____

လက်ကျန်ရံပုံငွေ _____

လျော်ကြေးအရာရှိ၊

_____ခရိုင်။

အသင်းမှတ်ပုံတင်ရန် လျှောက်လွှာ။ ပုံစံ ၄၇။

သို့

အမှုဆောင်အရာရှိချုပ်၊
လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဌာန၊
ရန်ကုန်မြို့။

နေ့စွဲ၊ ၁၉၅ ခု၊ လ ရက်။

အောက်တွင် လက်မှတ်ရေးထိုးကြသူ တောင်သူလယ်သမားတို့က ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ နှင့် ၄၄းအရ ပြဋ္ဌာန်းသော နည်းဥပဒေများနှင့်အညီ ကျွန်တော်တို့၏ _____ ကျေးရွာတွင် တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းကို ၁၉၅ ခုနှစ်၊ လ နေ့တွင် တည်ထောင်ဖွဲ့စည်းပြီးဖြစ်ပါ၍၊ ဤအသင်းကို မှတ်ပုံစာရင်းတင်သွင်းပါရန် လျှောက်ထားပါသည်။

မှတ်ပုံတင်ရန် အသင်းအမည်မှာ _____ ဖြစ်ပါသည်။

အသင်း၏တည်ရာဌာနမှာ _____ခရိုင်၊ _____
မြို့နယ်၊ _____ ကျေးရွာတွင် ဖြစ်ပါသည်။

ယခုလျှောက်လွှာနှင့်အတူ အသင်းတည်ထောင်ဖွဲ့စည်းခြင်းအတွက် ကျင်းပသော အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်း၏ မိတ္တူတစ်စောင်နှင့် အသင်းသားများ လက်မှတ်ရေးထိုးကြပြီးသော အသင်းစည်းကမ်းဥပဒေ ၂ စောင်ကိုပါ တင်ပို့ပါကြောင်း။

လျှောက်ထားသူအသင်းသားများ၏ ကိုယ်တိုင်လက်မှတ်။

၁။ _____

၂။ _____

၃။ _____

၄။ _____

၅။ _____ _____

၆။ _____

၇။ _____

အသင်းဖွဲ့စည်းရန်ကျင်းပသောအစည်းအဝေးကြိုး၏မှတ်တမ်း။ ပုံစံ ၄။

နေ့စွဲ၊ _____

_____ ခရိုင်၊ _____

မြို့နယ်၊ _____ ကျေးရွာ။

အစည်းအဝေးသို့ တက်ရောက်သူများ။ (၁) _____

(၂) _____ (၃) _____

_____

_____

_____

အထက်ဖော်ပြပါ ဒေတာင်သူလယ်သမား ( )ဦးတို့က ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၁၃နှင့် ၄င်းအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ _____ ကျေးရွာတွင် တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်းတစ်သင်းကို ဖွဲ့စည်းလိုကြပါ၍၊ ၁၉၅၅ ခုနှစ်၊ _____ လ _____ နေ့တွင် _____ ကျေးရွာ၌ အစည်းအဝေးကြိုး ကျင်းပ၍ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို အများသဘောတူ ဆုံးဖြတ်ကြပါသည်။

(၁) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၃ နှင့် ၄င်းအရ ပြဋ္ဌာန်းသော နည်းဥပဒေများနှင့်အညီ၊ _____ ကျေးရွာတွင် တောင်သူလယ်သမား အခြေခံကုန်ထုတ်အသင်း လိမိတက် အမည်နှင့်အသင်း ဖွဲ့စည်းရန် ဆုံးဖြတ်ကြပါသည်။

(၂) အသင်းဝင်အားလုံးတို့သည် အသင်း၏ စည်းကမ်းဥပဒေများကို ဖတ်ရှုနားလည်ကြပြီး၍၊ ဤစည်းကမ်းဥပဒေများကို အတည်ပြုရန် သဘောတူ ဆုံးဖြတ်ကြပါသည်။

(၃) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေနှင့်အဆိုပါ အက်ဥပဒေအရ ပြဋ္ဌာန်းသော နည်းဥပဒေများနှင့် အသင်းစည်းကမ်းဥပဒေများတွင် သတ်မှတ်ထားသော တာဝန်ဝတ္တရားနှင့် အခွင့်အရေးများကို ခံယူထမ်းဆောင်ကြရန် ဆုံးဖြတ်ကြပါသည်။

အထက်ပါ မှတ်တမ်းများ မှန်ကန်ကြောင်းကို အသင်းကော်မတီ လူကြီးများက အောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

(၁) ဥက္ကဋ္ဌ _____

(၂) အတွင်းရေးမှူး _____

(၃) ကော်မတီများ _____

ပုံစံ ၄၉။

အာသင်းစည်းကမ်းဥပဒေမှတ်ပုံတင်လက်မှတ်။

အာသင်းအမည် _____

မှတ်ပုံတင်အမှတ် _____

၁၉ ခုနှစ်၊ _____ လ _____ ရက် နေ့စွဲနှင့် အာသင်းစည်းဝေးချက်အမှတ် _____ တွင်၊ ဤစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူပြဋ္ဌာန်းကြပါ၍၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေများအရ မှတ်ပုံတင်ပြီးပါကြောင်း။

အမှုဆောင်အရာရှိချုပ်။

နေ့စွဲ ၊ _____

ပုံစံ ၅၀။

မှတ်ပုံတင်အမှတ် **နိုင်ငံတော်တံဆိပ်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်

လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အမှုဆောင်အရာရှိချုပ်ရုံး

ရန်ကုန်မြို့

၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၃ နှင့် ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေ _____ အရ၊ _____ ခရိုင် _____ ၊ မြို့နယ် _____ အသင်းလိမိတက်ကို၊ ၁၉၅၅ ခုနှစ်၊ _____ လ _____ ရက် နေ့တွင် မှတ်ပုံတင်ပြီး၍ အသင်း၏မှတ်ပုံတင်အမှတ်မှာ _____ ဖြစ်ပါကြောင်း။

အမှုဆောင်အရာရှိချုပ်။

ရုံး _____

ပုံစံ ၅၁။

အချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့. ဖွဲ့စည်းခြင်း။

သို့

အမှုဆောင်အရာရှိချုပ်
လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန။
ရန်ကုန်မြို့။

နေ့စွဲ ၊ ၁၉၅ ခုနှစ်၊ လ ရက်။

ခရိုင် _____ မြို့နယ် _____ ကျေးရွာဒိုင်။

အောက်တွင်လက်မှတ်ရေးထိုးကြသူတို့သည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြု လုပ်ရေး အက်ဥပဒေပုဒ်မ ( ) နှင့် ထိုအက်ဥပဒေအရ၊ ပြုလုပ်ထားသည့် နည်းဥပဒေများ တွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ အချင်းချင်းရိုင်းပင်း ကူညီရေးအဖွဲ့. ဖွဲ့စည်းရခြင်း အကြောင်း အကျိုးကျေးဇူးများကို သိရှိနားလည်ကြပြီး ပူးပေါင်း၍ လယ်ယာလုပ်ကိုင်ရာတွင်၊ တာဝန် ဝတ္တရားများ ကို မပျက်မကွက် ထမ်းဆောင်ရန် သဘောတူညီကြပါသဖြင့်၊ ၁၉၅ ခုနှစ်၊ _____ လ _____ ရက်နေ့တွင် လယ်ယာ လုပ်ကိုင်ရေးအဖွဲ့.တစ်ဖွဲ့.ကို ဖွဲ့စည်းကြပါသည်။ အဖွဲ့. ဖွဲ့စည်းပြီးကြောင်း အသိအမှတ်ပြုပါရန် အစီရင်ခံပါသည်။

အဖွဲ့.ကို စီမံအုပ်ချုပ်ရန်အတွက် ဖော်ပြပါလူကြီးများကို ဥက္ကဋ္ဌနှင့် ဆော်ဩသူအဖြစ် အများ သဘောတူ၊ ရွေးကောက်တင်မြှောက်ကြပါသည်။

(၁) _____ ဥက္ကဋ္ဌ။
(၂) _____ ဆော်ဩသူ။

အမှတ်စဉ်	အမည်	အသက်	အဘအမည်	နေရပ်	လုပ်ကိုင်သောလယ်ယာမြေ		ကိုယ်တိုင်လက်မှတ်
					ဦးပိုင်	ဧရိယာ	
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)

MINISTRY OF FINANCE AND REVENUE
EXCISE AND REVENUE BRANCH

The 24th February 1955.

No. 63. — In exercise of the powers conferred by section 17 of the Lower Myanmar Town and Village Lands Act, 1898, the President of the Union directs, that the following amendments shall be made in the Rules under the said Act, as subsequently amended.*

Rules 37 to 40, in Chapter IV, *shall be cancelled* and the following *substituted* in their place:–

"37 to 40, *cancelled*."

By order,

THAUNG LWIN,
Addl. Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ မတ်လ (၂၆)ရက်၊ စာမျက်နှာ - ၄၂၅

MINISTRY OF FINANCE AND REVENUE

Ba Ma (IV) BRANCH

Yangon, the 14th March 1955.

No. 74.– The President hereby directs that the following amendment shall be made to the Foreign Service Travelling Allowance Rules which were published in the Ministry of Finance and Revenue Notification No.132, dated the 14th June 1951 :–*

1. Insert the following as a new sub-clause below Rule 12 of the Foreign Service Travelling Allowance Rules :–

> "The homeward journey performed by an officer who has been notified as proceeding on leave to Myanmar preparatory to his transfer to a new post in another locality, shall be treated as a journey on transfer."

2. This amendment shall have immediate effect.

By order,

KYAW NYUN,
Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ မတ်လ (၂၆)ရက်၊ စာမျက်နှာ - ၄၂၇

MINISTRY OF LABOUR

Yangon, The 1st April 1955.

No. 32.– Under sub-section (5) of section 26 of the Payment of Wages Act, the following amendments which it is proposed to make in the Payment of Wages Rules, 1937, published with the Government of Myanmar, Commerce and Industry Department Notification No.40, dated the 1st April 1937, together with Form VI, are published for general information:–*

For Rule 5, the following *shall be substituted,* namely :–

"every factory or industrial establishment or railway, the paymaster shall maintain a register of wages in respect of persons employed, whether permanent or temporary, in Form VI.

Provided that if the Inspector is of the opinion that wages register maintained by the paymaster gives in respect of all the persons employed, the particulars required under this rule, he may by order in writing direct that such register shall, to the corresponding extent, be maintained in place of and be treated as register required by this rule."

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီ(၉)ရက်၊ စာမျက်နှာ - ၅၇၉ မှ ၅၈၀ထိ

FORM OF RECORD

Form VI - PART A

Serial No.	Name of the Employee	Father'sName	Sex	Place and Date of Birth
(1)	(2)	(3)	(4)	(5)

NOTE. - 1. All sheets shall be filled in order according to the form in which wages daily, hourly) and, if considered expedient, by departments (e.g.,factory,
2. Column (4) - Put M for males and F for females.
3. Column (8) - Please put appropriate word: D=discharged, V=left

FORM VI- PART B

MONTHLY WAGE RECORDS

For the month of

Serial No.	Name of the Employee	Form of Wages		Amount of Wages payable during the month		Deductions with		
		On Time Basis	Piece Work			Fines	Absent from Duty	Provident Fund
(1)	(2)	(3)	(4)	(5)		(6)	(7)	(8)
				K	P			

Note. - 1. In column (3) put M for monthly, W for weekly, D for daily and H for
2. For column (12) to (15) - Intervals of at least one day shall be indicated period by the employer (in full or in part, in that case, what amount) – or not.

OF WAGES

Occupation (6)	Date of Joining Service (7)	Date and Reason of Termination of Service (D. V. S) (8)	Remarks (9)

are paid, separately for employees on monthly time basis and those paid (weekly, repair shop, office). if any.

employment voluntarily, S=dismissed.

(Signature of Paymaster.)

FOR EMPLOYEES

195

indication of reason			Interruption of work with indication of reason				Amount of Wages Actually Paid During the Month		Remarks
Trade Union Subscriptions (9)	House Accommo-dation (10)	Others (11)	Annual leave (12)	Casual leave (13)	Absent without reason (14)	Others (15)	(16)		(17)
							K	P	

hourly.

including its reasons and with information whether wages have been paid for that

(Signature of Paymaster)

MINISTRY OF JUDICIAL AFFAIR

The 22nd April 1955.

No. 156.– The President directs that the following amendment shall be made in the Subordinate Civil Judicial Service Rules, 1946, published under the Home and Judicial Department Notification No. 395, dated the 13th August 1946, as subsequently amended :—

In rule 13 of the said rules after the words "or offices under the control of the" the words "Supreme Court and the" *shall be inserted.* *

No. 157.— The President directs that, for the purpose of recruiting candidates to the Myanmar Judicial Service (Junior Branch), during the year 1955 only, the provision of the rules contained in the Subordinate Civil Judicial Service Rules, 1946, published under the Home and Judicial Department Notification No. 395, dated the 13th August 1946, as subsequently amended, shall be relaxed to the extent stated below:–

(1) *Rule 14.* – One-half of the vacancies in the Myanmar Judicial Service (Junior Branch) shall be filled by selection and the remaining half by direct appointment. If a sufficient number of candidates for direct appointment is not obtainable, vacancies for direct appointing shall be filled by selection.

(2) *Rule 15(1) (c).*– The age of candidates on the 1st January 1955 shall not exceed 45 years.

(3) *Rule 10.*– Candidates, who have passed the intermediate (Part B) Examination shall be eligible for appointment.

By order,

MAUNG NI,

Addl. Secretary to the Govt. of the Union of Myanmar.

Ministry of Judicial Affairs.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အတိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၃၀)ရက်၊ စာမျက်နှာ - ၆၆၂

အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၁၆ ခု၊ တပေါင်းလဆန်း ၅ ရက်။
(၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်။)

အမှတ် ၉၂။ ။ ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၉ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဌာန (သာသနာရေးဌာနခွဲ) ၏ ၁၃၁၅ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက် (၁၉၅၄ခု ဖေဖော်ဝါရီလ ၂၇ ရက်) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈ဖြင့် ပြင်ဆင်ထားသည့် ၁၉၅၂ ခုနှစ်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ ငွေစာရင်းထားရှိခြင်း နည်းဥပဒေ * များတွင် ၁၉၅၅ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့မှ စ၍ အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်လိုက်သည်။

အဆိုပါ နည်းဥပဒေများ၌ ပူးတွဲထားသည့် ပုံစံ ၂၃၊ ရ - သုံး မှန်းခြေငွေစာရင်းများကို အသေးစိတ် ခွဲခြားဖော်ပြသော စာရင်းတွင် "အသုံးငွေများ" ဆိုသည့် ခေါင်းစဉ်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်များ၏ "ဃ။ ဖြန့်ချိရေးအဖွဲ့ငယ်" ဆိုသည့် ခေါင်းစဉ်ကြီး၌–

(က) ခေါင်းစဉ်ငယ် ၇ အစား၊ အောက်ပါကို ခေါင်းစဉ်ငယ် ၇ အဖြစ် ထည့်သွင်းရမည်။
"၇။ နိုင်ငံခြားဆက်သွယ်ရေးနှင့် သာသနာပြုရေး၊"

(ခ) ခေါင်းစဉ်ငယ် ၈ ကို ပယ်ဖျက်ရမည်။

(ဂ) ရှိရင်းခေါင်းစဉ်ငယ် ၉၊ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့ကို ခေါင်းစဉ်ငယ် ၈၊ ၉၊ ၁၀၊ ၁၁ နှင့် ၁၂ အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

အမိန့်အရ

တင်မောင်
ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဌာန။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၃၀)ရက်၊ စာမျက်နှာ - ၆၇၆

အလုပ်သမားဝန်ကြီးဌာန
အလုပ်သမား ဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၁၇ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်။
(၁၉၅၅ ခု၊ ဧပြီလ ၁၈ ရက်။)

အမှတ် ၄၅။ ။ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံ စနစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၂၂ အရ၊ အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက် နိုင်ငံတော်သမ္မတ က၊ အိမ်ယာဆောက်လုပ်ရေးနှင့် အလုပ်သမားဝန်ကြီးဌာန၏ ၁၉၅၂ ခု၊ စက်တင်ဘာလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၇တွင် ပါရှိသည့် ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုအသက်အာမခံ နည်းဥပဒေများတွင် အောက်ပါ ပြင်ဆင်ချက်များကို ပြုလုပ်လိုက်သည်။*

(က) နည်းဥပဒေ ၈ (၁) ၏ အောက်တွင်လက်ရှိ ခြွင်းချက်အစား၊ အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"<u>ခြွင်းချက်</u>။ ။ သို့ရာတွင် လစဉ်လစာနှင့် အမှုထမ်းနေသူများအတွက် ထိုသူများ သည် ပြည်သူပြည်သားအနေဖြင့် အသက်အာမခံထားခဲ့သော်၊ သက်ဆိုင် ရာ လစာထုတ်ပေးရမည့် အာဏာပိုင်များက ကျသင့်သည့် ပရီမီယံကို အာမခံထားသူများ၏ လစာမှ နုတ်ယူ၍ အဖွဲ့သို့ မပျက်မကွက် ပေးသွင်းပါမည်ဟု တာဝန်ယူပါက ဤနည်းဥပဒေအရ တင်သွင်းငွေပေးသွင်းရန် လိုသည့် စည်းကမ်းချက်မှအဖွဲ့က ကင်းလွတ်ခွင့်ပြုနိုင်သည်။"

(ခ) နည်းဥပဒေ ၁၃ (၂) ၏ အောက်တွင် အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"<u>ခြွင်းချက်</u>။ ။ သို့ရာတွင် လစဉ်လစာနှင့် အမှုထမ်းနေသူများအတွက်၊ ထိုသူများ သည် ပြည်သူပြည်သားအနေဖြင့် အသက်အာမခံထားခဲ့သော် သက်ဆိုင်ရာ လစာထုတ်ပေးရမည့် အာဏာပိုင်များက ကျသင့်သည့် ပရီမီယံကို အာမခံထားသူ

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၃၀)ရက်၊ စာမျက်နှာ - ၆၈၃

မျာ်း၏လစာမှနုတ်ယူ၍ အဖွဲ့သို့ မပျက်မကွက် ပေးသွင်းပါမည်ဟု တာဝန်ယူပါက နှစ်စဉ် ပရီမီယံပေါ်တွင် တစ်ကျပ်လျှင် ခုနစ်ပြားကျ ပို၍ ပေးရန်မလို။"

အမိန့်အရ၊

မောင်မောင်၊
ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား ဝန်ကြီးဌာန။

MINISTRY OF FINANCE AND REVENUE
EXCISE AND TAXES BRANCH

Yangon, the 3rd May 1955.

No. 148.— Under section 65 of the Myanmar Excise Act, 1917, as subsequently amended, the President directs that the following amendments shall be made to the undermentioned rules in Myanmar Excise Rules published in Excise Department Notification No. 107, dated the 21st December 1928, as amended to date:*—

For the first sentence in Excise Rule 42, the following *shall be substituted*:—

"Confiscated alcoholic liquor of illicit manufacture shall ordinarily be destroyed but, in cases of large seizures, it may be sold to a State Board or Department conducting the distribution and sale of such liquor at a nominal price fixed by the Collector if the liquor is reported to be wholesome and fit for consumption."

By order,

THAUNG LWIN,
Addl. Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* ျမန္မာနိုင္ငံေတာ္အစိုးရ ဩဂုတ္ ၁၀ ၁၉၅၅ ခုနစ္၊ မေလ (၂၈) ရက္၊ စာမ်က္နွာ - ၈၃၉၊

MINISTRY OF MINES
MINERALS BRANCH

Yangon, the 11th May 1955.

No. 11.— Under section 38^A of the Land and Revenue Act, Section 23^A of the Lower Myanmar Towns and Village Lands Act, section 31 of the Upper Myanmar Land and Revenue Regulation, section 33 of the Forest Act and section 3 of the Union Mineral Resources (Grant of Right of Exploitation) (Enabling) Act (Act No. 47 of 1949), the President directs that the following amendment shall be made to the Mineral Concessions Rules published with Industry and Labour Department Notification No. 67, dated the 9th November 1946, as subsequently amended by the Ministry of Industry and Mine's Notification No. 41, dated the 28th December 1949 and Notification No.52, dated the 23rd December 1950.*

In schedule A to the said Rules, *for* the existing entry in the second column *against* "all other minerals not specified above" the following *shall be substituted* namely:–

"2½ per cent for a period of seven years from the 28th December 1949 and thereafter 5 percent, on the sale value at the pit's mouth, or on the surface of the dressed are or metal, convertible at the option of the President to an equivalent charge per ton to be fixed annually or for a term, on such basis of valuation as may be agreed with the licensee or the lessee."

By order,

BALWANT SINGH,

Addl. Secretary to the Govt. of the Union of Myanmar,

Ministry of Mines.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း- ၁၊ ၁၉၅၅ ခုနှစ်၊ မေလ (၂၈) ရက်၊ စာမျက်နှာ - ၈၆၈။

ချင်းရေးရာဝန်ကြီးဌာန

အရပ်ရပ်စီရင်အုပ်ချုပ်မှုဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၁၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်။
(၁၉၅၅ ခုနှစ်၊ မေလ ၂၅ ရက်။)

အမှတ် ၂၅။ ။ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၃၈-က နှင့် ပုဒ်မ ၄၃ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမ္မတသည်၊ အောက်ပါ နည်းဥပဒေများကို ပြုလုပ်လိုက်သည်။*

၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများ။

၁။ ။ (၁) ဤနည်းဥပဒေများကို၊ ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများဟု ခေါ်ရမည်။

(၂) ဤနည်းဥပဒေများသည်၊ ၁၃၁၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ (၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်) နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ချင်းဝိသေသတိုင်း၊ တိုင်းမင်းကြီး၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာလျက်၊ ခရိုင်ကော်လိတ်တော်အရာရှိမှာ၊ မိမိခရိုင်အတွင်း ယစ်မျိုးစိမ်အုပ်ချုပ်မှုအတွက် တာဝန်ရှိရမည်။ နယ်ပိုင်ဝန်ထောက်များမှာ မိမိတို့နယ်များအတွင်းတွင်၊ ယစ်မျိုးနှင့်စပ်လျဉ်းသည့် အမှုကိစ္စအရပ်ရပ်ကို ကြီးကြပ်ကြည့်ရှုအုပ်ချုပ်ရန် တာဝန်ရှိရမည်။

၃။ ။ ဤနည်းဥပဒေများအရ ထုတ်ပေးသော လိုင်စင်တစ်ခုခု၏ သက်တမ်းသည်၊ မည်သည့်နှစ်တွင်မဆို ဇန်နဝါရီလ ၁ ရက်နေ့၊ သို့တည်းမဟုတ် ၎င်းထက်နောက်ကျသော လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍၊ ၎င်းနှစ်ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်စေရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း- ၁၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ (၄) ရက်၊ စာမျက်နှာ - ၈၉၀။

၄။ ။ အောက်တွင်ဖော်ပြပါ လိုင်စင်အမျိုးအစားများကို၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၁၊ သို့တည်းမဟုတ် ပုံစံ ၂ နှင့် ၄င်းတို့၏ စည်းကမ်းချက်များနှင့်အညီ၊ ခရိုင်ကော်လိတ်တော် အရာရှိက ထုတ်ပေးနိုင်သည်။

(က) ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့်ပုံစံ ၁ ဖြင့်၊ ဆိုင်၏ပိုင်နက်အတွင်း သောက်ရန်မဟုတ်သော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၁၂ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ချက်လုပ်သည့်အရက်နှင့် ဖြစ်ရည်တို့ အပါအဝင် နိုင်ငံခြားဖြစ် အရက်နှင့် ဖြစ်ရည်တို့ကို အရပ်ရပ်ကုန်ဆိုင်ရှင်တို့က လက်လီရောင်းချခွင့်လိုင်စင်များ။

(ခ) ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၂ ဖြင့်၊ ဆိုင်၏ပိုင်နက်အတွင်း သောက်ရန်ဖြစ်စေ၊ ၄င်းမှ ရွှေ့ပြောင်းထုတ်ယူရန်ဖြစ်စေ၊ တိုင်းရင်းဖြစ် အရက်ချက်လုပ်ခွင့်နှင့် လက်လီရောင်းချခွင့်လိုင်စင်များ။

၅။ ။ (၁) နယ်ပိုင်ဝန်ထောက်ခံုးစိုက်ရာမြို့များနှင့် ခရိုင်ကော်လိတ်တော် အရာရှိကသင့်တော်သည်ဟု ယူဆသော ကျေးရွာများတွင် ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၂ ဖြင့် မြို့ တစ်မြို့လျှင် သို့တည်းမဟုတ် ကျေးရွာတစ်ရွာလျှင် လိုင်စင်တစ်ခုကျစီထုတ်ပေးနိုင်သည်။ သို့ရာတွင် အိမ် ခြေငါးဆယ်ထက်ပိုသော မြို့တစ်မြို့ သို့တည်းမဟုတ် ကျေးရွာတစ်ရွာအတွက်မှာမူ ခရိုင်ကော်လိတ်တော် အရာရှိက လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်၊ လိုင်စင်သုံးခုအထိ တိုး၍ ထုတ်ပေးနိုင်သည်။

(၂) နယ်ပိုင်ဝန်ထောက်ခံုးစိုက်ရာ မြို့တိုင်း၌ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၁ ဖြင့်၊ လိုင်စင်တစ်ခုစီကို အရပ်ရပ်ကုန်ဆိုင်ရှင် တစ်ဦးဦးအား ထုတ်ပေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် မည်သည့်မြို့အတွက်မဆို၊ ချင်းဝိသေသတိုင်း၊ တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရယူလျက်၊ လိုင်စင်တစ်ခုထက်ပို၍ ထုတ်ပေးနိုင်သည်။

၆။ ။ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၁ ဖြင့်ထုတ်ပေးသော လိုင်စင်တစ်ခု၏ အခမှာ ကျပ် ၃၀၀ (ကျပ်သုံးရာတိတိ) ဖြစ်စေရမည်။ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၂ ဖြင့် ထုတ်ပေးသော လိုင်စင်ကိုမူ၊ ခရိုင်ကော်လိတ်တော်အရာရှိက ပြဌာန်းသတ်မှတ်သည့်အတိုင်း နယ်ပိုင်ဝန်ထောက်က လေလံတင်ရောင်းချရမည်။ သို့ရာတွင် ခရိုင်ကော်လိတ်တော်အရာရှိသည်၊ မည်သည့်မြို့၊ သို့ တည်းမဟုတ် မည်သည့်ကျေးရွာအတွက်မဆို၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ ၁ ဖြင့်သော် လည်းကောင်း၊ ပုံစံ ၂ ဖြင့်သော်လည်းကောင်း၊ လိုင်စင်ထုတ်ပေးရန်မသင့်တော်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်လိုင်စင်ကိုမျှ ထုတ်ပေးခြင်းမပြုဘဲနေနိုင်သည်။ မည်သည့်အကြောင်းကြောင့် ထိုသို့ထုတ်ပေးခြင်း မပြုကြောင်းကိုမူ၊ သက်ဆိုင်ရာအမှုတွဲတွင် ရေးသားထားရမည်။

၇။ ။ နည်းဥပဒေ ၆ အရ၊ ကောက်ခံရန်ရှိသော လိုင်စင်အခအားလုံးကို၊ လိုင်စင်ထုတ်ပေးခြင်းမပြုမီ ပြေလည်အောင်ထမ်းဆောင်စေရမည်။

၈။ ။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ခုခုကို၊ သို့တည်းမဟုတ် လိုင်စင်ပုံစံပါ စည်းကမ်းချက်တစ်ခုခုကို ဖေါက်ဖျက်လျှင်ဖြစ်စေ၊ လိုင်စင်ရသူသည်၊ အာမခံပေးခွင့်မရှိသော ရာဇဝတ် ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ လိုင်စင်ထုတ်ပေးသည့်အရာရှိက ထိုလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၉။ ။ ခရိုင်ကော်လိတ်တော်အရာရှိ၏ ခွင့်ပြုချက်အမိန့်မရရှိဘဲ၊ လိုင်စင်ရသူတစ်ဦးသည်၊ မိမိ၏ဆိုင်ကို၊ အခြားသူတစ်ဦးအား တစ်ဆင့်အငှါးချထားခြင်း၊ သို့တည်းမဟုတ် မိမိ၏လိုင်စင်ကို၊ အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်းမပြုလုပ်ရ။

၁၀။ ။ ရောင်းချခွင့်လိုင်စင်ရသူတစ်ဦးသည်၊ လိုင်စင်တွင် ဖော်ပြသတ်မှတ်ထားသည့် နေရာမှတစ်ပါး၊ ၎င်း၏အရက်နှင့်ဖြစ်ရည်များကို၊ အခြားနေရာတွင် ထားရှိခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်း မပြုလုပ်ရ။

၁၁။ ။ အရက်နှင့်ဖြစ်ရည်များကို ရောင်းချရန်အတွက် အမြင့်ဆုံး လက်လီဈေးနှုန်းများကို၊ ဒေသအလျောက် ခရိုင်ကော်လိတ်တော်အရာရှိ၏ ကြိုတင်သဘောတူညီချက်ဖြင့် နယ်ပိုင်ဝန်ထောက်က သတ်မှတ်နိုင်သည်။

၁၂။ ။ လိုင်စင်အရမဟုတ်ဘဲသော်လည်းကောင်း၊ သက်ဆိုင်ရာရွာသူကြီး၏၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦးဦး၏ ခွင့်ပြုချက်အမိန့်အရ မဟုတ်ဘဲသော်လည်းကောင်း မည်သူမျှ၊ ကွပ် ခေါ် ငါးဆယ်သားဝင်ပုလင်းနှစ်လုံးထက်ပိုသော တိုင်းရင်းဖြစ်ချက်အရက်ကို မည်သည့် တစ်ကြိမ်တစ်ခါတွင်မျှ ထားရှိခြင်း မပြုရ။ ခွင့်ပြုချက်အမိန့်ထုတ်ပေးသော အခါ၌လည်း၊ တစ်ကြိမ်လျှင် ခုနစ်ရက်ထက်ပိုသော ကာလအပိုင်းအခြားအတွက် ထုတ်ပေးခြင်း မပြုရ။

၁၃။ ။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်လျှင်၊ သို့တည်းမဟုတ် ဖောက်ဖျက်အံ့ဆဲဆဲဖြစ်သည်ဟု ယုံကြည်လောက်သော သတင်းရရှိလျှင်၊ သက်ဆိုင်ရာရွာသူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ရဲအုပ်ထက်ရာထူးမနိမ့်သော ယစ်မျိုး၊ သို့တည်းမဟုတ် ရဲဌာနမှ အရာရှိတစ်ဦးဦးသည်၊ မည်သည့်နေရာသို့မဆို ဝင်ရောက်ရှာဖွေခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ရှာဖွေသောအခါ၊ ဂုဏ်သရေရှိ အခြားရပ်ရွာလူကြီးနှစ်ဦးထက်မနည်း ပါဝင်စေရမည်။

ထို့ပြင် ထိုသို့ ရှာဖွေသောသူသည်၊ ကျေးရွာကောင်စီအဖွဲ့ဝင်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီအဖွဲ့ဝင် ဖြစ်ခဲ့ပါမူ၊ ထိုအမှုကို စစ်ဆေးစီရင်ဆုံးဖြတ်ရာတွင် မပါဝင်ရ။

၁၄။ ။ မည်သူမှာမျှ၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့်ပုံစံ ၁ နှင့် ပုံစံ ၂ လိုင်စင် နှစ်မျိုးလုံးကို ရထိုက်ခွင့်မရှိစေရ။

၁၅။ ။ လိုင်စင်ရသူသည်၊ မိမိရောင်းချသော အရက်နှင့် ဖြစ်ရည်မျိုးကို ဆိုင်တွင် အဆက်မပြတ်ထားရှိရမည်။

ပုံစံ ၁။

ဆိုင်၏ပိုင်နက်အတွင်း သောက်ရန်မဟုတ်သော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၁၂ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းချက်လုပ်သည့် အရက်နှင့်ဖြစ်ရည်တို့ အပါအဝင်၊ နိုင်ငံခြားဖြစ်အရက် နှင့် ဖြစ်ရည်တို့ကို၊ အရပ်ရပ်ကုန်ဆိုင်ရှင်တို့က လက်လီရောင်းချခွင့်လိုင်စင်။

ရောင်းချသူအမည် _____

ရောင်းချရာအရပ် _____

နယ်ပိုင်နယ် _____

လိုင်စင်အမှတ်စဉ် _____

ဤလိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ ၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တွင် ဆိုင်တစ်ဆိုင်ဖွင့်လှစ်၍ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၁၂ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ချက်လုပ်သည့်အရက်နှင့် ဖြစ်ရည်အပါအဝင်၊ နိုင်ငံခြားအရက်နှင့် ဖြစ်ရည်တို့ကို လက်လီရောင်းချရန် အောက်လက်မှတ်ပါ တောင်/မြောက် ပိုင်း ချင်းတောင်ခရိုင် ကော်လိတ် တော်အရာရှိ (အရေးပိုင်) က မြို့နေ၊ ကို ခွင့်ပြုသည်။ ဤလိုင်စင်မှာ ၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ကုန်တွင်ဆုံးခန်းတိုင်ရောက်စေရမည်။

ဤလိုင်စင်အတည်ဖြစ်လျက်ရှိနေစေရန်အတွက် လိုင်စင်ရသူသည်၊ ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများအပြင်၊ အောက်ပါစည်းကမ်းချက်များကိုပါ ကောင်းမွန်တည်ကြည်စွာ လိုက်နာဆောင်ရွက်ရမည်။

၁။ ။ လိုင်စင်ရသူသည်၊ အစိုးရထံသို့ ကြိုတင်၍ လိုင်စင်အခအဖြစ် ကျပ် ၃၀၀ (ကျပ် သုံးရာတိတိ) ပေးဆောင်ရမည်။

၂။ ။ လိုင်စင်ရသူသည်၊ အရက်နှင့်ဖြစ်ရည်များကို လိုင်စင်ရသည့် ဆိုင်အတွင်းမှာသာ ရောင်းချရမည်။ ချင်းဝိသေသတိုင်းအတွင်း အခြားမည်သည့်နေရာတွင်မျှ နောက်ထပ်ဆိုင်ဖွင့်ရောင်းချရန် လိုင်စင်မရရှိစေရ။

၃။ ။ လိုင်စင်ရသူမှာ၊ စံတော်ဒီဂရီအောက် ၃၅ (35 degrees under proof) ထက်မပြင်းသည့်ကျင်အရက်ကိုဖြစ်စေ၊ စံတော်ဒီဂရီ ၂၅ (25 degrees under proof) ထက်မပြင်းသည့်အခြားအရက်မျိုးကိုဖြစ်စေဆိုင်တွင် ထားရှိရောင်းချခွင့်မရှိစေရ။

၄။ ။ လိုင်စင်ရသူသည်၊လိုင်စင်ရဆိုင်၏ ပိုင်နက်အတွင်းအရက်ကို ပေါင်းစပ်ရောနှောခြင်း၊ သို့တည်းမဟုတ် အနှံ့အရောဘ ထည့်သွင်းခြင်း၊ သို့တည်းမဟုတ် အရောင်အသွေးတင်ခြင်းများကို မပြုလုပ်ရ။

၅။ ။ အရက်ပြန်ပါသော မည်သည့်အရက်ကိုမဆို၊ ပုလင်းသို့ထည့်သွင်း၍ရောင်းချလျှင်၊ ၎င်းပုလင်းများကို၊ နယ်ပိုင်ဂန်ထောက်၏ ရှေ့မှောက်၌ ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။

၆။ ။ လိုင်စင်ရသူသည်၊ လူတစ်ဦးတစ်ယောက်သို့ တစ်ကြိမ်လျှင် အရက်ကို၊ သို့တည်းမဟုတ် ဖြစ်ရည်ကို၊ ပိုင့်ခေါ် အစိတ်သား၀င် ပုလင်းတစ်ပုလင်းအောက်လျော့၍ ရောင်းချခြင်းမပြုရ။

၇။ ။ လိုင်စင်ရသူသည်၊ ရောင်းချခွင့်လိုင်စင်ရရှိသော အရက်နှင့်ဖြစ်ရည်များကို ဆိုင်အတွင်း၌ဖြစ်စေ၊ ဆိုင်၏ပိုင်နက်တွင်ဖြစ်စေ၊ သောက်ခွင့်မပြုရ။

၈။ ။ လိုင်စင်ရသူသည်၊ ရောင်းချခွင့်လိုင်စင်ရရှိသော အရက်နှင့်ဖြစ်ရည်များကို နံနက် မိုးမလင်းမီအချိန်နှင့် ညနေ ခုနစ်နာရီထိုးပြီးသည့်နောက် အချိန်များတွင် ရောင်းချခြင်း မပြုရ။

သို့ရာတွင် အကြောင်းထူးတစ်ခုခုရှိလျှင်၊ ခရိုင်ကော်လိတ်တော်အရာရှိသည်၊ ချင်းဝိသေသတိုင်း၊ တိုင်းမင်းကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့် ညနေကိုးနာရီအချိန်ထိရောင်းချ ခွင့်ပြုနိုင်သည်။

၉။ ။ လိုင်စင်ရသူသည်၊ ကိုယ်ဝတ်တန်ဆာနှင့်အခြားမည်သည့်ပစ္စည်းကိုမျှ အရက်နှင့် ဖြစ်ရည်များအတွက် အဖိုးငွေအဖြစ်ဖြင့် လက်မခံရ။

၁၀။ ။ ခရိုင်ကော်လိတ်တော်အရာရှိ (အရေးပိုင်)၏ ခွင့်ပြုချက်အမိန့်မရရှိဘဲ၊ လိုင်စင်ရသူ တစ်ဦးသည်၊ မိမိ၏ဆိုင်ကို၊ အခြားသူတစ်ဦးအား တစ်ဆင့်အငှားချထားခြင်း၊ သို့တည်းမဟုတ် မိမိ၏လိုင်စင်ကို၊ အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရ။

၁၁။ ။ လိုင်စင်ရသူသည်၊ အောက်ပါအတိုင်း မြန်မာဘာသာ၊ ဆိုင်တည်ရာ အရပ်၌ သုံးစွဲသော ချင်းဘာသာ၊ နှစ်ဘာသာဖြင့်၊ လိပ်စာကမ္ဘည်း (Sign Board) ရေးသား၍ ဆိုင်ဝတွင် အစဉ်မပြတ်ပြထားရမည်။

(ရောင်းချသူအမည်။)

"ဆိုင်၏ ပိုင်နက်တွင် သောက်ရန်မဟုတ်သော အရက်နှင့် ဖြစ်ရည်များကို လက်လီရောင်းချခွင့်လိုင်စင်ရသည်။"

ထို့ပြင် နည်းဥပဒေ ၁၁ အရ သတ်မှတ်သော စျေးနှုန်းများကို၊ အများမြင်နိုင်သည့် နေရာတွင် ရေးသားဖော်ပြရမည်။

၁၂။ ။ လိုင်စင်ရသူသည်၊ သို့တည်းမဟုတ် ၎င်းနှင့်ကုန်ဖက်စပ်လုပ်သူသည်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် ဤလိုင်စင်ထုတ်ပေးသည့် ဆိုင်၏ပိုင်နက်အတွင်း ခိုင်းစေခြင်းခံရသူသည်၊ အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျှင်၊ ဤလိုင်စင်ကို $\frac{\text{တောင်}}{\text{မြောက်}}$ ပိုင်း ချင်းတောင်ခရိုင်၊ ကော်လိတ်တော်အရာရှိ (အရေးပိုင်)က ပယ်ဖျက်နိုင်သည်။

ကော်လိတ်တော်အရာရှိ၊
$\frac{\text{တောင်}}{\text{မြောက်}}$ ပိုင်းချင်းတောင်ခရိုင်၊
(အရေးပိုင်)။

၁၉၅၅ ခုနှစ်၊ လ၊ ရက်။ မြို့။

ပုံစံ ၂။

ဆိုင်၏ပိုင်နက်အတွင်း သောက်ရန်ဖြစ်စေ၊ ၎င်းမှ ပြောင်းရွှေ့ထုတ်ယူရန်ဖြစ်စေ တိုင်းရင်းဖြစ်အရက်ချက်လုပ်ခွင့်နှင့် လက်လီရောင်းချခွင့်လိုင်စင်။

ရောင်းချသူအမည် _____

ရောင်းချရာအရပ် _____

နယ်ပိုင်နယ် _____

လိုင်စင်အမှတ်စဉ် _____

ဤလိုင်စင်ထုတ်ပေးသည့်နေ့မှစ၍၊ ၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တွင် ဆိုင်တစ်ဆိုင်ဖွင့်လှစ်လျက် တိုင်းရင်းဖြစ် အရက်ချက်လုပ်၍ လက်လီရောင်းချရန် အောက်လက်မှတ်ပါ တောင်/မြောက် ပိုင်း ချင်းတောင်ခရိုင် ကော်လိတ်တော်အရာရှိ (အရေးပိုင်) က နယ်ပိုင်နယ်၊ တိုက်နယ်အမှတ် ရှိ ရွာနေ၊ ကို ခွင့်ပြုသည်။ ဤလိုင်စင်မှာ၊ ၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ကုန်တွင်ဆုံးခန်းတိုင်ရောက်စေရမည်။

ဤလိုင်စင်အတည်ဖြစ်လျက်ရှိနေစေရန်အတွက်လိုင်စင်ရသူသည်၊ ၁၉၅၄ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများအပြင်၊ အောက်ပါစည်းကမ်းချက်များကိုပါ ကောင်းမွန်တည်ကြည်စွာ လိုက်နာဆောင်ရွက်ရမည်။

၁။ ။ လိုင်စင်ရသူသည်၊ ဤလိုင်စင်အတွက် ကျသင့်သောလိုင်စင် အခကို အစိုးရထံသို့ ကြိုတင်ပေးဆောင်ရမည်။

၂။ ။ လိုင်စင်ရသူသည်၊ အရက်များကို ဤလိုင်စင် ထုတ်ပေးသော ဆိုင်၏ ပိုင်နက်အတွင်းမှာသာ ရောင်းရမည်။ ချင်းဝိသေသတိုင်း အခြားမည်သည့်နေရာအရပ်တွင်မျှ ရောင်းချခြင်းမပြုရ။ ထို့ပြင် ဒုတိယဆိုင်တစ်ဆိုင်ကိုလည်းမဖွင့်ရ။

၃။ ။ သက်ဆိုင်ရာရွာသူကြီး၏၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် ရဲဌာနအုပ်၏ ခွင့်ပြုချက်အမိန့်မပါရှိဘဲ၊ မည်သူ့ကိုမျှ တစ်ကြိမ်လျှင်ကွပ်ခေါင်းဆယ်သားဝင် နှစ်ပုလင်းထက်ပို၍ အရက်မရောင်းရ။

၄။ ။ လိုင်စင်ရသူသည်၊ နံနက်မိုးမလင်းမီအချိန်နှင့် ညနေကိုးနာရီထိုးပြီးသည့်နောက် အချိန်များတွင် မိမိ၏ဆိုင်ကိုဖွင့်လှစ်ခြင်း၊ သို့တည်းမဟုတ် ဆိုင်တွင် အရက်ရောင်းချခြင်းများကို မပြုလုပ်ရ။ သို့ရာတွင် ချင်းဝိသေသတိုင်းမင်းကြီး၏ ကြို့တင်သဘောတူညီချက်ကို ရရှိလျှင်၊ ခရိုင်ကော်လိတ်တော် အရာရှိသည်၊ လိုင်စင်ထုတ်ပေးသည့်အခါ၊ အထက်တွင်သတ်မှတ်သော ကိုးနာရီထက်စောသည့် အချိန်ကို သတ်မှတ်နိုင်သည်။

၅။ ။ ခရိုင်ကော်လိတ်တော်အရာရှိ (အရေးပိုင်) ၏ ခွင့်ပြုချက်အမိန့်မရရှိဘဲ၊ လိုင်စင်ရသူတစ်ဦးသည်၊ မိမိ၏ဆိုင်ကို အခြားသူတစ်ဦးအား တစ်ဆင့်အငှားချထားခြင်း၊ သို့တည်းမဟုတ် မိမိ၏လိုင်စင်ကို အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရ။

၆။ ။ လိုင်စင်ဧရိယာ ရောင်းချသော ချက်အရက်များကို သန့်ရှင်းစင်ကြယ်စွာ သိုလှောင်ထားရှိရမည့်ပြင်၊ ကျန်းမာရေးချို့တဲ့ ညံ့ဖျင်းစေတတ်သော အရာဝတ္ထုများနှင့် ရောစပ်ခြင်းကိုလည်းမပြုရ။

၇။ ။ အရက်ရောင်းချခွင့်လိုင်စင်ရရှိသော ဆိုင်အတွင်းတွင်အခြားမည်သည့်ကုန်ပစ္စည်းမျိုးကိုမျှ ရောင်းချခြင်းမပြုရ။

၈။ ။ လိုင်စင်ရသူသည်၊ အောက်ပါအတိုင်း၊ မြန်မာဘာသာ၊ ဆိုင်တည်ရာ အရပ်၌ သုံးစွဲသော ချင်းဘာသာ၊ နှစ်ဘာသာဖြင့် လိပ်စာကမ္ဘည်း (Sign Board) ရေးသား ၍ ဆိုင်ဝတွင် အစဉ်မပြတ်ပြထားရမည်။

(ရောင်းချသူအမည်။)

"တိုင်းရင်းဖြစ်ချက်အရက်များကို၊ ဆိုင်၏ ပိုင်နက်အတွင်း၌သောက်ရန်ဖြစ်စေ၊ ၎င်းမှ ရွှေ့ပြောင်းထုတ်ယူရန်ဖြစ်စေ၊ ချက်လုပ်ခွင့်နှင့် လက်လီ ရောင်းချခွင့်လိုင်စင်ရသည်။"

ထို့ပြင် လက်လီရောင်းချရမည့်ဈေးနှုန်းများကို၊ အများမြင်နိုင်သည့်နေရာတွင် အသေးစိတ် ရေးသားဖော်ပြရမည်။

လိုင်စင်ကို ထုတ်ပြရမည်။ ထိုသို့ အမိန့်နှင့် လာရောက်သော အရာရှိများကို၊ ဆိုင် တွင်းသို့ နေ့ည၌မရွေး မည်သည့်အချိန်မဆို ဝင်ရောက်ခွင့်ပြုရမည်။

၁၀။ ။ လိုင်စင်ရသူသည်၊ သို့တည်းမဟုတ် ၎င်းနှင့်ကုန်ဖက်စပ်လုပ်သူသည်၊ သို့တည်း မဟုတ် ၎င်း၏ကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် ဤလိုင်စင်ထုတ်ပေးသည့် ဆိုင်၏ပိုင်နက်အတွင်း ခိုင်းစေခြင်းခံရသူသည်၊ အထက်ဖော်ပြပါ စည်းကမ်းချက် တစ်ခုခုကို ဖောက်ဖျက်လျှင်၊ ဤလိုင်စင်ကို ပိုင်း ချင်းတောင်ခရိုင်၊ ကော်လိတ်တော်အရာရှိ (အရေးပိုင်)က ပယ်ဖျက်နိုင်သည်။

တောင်
မြောက်

ကော်လိတ်တော်အရာရှိ၊
ပိုင်းချင်းတောင်ခရိုင်၊
(အရေးပိုင်)။

တောင်
မြောက်

_____ မြို့။

၁၉၅ ခုနှစ်၊ _____ လ _____ ရက်။

အမိန့်အရ၊

အကွေ့၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ချင်းရေရာဝန်ကြီးဌာန။

FOREIGN OFFICE
IMMIGRATION AND IMMIGRATION SECTION

Yangon, the 31st May 1955.

No. 77.- In exercise of the powers conferred by section 16(2) (f) of the Myanmar Immigration (Emergency Provisions) Act, 1947, the President of the Union makes the following rules: –*

1. These rules may be called the Myanmar Immigration (Writers of Applications) Rules, 1955.

2. No person shall write for hire any application or affidavit in support thereof, relating to immigration permits or passport visas, to be presented to any immigration official unless he –

(a) is duly licensed under these rules, or

(b) is a legal practitioner.

3. An application or affidavit to be presented to any immigration official shall if such application or affidavit is written by the applicant himself or by a friend who has received no hire in respect thereof and who is neither an official nor an employee in any capacity in the Immigration Department, be singed by the applicant himself and if it is written by a friend, shall also be endorsed by the friend who has written the application and in cases where an application or affidavit is written by a legal practitioner or by a writer of applications it shall be signed by the applicant and endorsed by the legal practitioner or by the writer of applications, as the case may be.

4. Rules 2 and 3 shall not apply to applications or affidavits presented to an immigration official on tour at places where there is no licensed writer of applications practising.

5. The Controller may, if he thinks fit, from time to time, fix the tariff

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ (၁၁)ရက်၊ စာမျက်နှာ - ၉၁၆

5. The Controller may, if he thinks fit, from time to time, fix the tariff of charges for writing applications or affidavits by the writers of applications relating to immigration permits or passport visas and, where such a tariff of charges has been so framed, no writer of applications shall for such application or affidavit ask for or accept a fee in excess of the tariff.

6. Every application or affidavit relating to immigration permit or passport visa written by a writer of applications shall be endorsed by him with his name and the number of his licence, the date and the amount of the fee paid.

7. No writer of applications shall ask or take any fee, contingent or otherwise, beyond the fee endorsed on the application or, affidavit and he shall give a receipt for every fee paid.

8. If any writer of applications asks for or accepts any fee in excess of the tariff or any immoderate or unreasonable fee for an application or affidavit of a class for which no tariff is provided, the Controller may, on complaint by the applicant, in his discretion, order reduction or return of the fee or may withdraw the licence.

9. The operation of all or any of these rules may be deferred or suspended by order of the President of the Union in any district or portion of a district for such time as he may consider expedient.

i0. Any writer of applications who writes an application or affidavit for any person who does not understand the language in which it is written shall fully and truly explain to such person the meaning and effect of all that written in the application or affidavit.

11. No writer of applications shall employ any other person to work in his place without the previous sanction of the Controller.

12. The writer of applications shall display prominently, for the information of the public, the licence granted by the Controller and the tariff of charges.

13. The Controller may determine the number of licences to be granted for his office and for offices subordinate to his office.

14. A licence issued under these rules shall hold good to the end of the calender year in which it is issued and till the end of each succeeding year for which it may be extended by endorsement, which should ordinarily be made in the month of December. A writer of applications is not entitled to an extension of licence as a matter of course.

15. Any person who desires to be licensed as a writer of applications shall apply by petition to the Controller or to any immigration official for transmission to the Controller and shall state the name of the Immigration Office in which he proposes ordinarily to practise. The Controller shall satisfy himself that the applicant is of good character and that he can write in a legible hand if the petition is not type written and knows how to fill up all kinds of application forms for immigration permits or passport visas and how to prepare affidavits for filing with the application for immigration permits or passport visas and that he can express himself in clear and concise language. The Controller may, at his discretion, grant or refuse the licence.

16. The Controller may withdraw a licence for good cause at any time after giving the writer of applications an opportunity to show cause against such order. The reasons for such withdrawal shall be recorded.

17. When the license of a writer of applications is withdrawn, he shall surrender it to the Controller or to the immigration official concerned for transmission to the Controller.

18. There shall be no appeal against any order passed under these rules but the President of the Union in any case which comes to his notice may pass such orders as he may deem expedient.

19. Whoever contravenes Rule 2 shall be punishable with imprisonment which may extend to three months, or with fine which may extend to two hundred kyats,

20. The licence issued to writers of applications shall be in the following form: —

OFFICE OF THE CONTROLLER OF
IMMIGRATION, MYANMAR.

Immigration application writer's Licence No._____ Maung/ Mr. _____ son of _____ is hereby licensed to practice as a writer of applications at _____ _____ (name of place) for the year 19

Seal.

Yangon:
Date _____

Controller of Immigration,
Myanmar

Endorsements

Seal

Extended for the year _____

Yangon:
Date _____

Controller of Immigration,
Myanmar.

21. Every licence issued under these rules shall be entered in serial order in a register kept in the form prescribed by the controller.

By order,

TUN SHEIN,
Permanent Secretary,
Foreign Office.

MINISTRY OF TRANSPORT AND COMMUNICATION

The 4th June 1955

No. 102.– The President directs, under section 29 of the Inland Steam Vessels Act, 1917, that the following amendments shall be made in the rules regulating the grant of certificate of competency to Masters, serangs, engineers and engine drivers employed on inland steam vessels in Myanmar published with Marine and Commerce Department Notification No.17, dated the 15th May 1899, as subsequently amended*:—

(i) In rule 1, for the words "For serangs and engine drivers -Once in each month at Yangon and Mandalay and twice in each year at Sittwe, Mawlamyine, Magway, Pyay, Yenangyaung, Pathein and Hinthada," *substitute* the following:—

"For serangs and engine drivers– Once in each month at Yangon and Mandalay and twice in each year at Sittwe, Mawlamyine, Magway, Pyay, Yenangyaung, Pathein and Hinthada and once in each year at Dawei and Baik.

(ii) In the second sentence of rule 3A, *delete* the word "and" appearing *between* the words "Pathein and Hinthada" and *insert* a comma instead and *add* the words "Dawei and Baik" *after* the word "Hinthada".

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ (၁၁)ရက်၊ စာမျက်နှာ - ၉၂၀

(iii) In sub-paragraph *(c)* of rule 4, ***delete*** the word "and" appearing ***between*** the words "Pathein and Hinthada" and insert a comma instead and *add* the words "Dawei and Baik" *after* the word "Hinthada".

By order,

NAN NYUN,

Addl. Secretary to the Govt. of the Union of Myanmar,

Ministry of Transport and Communications.

MINISTRY OF TRANSPORT AND COMMUNICATIONS
POSTAL BRANCH

Yangon, the 27th June 1955.

No. 119. - In exercise of the powers conferred by the Myanmar Post Office Act, the President of the Union directs that the following amendments shall be made to the Myanmar Post Office Rules,1941:—*

In rule 50A of the said rules:—

(1) *for* the figure and word " 2 annas" in sub-rule (1) thereof the figure and word "40 pyas" *shall be substituted* ;

(2) *for* the word and figures "Rs. 2-12" in the second proviso to sub-rule (1) the word and figures"K 7.50" *shall be substituted;* and

(3) *for* the word and figures "Rs. 2-12" in the proviso to sub- rule (2) thereof the word and figures "K 7.50" *shall be substituted.*

This notification shall come into force with effect from the 1st August 1955.

By order,

NAN NYUN,

Addl. Secretary to the Govt. of the Union of Myanmar,

Ministry of Transport and Communications.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၉)ရက်၊ စာမျက်နှာ - ၁၀၂၆

MINISTRY OF LABOUR

Yangon, the 1st July 1955.

No. 75. - In exercise of the powers conferred by sub-sections (2), (3) and (4) of section 26 of the Payment of Wages Act, 1936, the President of the Union of Myanmar directs that the following amendments shall be made in the Payment of Wages Rules, 1937, published with the Government of Myanmar, Commerce and Industry Department Notification No.40, dated the 1st April 1937: — *

(a) For Rule 5, the following *shall be substituted,* namely: —

"In every factory or industrial establishment or railway, the paymaster shall maintain a register of wages in respect of persons employed, whether permanent or temporary, in Form VI.

Provided that if the Inspector is of the opinion that wages register maintained by the paymaster gives in respect of all the persons employed, the particulars required under this rule, he may by order in writing direct that such register shall, to the corresponding extent, be maintained in place of and be treated as register required by this rule."

(b) The attached Form shall be appended to the Rules as Form VI.

By order,

MAUNG MAUNG,

Dy. Secretary to the Govt.of the Union of Myanmar,

Ministry of Labour.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၉)ရက်၊ စာမျက်နှာ - ၁၀၃၁

MINISTRY OF FINANCE AND REVENUE
SAVINGS BRANCH

Yangon, the 4th June 1955.

No. 298.- In exercise of the powers conferred by section 6 of the Savings Certificates Act, 1947, the President of the Union makes the following amendment to the Savings Certificates Rules, 1948, published in this Ministry's Notification No.102, dated the 3rd April 1948.*

In rule 2 in Chapter VII of the said rules :—

(i) for the period (.) at the end of clause (g) a semicolon (;) *shall be substituted;* and

(ii) the following *shall be inserted* as clause (h) namely:—

"(h) when holders, who are foreigners, leave the Union of Myanmar within one year from the date of purchase of certificates."

By order,

KYAW NYUN,

Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ စာမျက်နှာ - ၁၀၉၄

ပြည်ထဲရေးဝန်ကြီးဌာန
အထွေထွေဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၁၇ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်။
(၁၉၅၅ ခု၊ ဇူလိုင်လ ၂၃ ရက်။)

အမှတ် ၆၂၅ ။ ။ ပြည်ထဲရေးဌာန (အရပ်ရပ်ဌာနခွဲ)၏ ၁၉၄၁ ခု၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇၆ ဖြင့် ကြေညာခဲ့သော စည်းကမ်းသေဝပ်မှုနှင့် အယူခံမှုနည်းဥပဒေများ (Discipline and Appeal Rules) နှင့် ပူးတွဲပါရှိသည့်၊ နောက်ဆက်တွဲဇယား (Schedule) ၌ ပြည်ထဲရေးဌာန ခေါင်းစဉ်အောက်တွင်၊ အောက်ပါတို့ကို ဆက်လက်ဖြည့်စွက်လိုက်သည်။ *

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ (၆)ရက်၊ စာမျက်နှာ-၁၁၁၈။

SCHEDULE

Title of Service or Post	Authority empwered to impose penalties, and penalties which he may impose		Appellate authority
	Authority	Penalties (see rule 2)- (1) Censure (2) With holding of increments, etc. (3) Reduction to a Lower Post,etc. (4) Recovery from Pay, etc. (5) Suspension (6) Removal , etc. (7) Dismissal, etc.	
(1)	(2)	(3)	(4)
	HOME DEPARTMENT		
	3.–National Registration Department		
Non-gazetted officers, Office and Subordinate establishments.	Registrar—General.	(1) and (2)	President.
	4.— Fire Service Department		
Non-gazetted officers, Office and Subordinate establishments.	Director of Fire Service	(1) and (2)	President.

အမိန့်အရ

ခင်မောင်ဖြူ။

အတွင်းဝန်ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

MINISTRY OF JUDICIAL AFFAIRS
GENERAL BRANCH

Yangon, the 9th August 1955.

No. 308, The President of the Union makes the following amendment to the Crown Office Rules, 1945, as subsequently amended:*—

In the Schedule to the said rules, after item 35 insert the following item:-

" 36 The Union Buddha Sasanna Council."

By order,

THAN E,
Secretary to the Govt. of the Union of Myanmar.
Ministry of Judicial Affairs.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၉၅ ခုနှစ်၊ သြဂုတ်လ (၂၀) ရက်၊ စာမျက်နှာ - ၁၁၈၁။

ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန
အကောက်တော်ဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်။
(၁၉၅၅ ခု၊ ဩဂုတ်လ ၁၂ ရက်။)

အမှတ် ၃၃၈။ ။ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဏ္ဍာ (သိမ်ကြီးစျေး)ကို မြူနီစီပါလ်ပိုင် ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၃) နှင့် (၄) ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ စူရတီဘာရားဘဏ္ဍာ (သိမ်ကြီးစျေး) အုပ်ချုပ်ရေးအဖွဲ့နည်းဥပဒေများတွင် အောက်ပါ ပြင်ဆင်ချက်ကို ပြုလုပ်လိုက်သည်။ *

စူရတီဘာရားဘဏ္ဍာ (သိမ်ကြီးစျေး) အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ၏ နည်းဥပဒေ ၂၊ အပိုဒ် (ဃ) အစား၊ အောက်ပါကို အပိုဒ် (ဃ) အဖြစ် ထည့်သွင်းရမည်။

" (ဃ) 'သိမ်ကြီးစျေး' ဆိုသည်မှာ၊ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဏ္ဍာ (သိမ်ကြီးစျေး) ကို မြူနီစီပါလ်ပိုင်ပြုလုပ်ခြင်း အက်ဥပဒေ၏ဇယားတွင် ဖော်ပြထားသော ရန်ကုန်မြို့ရှိ စူရတီဘာရားဘဏ္ဍာ (သိမ်ကြီးစျေး) ဟု ခေါ်တွင်သည့် မြေရာ အဆောက်အဦနှင့် ကုမ္ပဏီပိုင်အခြားမြေရာ အဆောက်အဦတို့ကို ဆိုလိုသည်။"

အမိန့်အရ၊

ကျော်ညွန့်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်၊ စာမျက်နှာ - ၁၂၀၁။

MINISTRY OF JUDICIAL AFFAIRS

The 11th August 1955.

No. 305. -Whereas provisions already exist for taking the evidence of witnesses residing in the United Kingdom in relation to criminal matters in Courts in the Union of Myanmar, the Government of the Union of Myanmar in pursuance of sub-section (1) of section 503 of the Code of Criminal Procedure, hereby directs that Commissions from Courts in the Union of Myanmar for examination of witnesses in the United Kingdom shall be issued, in the form annexed hereto to the President, the Lord Chief Justice and the Judges of Her Majesty's Supreme Court of Judicature, Law Courts (Strand London W.C.2) within the limits of whose jurisdiction the witness resides, and the said Lord Chief Justice and Judges of Her Majesty's Supreme Court may themselves examine the witness, or direct any competent court or authority subordinate to them to examine such witness:—*

ANNEXURE

IN THE COURT OF----------

Commission to examine witness outside the Union of Myanmar.

[section 503(4) of the Code of Criminal Procedure]

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်၊ စာမျက်နှာ - ၁၂၀၄။

TO,

THE PRESIDENT, LORD CHIEF JUSTICE AND
JUDGES OF HER MAJESTY'S SUPREME COURT
OF JUDICATURE, LONDON.

WHEREAS it appears to me that the evidence of---------- is necessary for the ends of justice in case No.----------(----------VS.----------) in the Court of ---------- and that such witness is residing within the limits of the jurisdiction of your Hon'ble Court and his attendance cannot be procured without an amount of unreasonable delay expense or inconvenience, I----------have the honour to request and do hereby request that for the reasons aforesaid and for the assistance of the said Court, you as the President and the Judges of the said Supreme Court, or someone or more of you, will be pleased to summon the said witness to attend at such time and place as you shall appoint before someone or more of you, or such other Court or authority as according to the procedure of your Hon'ble Court is competent to examine or cause to be examined the said witness on oath or affirmation upon the interrogatories which accompany this Commission (or *viva voce*).

Any party to the proceedings may appear before you or before any competent Court or authority directed by you in this behalf by a Counsel-at-law or, if not in custody, in person, and may examine, cross-examine, or re-examine (as the case may be) the said witness.

And I further have the honour to request that your Hon'ble Court or any competent court or authority directed by you will be pleased to cause the answer of the said witness to be reduced into writing and all books, letters, papers an

documents produced upon such examination to be duly marked for identification, and that you will be further pleased to authenticate such examination by your official seal (if any) or in such other way as is in accordance with the procedure of your Hon'ble Court and to return the same, together with this Commission through the Embassy or Consulate concerned to the undersigned at the earliest possible date.

Given under my hand and the seal of the Court this _____ day of _____ 195

Seal of the Court

Judge

Magistrate

No. 306.— In exercise of the powers conferred by section 503 (4) of the Code of Criminal Procedure (as amended) the President of the Union of Myanmar prescribes the following rules* for taking the evidence of witnesses in a country or place outside the Union of Myanmar in relation to criminal matters:—

(1) Any District Magistrate, Court of Session or the High Court in exercising its powers to issue through proper channel a Commission for the examination of a witness residing in a country or place not within the Union of Myanmar under the provisions of section 503 of the Criminal Procedure Code may address to the Supreme Court of the country concerned a letter of request to appoint a Commissioner to examine the witness on oath or affirmation and to receive documents produced by or through him. In the case of a District Magistrate or a Court of Session the letter of request shall be sent through the High Court. Where the Myanmar Consular Officer within whose jurisdiction the witness to be examined on commission resides is permitted by the law of the country to take evidence, a Commission may be issued through proper channel to such Consular Officer for execution.

(2) When any such letter of request is issued to the Supreme Court of the country within whose jurisdiction the witness resides, powers shall be given to the said Court to appoint any suitable person as Commissioner for the examination of the witness and reception of documents produced by or through him.

(3) All papers connected with the execution of the Commission shall be in the English language or accompanied by translations thereof in English.

(4) Interrogatories, cross-interrogatories and re-interrogatories shall always be sent for the execution of the Commission.

(5) Either party may attend at the taking of the evidence before the Commissioner in person or by Pleader and may examine, cross-examine and re-examine (as the case may be) the said witness.

(6) When it is known that neither party proposes to attend at the taking of the evidence on Commission, this should be stated in forwarding the letter of request.

By order,

THAN E,
Secretary to the Govt. of the Union of Myanmar,
Ministry of Judicial Affairs.

ကျန်းမာရေးဝန်ကြီးဌာန

၁၃၁၇ ခု၊ ဝါခေါင်လဆန်း ၇ ရက်။
(၁၉၅၅ ခု၊ ဩဂုတ်လ ၂၅ ရက်။)

အမှတ် ၃၀၄။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (၂) အရ အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည် ၁၃၁၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် (၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်) နေ့မှစ၍ ၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်း မြန်မာဆေးဆရာအဖွဲ့ နည်းဥပဒေကို အတည်ပြုပါကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။*

အမှတ် ၃၀၅။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၇ ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ တိုင်းရင်းဆေးဆရာအဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့်၊အောက်ပါနည်းဥပဒေများကို ပြုလုပ်ပြဋ္ဌာန်းလိုက်သည်။*

အဓိပ္ပာယ်အရ၊

ဘစိန်၊

တွဲဘက်အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ နည်းဥပဒေများ

၁။ နည်းဥပဒေအမည်။ ။ ဤနည်းဥပဒေများကို ၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာ အဖွဲ့ နည်းဥပဒေများဟု ခေါ်ရမည်။

၂။ စတင်အာဏာတည်သည့်နေ့။ ။ ဤနည်းဥပဒေများသည်၊ နိုင်ငံတော်အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာသော နေ့ရက်၌ စတင်အာဏာတည်ရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း. အပိုင်း ၁၊ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်၊ စာမျက်နှာ - ၁၂၇၅။

၃။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၌ မဆိုပါယ်ဖော်ပြချက်များ။ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုဆိုသည်။

(ခ) "အဖွဲ့" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးဆရာအဖွဲ့ကို ဆိုလိုသည်။

(ဂ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် မှတ်ပုံတင်အရာရှိကိုယ်စား ဆောင်ရွက်ရန် အဆိုပါပုဒ်မအရ ခန့်ထားခြင်းခံရသူလည်း ပါဝင်သည်။

၄။ ။ အဖွဲ့၏တံဆိပ်၏ပုံသည်၊ အောက်ပါအတိုင်းဖြစ်ရမည်။

အဖွဲ့ပိုင်တံဆိပ်။

ပုံဝိုင်းအတွင်း၌ ပြည်ထောင်စုအလယ်တွင်ပါရှိသော ကြယ်ကြီးနှင့် အရံကြယ်ငယ် ၅ ပွင့်ပါရှိမည့်အပြင်၊ အနားရစ်နှစ်ထပ်အတွင်း၌ "တိုင်းရင်း မြန်မာဆေးဆရာအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" ဟူသော စာလုံးများလည်း ပါရှိစေရမည်။

၅။ ။ အဖွဲ့၏ရုံး တည်ရာဌာနသည်၊ ရန်ကုန်မြို့နှိစီပါယ် နယ်နိမိတ်အတွင်း၌သော်လည်းကောင်း၊ အင်းစိန်ခရိုင်အတွင်းရှိ၍၊ ရန်ကုန်နှင့်နီးကပ်သော နေရာ၌သော်လည်းကောင်း တည်ရှိစေရမည်။

အဖွဲ့၏ရုံး။

၆။ ။ (၁) အဖွဲ့၏အစည်းအဝေးကို သာမန်အားဖြင့် အနည်းဆုံး ၆ လတစ်ကြိမ် ကျင်းပရမည်။

အစည်းအဝေးများ ကျင်းပခြင်း။

(၂) ဥက္ကဋ္ဌသည် မိမိသင့်လျော်သည်ဟု ထင်မြင်သော အခါအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်နိုင်သည်။ ခုနှစ်ဦးထက် မနည်းသောအဖွဲ့ဝင်များက လက်မှတ်ရေးထိုး၍၊ မည်သည့်ကိစ္စအတွက် အဖွဲ့အစည်းအဝေးဖိတ်ခေါ်စေလိုကြောင်း စာဖြင့်အကြောင်းကြားလျှင်သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက၊ အရေးကြီးသောကိစ္စ တစ်ခုအတွက် အဖွဲ့အစည်းအဝေးကျင်းပရန် ညွှန်ကြားလျှင်သော်လည်းကောင်း ဥက္ကဋ္ဌသည်၊ အထူးအစည်းအဝေးကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ဖိတ်ခေါ်ကျင်းပရမည်။

(၃) ဥက္ကဋ္ဌက၊ အစည်းအဝေးကျင်းပရန် နေရာနှင့် အချိန်ကို သတ်မှတ်သောအခါ အတွင်းရေးမှူးသည်၊ အဖွဲဝင်များထံ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ၁၀ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(၄) အဖွဲ၏အစည်းအဝေး၌ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို အတွင်းရေးမှူး က အဖွဲဝင်များထံ တစ်စောင်စီ ဖိတ်စာနှင့်အတူ ဝေငှထားရမည်။

(၅) မည်သည့်အစည်းအဝေးမဆို တက်ရောက်ရမည့် အဖွဲဝင်ဦးရေ မပြည့်သဖြင့် အစည်းအဝေးအထမမြောက်လျှင်၊ ဥက္ကဋ္ဌသည် ထိုအစည်းအဝေးကို၊ မိမိသင့်တော်သည် ထင်မြင်သည့် အချိန်သို့ဖြစ်စေ၊ နေ့ရက်သို့ဖြစ်စေ ရွှေ့ဆိုင်းရမည်။

(၆) အဖွဲဝင်များသည်၊ အစည်းအဝေးတွင် တင်သွင်းလိုသော အဆိုများကိုသော်လည်းကောင်း၊ ဆောင်ရွက်လိုသော ကိစ္စများကိုသော်လည်းကောင်း လက်မှတ်ရေးထိုး၍ အစည်းအဝေးမတိုင်မီ တစ်လတင်ကြို၍ အတွင်းရေးမှူးထံသို့ ပေးပို့ကြရမည်။

(၇) အစည်းအဝေးတွင်၊ အက်ဥပဒေအရ အဖွဲသို့လွှဲအပ်ထားသော အမှုကိစ္စများကိုသာ ဆွေးနွေးဆုံးဖြတ်စေရမည်။

(၈) အဖွဲအစည်းအဝေးမှတ်တမ်းများကို အတွင်းရေးမှူးက စုံလင်စွာရေးသား၍ နောက်တစ်ကြိမ်အစည်းအဝေးတွင် အတည်ပြုရန်တင်ပြရမည်။

၇။ ။ (၁) တိုင်းရင်းမြန်မာဆေးဆရာများကို မှတ်ပုံစာရင်း တင်သွင်းရာတွင် ထိုဆေးဆရာများအား၊ အမျိုးအစား ခြောက်မျိုးခွဲခြား၍၊ အောက်ပါအတိုင်း မှတ်ပုံစာရင်းတင်သွင်းရမည်။

မှတ်ပုံစာရင်းတင်သွင်းခြင်း။

(၂) ရောဂါတစ်မျိုးတည်းကိုသာ သက်သက်ကုတတ်သော ဆေးဆရာများအား (က) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရမည်။

(၃) ဓါတ်၊ ဗီန္ဓော၊ ဗေဒင်နက္ခတ်၊ ပယောဂ ဟူသော မြန်မာ့ဆေးပညာ လေးမျိုးကို အမျိုးအစားမခွဲခြားဘဲ၊ သင်ယူကြရသော ဆရာကြီးများ၏ လက်တွေ့ကုထုံးနည်းအရ၊ ဆေးပေးကုသနေသော ဆေးဆရာများနှင့် ပယောဂဆရာများအား၊ (ခ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရမည်။

(၄) ဓါတ်၊ ဗီန္ဓော၊ ဗေဒင်နက္ခတ်၊ ပယောဂဟူသော မြန်မာ့ဆေးပညာလေးမျိုးအနက်၊ တစ်မျိုးမျိုးကို သတ်မှတ်လျက် တတ်မြောက်ကျွမ်းကျင်သော ဆေးဆရာများနှင့် ပယောဂဆရာအား၊ (ဂ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရမည်။ အထက်ပါ ဆေးပညာလေးမျိုးအနက်၊ နှစ်မျိုးကို တတ်မြောက်ကျွမ်းကျင်သော ဆေးဆရာများနှင့် ပယောဂဆရာများအား (ဃ) အမျိုးအစားတွင် မှတ်ပုံစာရင်း တင်သွင်းရမည်။ သုံးမျိုးကို ကျွမ်းကျင်တတ်မြောက်သော ဆေးဆရာ

များနှင့် ပယောဂဆရာများအား (ဇ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရမည်။ လေးမျိုးစလုံးကို တတ်မြောက်ကျွမ်းကျင်သော ဆေးဆရာများနှင့် ပယောဂဆရာများအား (စ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရမည်။

မှတ်ပုံစာရင်းတင်သွင်းရန် လျှောက်ထားခြင်း။

၈။ ။ (၁) မှတ်ပုံစာရင်းတင်သွင်းလိုသော တိုင်းရင်းမြန်မာဆေးဆရာများသည်၊ မိမိတို့၏ မူလနာမည်ရင်းကိုသာလျှင်၊ လျှောက်လွှာ၌ ရေးသားဖော်ပြရမည့်ပြင်၊လျှောက်လွှာကို မိမိတို့ကိုယ်တိုင် ရေးသားလက်မှတ်ရေးထိုးတင်သွင်းရမည်။

(၂) လျှောက်ထားသူများသည်၊ မိမိတို့၏ နေရပ်လိပ်စာ အပြည့်အစုံ၊ အဘအမည်၊ မိမိတို့အား ပညာသင်ကြားပေးသော ဆရာ့အမည်၊ မိမိတို့၏အသက်၊ ဆေးကုသောနှစ်၊ လေ့ကျင့်သော ပညာရပ်အမည်၊ သို့တည်းမဟုတ် ကုသသောရောဂါတို့၏အမည်၊ မိမိတို့လေ့လာခဲ့သော ဆေးပညာဆိုင်ရာ ကျမ်းစာအများကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြရမည်။

(၃) လျှောက်လွှာနှင့်အတူ အဖွဲ့ဝင်တစ်ဦးနှင့် အခြားယုံကြည်အားထားခံထိုက်သူနှစ်ဦးတို့၏ ထောက်ခံချက်ဖြစ်စေ၊ သက်ဆိုင်ရာခရိုင်ဝန်နှင့် အခြားယုံကြည်အားထားခံထိုက်သူနှစ်ဦးတို့၏ ထောက်ခံချက်ဖြစ်စေ၊ သက်ဆိုင်ရာခရိုင်ဝန်အဖွဲ့ဝင်တစ်ဦးနှင့် အခြားယုံကြည်အားထားခံထိုက်သူတစ်ဦးတို့၏ ထောက်ခံချက်ဖြစ်စေ၊ ပူးတွဲပါရှိစေရမည်။

(၄) လျှောက်ထားသူများသည် ကျသင့်သော မှတ်ပုံတင် အခကြေးငွေနှင့် နိုင်ငံကူးလက်မှတ်ပါ ဓါတ်ပုံအရွယ်ဖြစ်သည့် ဓါတ်ပုံ ၃ ပုံကို၊ လူကိုယ်တိုင်ဖြစ်စေ၊ စာပို့တိုက်မှဖြစ်စေ မှတ်ပုံတင် အရာရှိထံသို့ ပေးပို့ရမည်။

မှတ်ပုံစာရင်းတင်သွင်းရန် အရည်အချင်းများ။

၉။ ။ (၁) အကျိုးဆက်အတတ်၊ အနာပေါက်ကုအတတ်၊ အရူးကုအတတ်၊ ခွေးရူးကုအတတ်၊ မျက်စိကုရောဂါကုအတတ်၊ လိပ်ခေါင်းရောဂါကုအတတ်၊ အဆိပ်ရှိသတ္တဝါကိုက်ကုအတတ်၊ လက်နှိပ်အတတ်၊ ဝမ်းဆွဲသည်အတတ် စသောအတတ်တစ်မျိုးမျိုးဖြင့် ရောဂါတစ်မျိုးတည်းကိုသာ သက် သက်ကုသကြသော ဆေးဆရာတို့သည်၊ မိမိတို့ကုသသော ရောဂါတို့၏ လက္ခဏာများ၊ ဆေးများ၊ ကုထုံးကု နည်းများကို နားလည်ကျွမ်းကျင်သော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၂) မှတ်ပုံစာရင်းတင်သွင်းရန် လျှောက်ထားသည့်အခါ၊ ဆေးဆရာများသည်၊ မိမိတို့ ကုသတတ်သော ရောဂါတစ်မျိုးတည်း၏အမည်ကိုဖြစ်စေ၊ နှစ်မျိုးသုံးမျိုးစသည်တို့၏ အမည်များကိုဖြစ်စေ လျှောက်လွှာတွင်ဖော်ပြနိုင်သည်။

(၃) (က) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ပယောဂ ဆရာများသည်၊ ပြုစားထားသော လက္ခဏာတို့ကို သိခြင်း၊ ကုနည်းတို့ကို သိခြင်း၊ ကုသော ဆေး၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ခလုံ့၊ ဂါထာ၊ မန္တာန်၊ မန္တရားတို့ကို သိခြင်းဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၄) (ခ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ဆေးဆရာတို့သည်၊ ခန္ဓာကိုယ်၏သွေးကြော၊ လေကြော၊ အစာအိမ် စသည်တို့ဆက်သွယ်နေပုံကိုသိခြင်း၊ ရာသီဥတုကိုသိခြင်း၊ မိမိတို့၏ ဆရာကြီးများက သင်ပြည့်စုံကြားထားသော ရောဂါလက္ခဏာများကိုသိခြင်း၊ မိမိတို့ဖော်စပ်သော ဆေးဥပါဝင်သော ဘယဆေးများကိုသိခြင်း၊ မိမိတို့ကုသသောရောဂါနှင့် သင့်မသင့်သော ဓါတ်စာအဟာရ အနေအထိုင်စသည်တို့ကို ညွှန်ကြားတတ်ခြင်း၊ မိမိတို့ဆရာကြီးများ၏ ကုထုံးကုနည်းတို့ကိုသိခြင်း ဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၅) (ဂ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ဆေးဆရာတို့သည်၊ ခန္ဓာကိုယ်အစိတ်အပိုင်းတို့၏ အချင်းချင်းဆက်သွယ်ပုံကိုသိခြင်း၊ ဒေသနာနယ၊ ဘေသဇ္ဇနယ အားလျော်စွာ၊ မိမိတို့လေ့ကျင့်နေသော ဆေးပညာအရ၊ ရောဂါသမုဋ္ဌာန်များကိုသိခြင်း၊ အထက်ပါနယတို့နှင့်လျော်စွာ မိမိတို့ ဆေးပညာက ညွှန်ကြားထားသောရောဂါ၏ဆေးကို ဖော်စပ် တတ်ခြင်း၊ မိမိတို့၏ ဆေးဂိုဏ်းဆိုင်ရာ ကျမ်းဂန်တစ်မျိုး၊ သို့တည်းမဟုတ် အများကို တတ်သိနားလည်ခြင်း ဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၆) (ဃ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ဆေးဆရာတို့သည်၊ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများနှင့် ၎င်းတို့အချင်းချင်းဆက်သွယ်နေပုံတို့ကိုသိခြင်း၊ မိမိတို့လေ့ကျင့်သော ဆေးပညာနှစ်မျိုးမှ ညွှန်ကြားသော ရောဂါသမုဋ္ဌာန်များကိုသိခြင်း၊ ရောဂါလက္ခဏာများကိုသိခြင်း၊ ဘယဆေး တို့၏ သဘောသွားများကိုသိခြင်း၊ ရောဂါများအတွက် ဆေးဖော်စပ်တတ်ခြင်းဆိုင်ရာ ဆေးပညာနှစ်မျိုး၏ ဆေးကျမ်းတို့ကို တတ်မြောက်ခြင်းဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၇) (င) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ဆေးဆရာတို့သည်၊ ဆေးပညာသုံးရပ်မှ ညွှန်ကြားသော ရောဂါသမုဋ္ဌာန်များကိုသိခြင်း၊ ရောဂါတို့၏လက္ခဏာများကိုသိခြင်း၊ ဘယဆေးတို့၏ သဘောသွားကိုသိခြင်း၊ ရောဂါတို့အတွက် ဆေးဖော်စပ်တတ်ခြင်း၊ ဆေးပညာသုံးမျိုး တို့၏ ကျမ်းဂန်တို့ကို တတ်မြောက်ခြင်းဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

(၈) (စ) အမျိုးအစားတွင် မှတ်ပုံစာရင်းတင်သွင်းရန်အလို့ငှာ၊ ဆေးဆရာတို့သည်၊ ဆေးပညာလေးမျိုးမှ ညွှန်ကြားသည့်အတိုင်း ရောဂါသမုဋ္ဌာန်သဘာဝတို့ကိုသိခြင်း၊ ရောဂါတို့၏ လက္ခဏာ တို့ကိုသိခြင်း၊ ဘယဆေးတို့၏ သဘောသွားကိုသိခြင်း၊ ရောဂါများအတွက် ဆေးဖော်စပ် တတ်ခြင်း၊ ဆေးပညာလေးမျိုးတို့၏ ဆေးကျမ်းများကို တတ်မြောက်ခြင်းဟူသော အရည်အချင်းကိုနှင့်

ပြည့်စုံရမည်။

၁၀။ ။ ဆေးဆရာများကို ဆေးကျမ်းပြုဆေးဆရာများအဖြစ် (က) (ခ) (ဂ) အမျိုးအစား ထားရှိလျှက်၊ သုံးမျိုး သုံးစားခွဲခြား၍ မှတ်ပုံစာရင်းတင်သွင်းရမည်။

ဆေးကျမ်းပြုဆရာများ မှတ်ပုံစာရင်းတင်သွင်းခြင်း။

(က) ဒေသနာနယ၊ ဘေသဇနယတို့တွင် တစ်ပါးပါး၌ အကြုံးဝင်၍ ပညာနုနယ်သော ဆေးဆရာတို့အား၊ အထိုက်အလျောက် ကျေးဇူးပြုနိုင်သည်ဟု အဖွဲ့က ယူဆသော ဆေးကျမ်းကိုပြုသော ဆေးဆရာများအား၊ (က) အမျိုးအစား ကျမ်းပြုဆေးဆရာများအဖြစ် မှတ်ပုံစာရင်းတင်သွင်းရမည်။

(ခ) ကံ၊ စိတ်၊ ဥတု၊ အဟာရ၊ ဓါတုဝိဘာဂ စသော ဒေသနာနယဆိုင်ရာ သုတ္တန္တာန၊ သရီရဋ္ဌာန အစရှိသော ဘေသဇနယဆိုင်ရာတို့ဖြင့် အလယ်အလတ် တန်းစား ဆေးဆရာတို့အား၊ အထိုက်အလျောက် ကျေးဇူးပြုနိုင်သော ဆေးကျမ်းဖြစ်သည်ဟု အဖွဲ့က ယူဆသည့် ဆေးကျမ်းကိုပြုသော ဆေးဆရာများအား (ခ) အမျိုးအစားကျမ်းပြုဆေးဆရာများအဖြစ် မှတ်ပုံစာရင်းတင်သွင်းရမည်။

(ဂ) ဒေသနာနယ၊ ဘေသဇနယတို့နှင့် လျော်စွာ ပါသင့်သော ဆေးပညာအင်္ဂါရပ် တို့ ပါဝင်၍ ဓါတ်၊ ဗီဇွေ၊ ဗေဒင်နက္ခတ်၊ ပယောဂနည်းမျိုးစုံတို့ကို ရေးသားဖော်ပြသဖြင့်၊ ပညာအထက်တန်းဆေးဆရာတို့အား အထိုက်အလျောက်ကျေးဇူးပြုနိုင်သည်ဟု အဖွဲ့ကယူဆသော ဆေးကျမ်းကိုပြုသော ဆေးဆရာများအား (ဂ) အမျိုးအစား ကျမ်းပြုဆေးဆရာများအဖြစ် မှတ်ပုံစာရင်းတင်သွင်းရမည်။

(ဃ) ရဟန်းတော်များအား ဆေးဆရာအဖြစ် မှတ်ပုံစာရင်း တင်သွင်းခြင်းမပြုရ။

၁၁။ ။ (၁) အက်ဉပဒေအရ မှတ်ပုံစာရင်းတင်သွင်းရန် သတ်မှတ်ထားသည့် အခကြေးငွေများမှာ အောက်ပါအတိုင်းဖြစ်သည်။

အခကြေးငွေများ။

(က) (ခ) (ဂ) အမျိုးအစားအသီးသီးအတွက် မှတ်ပုံတင်ခကြေးငွေ ၁၀

(ဃ) အမျိုးအစားအတွက် မှတ်ပုံတင်ခကြေးငွေ ၁၅

(င) အမျိုးအစားအတွက် မှတ်ပုံတင်ခကြေးငွေ ၁၄

(စ) အမျိုးအစားအတွက် မှတ်ပုံတင်ခကြေးငွေ ၁၆

(၂) မှတ်ပုံဝင် တိုင်းရင်းဆေးဆရာများသည် မိမိတို့အား၊ မှတ်ပုံစာရင်းတင်သွင်းပြီးနောက် ရရှိသော အမျိုးအစားအလိုက် တိုးမြှင့်၍ မှတ်ပုံစာရင်းတင်သွင်းရန်၊ မှတ်ပုံတင်အရာရှိကျေနပ်လောက်သော အထောက်အထားကို တင်ပြချက်လျှောက်ထားသည့်အခါ၊ ထိုအမျိုးအစားအလိုက် သတ်မှတ်ထားသော မှတ်ပုံတင်အခကြေးငွေကို ပေးရမည်။

၁၂။ ။ (၁) အဖွဲ့သည်၊ ယခုအသုံးပြုလေ့ကျင့်နေကြသော ဆေးပညာလေးမျိုးကို ပေါင်းစပ်လျှက်၊ တစ်စည်းတစ်မျဉ်းတည်းသို့ သက်ရောက်နိုင်သမျှ သက်ရောက်စေရန်နည်းလမ်းများကို ရှာကြံ၍ ဆေးဆရာများအား ညွှန်ကြားရမည်။

တိုင်းရင်းဆေးပညာတိုးတက်ရန် ဆောင်ရွက်ရေး။

(၂) နိုင်ငံတော်အစိုးရက ဖွင့်လှစ်သောဆေးခန်းများ၌ အသုံးပြုနေသော ဆေးကုထုံးကုနည်း စသည်တို့ကို တစ်စည်းတစ်မျဉ်းတည်းဖြစ်စေရန် အဖွဲ့က ရှာကြံလေ့လာ၍ ဆိုင်ရာသို့ အကြံဉာဏ်ပေးရမည်။

(၃) ဒေသနာနယဟူသော ပရမတ္တဓါတ်ပညာအရ၊ အပူအအေးနှစ်ပါးကို မူတည်ထား၍ ကက္ခဋ္ဌ၊ ပဌမဝိတ္တမ္ဘိတ၊ ဒုတိယ ဝိတ္တမ္ဘိတ၊ ပရိဿဝဟူသော အပူနာ ၄ မျိုး၊ သင်္ဂဟိတ၊ ပဌမ ဗြူဟန၊ ဒုတိယ ဗြူဟန၊ ပဂ္ဂရဏဟူသော အအေးနာ ၄ မျိုး၊ ဗေဒင် နက္ခတ်ပညာအရ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ သီးခြေအပုတ်၊ အာကာသဓါတ်မီးဟူသော ၈ ပါးသော ဓါတ်တို့၏ ဆောင်ပျက်ခိုက်ငုတ်လွန်ဆုံးချုပ်တို့အတိုင်း၊ ဓါတ်ဆောင်သောအနာ ၈ မျိုး၊ ဗိန္ဓောပညာအရ၊ ပြတက်နာ ၃ မျိုး၊ ဒွေးဝန်းနာ ၃ မျိုး၊ သန္ဓိ ပါတ်နာ ၁ မျိုး၊ အဘိဉာဉ်နာ ၁ မျိုး၊ စုစုပေါင်း ၂၄ မျိုးသော ရောဂါတို့ကိုမူသဘောအခြေခံအားဖြင့် အဖွဲ့က ဆေးကုထုံးကုနည်း စသည်တို့ကို သတ်မှတ်ရမည်။

(၄) မှတ်ပုံဝင်ဆေးဆရာ တစ်ဦးဦးထံမှ ရောဂါအထူး၊ သို့တည်းမဟုတ် ဆေးအထူးတွေ့ရှိခြင်းနှင့်စပ်လျဉ်းသော အစီရင်ခံစာများကို ရသည့်အခါ၊ အဖွဲ့သည်၊ ထိုအကြောင်းကို လျှို့ဝှက်စွာစုံစမ်းရမည်။ ထိုတွေ့ရှိချက်သည် ဆေးပညာတိုးတက်မှု၊ အများပြည်သူကျန်းမာမှုအတွက်၊ အမှန်ကျေးဇူးရှိမည်ဟု ယူဆလျှင် အဖွဲ့သည်၊ နိုင်ငံတော် သမ္မတ၏ သဘောတူညီချက်ကို တင်ကြိုရယူ၍၊ ထိုဆေးဆရာအား၊ ဂုဏ်ထူး၊ သို့တည်းမဟုတ် ဆုထူးများ ချီးမြှောက်နိုင်သည်။

၁၃။ ။ (၁) မှတ်ပုံဝင်ဆေးဆရာများသည်၊ ကူးစက်တတ်သော ရောဂါများတွေ့ရှိလျင်၊ သက်ဆိုင်ရာမြို့ပိုင်ထံ၊ သို့တည်းမဟုတ် နယ်ပိုင်ထံ၊ သို့တည်းမဟုတ် ခရိုင်ဝန်ထံ ချက်ခြင်းအစီရင်ခံရမည်။

မှတ်ပုံဝင် ဆေးဆရာတို့၏ တာဝန်ဝတ္တရားများ။

(၂) မှတ်ပုံဝင်ဆေးဆရာများသည်၊ ရောဂါအထူး၊ ရောဂါလက္ခဏာ အထူး၊ ဆေးအထူးတို့ကို မိမိတို့တွေ့ရှိပါက၊ အဖွဲ့သို့ စုံလင်စွာဖော်ပြလျှက် အစီရင်ခံရမည်။ လျှို့ဝှက်စွာ အစီရင်ခံလိုကခံနိုင်သည်။

(၃) မှတ်ပုံဝင်ဆေးဆရာများသည်၊ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဖော်စပ်ထားသော ဆေးများအတွက်၊ ရောဂါလက္ခဏာများကို အတိအကျဖော်ပြ၍၊ အဖွဲ့က စစ်ဆေးလိုက စစ်ဆေးခံနိုင်ကြောင်း အစီရင်ခံနိုင်သည်။

မှတ်ပုံတင်အရာရှိ၏ အရည်အချင်း။

၁၄။ ။ မှတ်ပုံတင်အရာရှိသည်၊ မြန်မာဆေးပညာကြီး ၄ မျိုးကို ယုံကြည်လေးစားခြင်း၊ ဆေးကုသက်အနည်းဆုံး ၁၅ နှစ်ရှိခြင်း၊ အသက် ၄၀ နှစ်အောက်မငယ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးတွင် ပြေပြစ်ခြင်း၊ ဓါတ်၊ ဗီနွော၊ ဗေဒင်နက္ခတ်၊ ပယောဂဟူသော ပညာလေးမျိုးကို စစ်ဆေးနိုင်သော ပညာနှင့် ပြည့်စုံခြင်း၊ ကိုယ်ကျင့်တရားကို မမှား အောင် စောင့်ထိန်းသူဟု ယုံကြည်လေးစားခြင်းခံရသူဖြစ်ခြင်း၊ မြန်မာဆေးပညာတိုးတက်ရေးနှင့် ပြည်သူတို့၏ ကျန်းမာရေး လိုလားခြင်းဟူသော အရည်အချင်းတို့နှင့် ပြည့်စုံရမည်။

မှတ်ပုံတင်အရာရှိ၏တာဝန် နှင့် ဝတ္တရား။

၁၅။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေ၌ ဖော်ပြထားသော ဆိုင်ရာ မှတ်ပုံတင်ခြင်း စာရင်းနှင့် နှစ်စဉ်စာရင်းများကို ကောင်းစွာထားရှိထိန်းသိမ်းရမည်။

(၂) မှတ်ပုံတင်အရာရှိသည် မိမိဆောင်ရွက်ပြီးသောလုပ်ငန်းများနှင့် အထွေထွေ ကိစ္စများကို ၆ လ တစ်ကြိမ် ကျင်းပသော အဖွဲ့၏ အစည်းအဝေးများ၌ ကိုယ်တိုင်တက်ရောက်အစီရင်ခံရမည်။

(၃) မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံစာရင်းတင်သွင်းရန် လျှောက်လွှာတွင်ဖော်ပြသော အချက်များနှင့်ထောက်ခံချက်တို့ကို စစ်ဆေး၍၊ မကျေနပ်လျှင်၊ထိုလျှောက်လွှာအရ၊မှတ်ပုံစာရင်းတင်သွင်း ရန်ငြင်းပယ်နိုင်သည်။ မှတ်ပုံတင်အရာရှိသည်၊ မိမိငြင်းပယ်လိုက်သော လျှောက်လွှာများနှင့် စပ်လျဉ်း၍၊ မည်သည့်အချက်ကို မည်သည့်အထောက်အထားကြောင့် မကျေနပ်ကြောင်း ဖော်ပြလျက် အဖွဲ့သို့ အစီရင် ခံရမည်။

(၄) မှတ်ပုံတင်အရာရှိသည်၊ လျှောက်လွှာကို ကျေနပ်လျှင် ထိုလျှောက်လွှာအတွက် ကျသင့်သော အခကြေးငွေများကို ဖော်ပြ၍၊ လျှောက်ထားသူထံသို့ ပြန်ကြားစာပေးပို့ရမည်။

(၅) မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံစာရင်းတင်သွင်းသော ဆေးဆရာများထံမှ မှတ်ပုံတင်ခကြေးငွေကို လက်ခံပြီးလျှင် ပြေစာဖြတ်ပိုင်းနှင့်တကွ၊ မှတ်ပုံတင် လက်မှတ်တွင် ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပေးပို့ရမည်။

(၆) မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေအရ ကောက်ခံရရှိသည့် အခကြေးငွေများကို အက်ဥပဒေပုဒ်မ ၂၆ အရ ပြုသည့်နည်းဥပဒေများနှင့်အညီ လက်ခံပေးသွင်းရမည်။

၁၆။ ရာထူးခန့်ထားရေးလစာနှင့် အမှုထမ်းစည်းကမ်းများ။

။ (၁) အက်ဥပဒေပုဒ်မ ၁၂ အရခန့်ထားသော အရာထမ်းအမှုထမ်းများ၏ လစာနှုန်းများသည် အလားတူ အစိုးရ အရာထမ်း အမှုထမ်းများအတွက် သတ်မှတ်ထားသည့် လစာနှုန်းများ နှင့် တူညီစေရမည်။

(၂) ထိုအရာထမ်း အမှုထမ်းများ၏ အမှုထမ်းစည်းကမ်းများကို အစိုးရအရာထမ်း အမှုထမ်းများနှင့် အခါအားလျော်စွာ သက်ဆိုင်သည့် နိုင်ငံဝန်ထမ်း စည်းမျဉ်းဥပဒေများ(Civil Service Regulations)၊ အခြေခံနည်းဥပဒေများ(Fundamental Rules)၊ အခြားတည်ဆဲ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် ညီနိုင်သမျှညီအောင် သတ်မှတ် ရမည်။

(၃) မြန်မာနိုင်ငံခရီးစရိတ်နည်းဥပဒေများသည်၊ အက်ဥပဒေအရ၊ ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ခန့်ထားသည့် အရာထမ်း အမှုထမ်းများနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

(၄) အဖွဲ့အစည်းအဝေးသို့ တက်ရောက်သော အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်များသည်၊ အစည်းအဝေးတက်သည့်နေ့များအတွက် နေ့တွက်စရိတ်တစ်ဦးလျှင် ၁၅ (ကျပ်တစ်ဆယ့်ငါးကျပ်တိတိ) ရရှိစေရမည်။

၁၇။ ထောက်ပံ့ကြေးများပေးနိုင်သော အာဏာ။

။ အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူလျက်၊ အသိအမှတ်ပြုထောက်ပံ့ကြေးများကို ပုဒ်မ ၂၆ အရ ပြုသည့် နည်းဥပဒေများနှင့်အညီပေးနိုင်သည်။

MINISTRY OF HOME AFFAIRS
GENERAL BRANCH
The 28th September 1955.

No. 794 — The President of the Union hereby makes the following amendments to the Discipline and Appeal Rules:—*

1. In Rule 1 —

(a) *for* clauses (1), (2) and (3) the following *shall be substituted*, namely:—

"(1) members of the Selection Grade and higher ranks in all services and departments;

(2) members of the Senior Branches of all services and departments.

(3) members of the Junior Branches of all services and departments; and

(4) members of non-gazetted establishments of all departments;" and

(b) Note 3 *shall be deleted.*

2 *For Rule* 4 the following *shall be substituted*, namely:—

"4 (1) The President of the Union may impose any of the penalties specified in clauses (1) to (7) of Rule 2 on any person mentioned in Rule 1:

Provided that in the case of the Myanmar Audit Department, the Auditor-General may impose any of the penalties specified in clauses (1) to (5) of Rule 2 on any member of the Myanmar Audit and Accounts Service, Selection Grade or Senior Branch in the Audit Department;

Provided further that the Accountant-General may impose the penalties specified in clause (1) or (5) of Rule 2 on any member of the Senior Branch in the Audit Department, holding a post

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (ဂ)ရက်၊ စာမျက်နှာ- ၁၅၁၅ မှ ၁၅၁၆ ထိ

in the Accountant-General's Office;

Provided also that, notwithstanding anything contained in the schedule to these rules,

(i) the district Head of the service or department may impose the penalty of suspension on any member of the Junior Branch of the service or non-gazetted establishment to which he belongs serving within his charge. Where there is no such departmental head in the District, the Deputy Commissioner of the District may impose such penalty,

(ii) the departmental head of a division or the authority immediately superior to the District Head may impose the penalty of suspension on a member of the Senior Branch of the service or department to which he belongs serving within his charge. Where there is no such departmental head or authority in the division the Commissioner of the division may impose such penalty.

(2) Subject to the provisions of these rules, the authorities specified in column 2 of the schedule to these rules may impose the penalties specified in column 3 of that schedule upon members of the services included in that schedule."

3. Sub-rule (1) of Rule 6 *shall be re-numbered* as Rule 6 and sub-rule (2) *shall be deleted.*

4. In the proviso to Rule 7 for the words and figure "in clause (3)" the words and figures "in clause (3) or (4)" *shall be substituted.*

5. In Rule 8–

(*a*) *For* sub-rule (2) the following *shall be substituted*, namely:—

"(2) In every other case where an appeal is permitted under these rules, the appeal shall lie to the President of the Union;

Provided that in the case of any member of the Senior Branch in the Audit Department who holds a post in the Accountant-General's Office an appeal from an order passed by the Accountant-General

shall lie to the Auditor-General.";

(b) sub-rule (3) *shall be deleted;* and

(c) in the note for the expression "owing to the provisions of section 97 of the Government of Myanmar Act" the expression "owing to the provisions of these rules" *shall be substituted.*

By order,

KHIN MAUNG PYU,
Chief Secretary to the Govt. of the Union of Myanmar,
Ministry of Home Affairs.

ဝဠ္ဍာ ခုနှစ် နည်းဥပဒေများ

MINISTRY OF TRANSPORT AND COMMUNICATIONS
TELECOMMUNICATION BRANCH

The 29th September 1955.

No. 169 — In exercise of the powers conferred by section 7(1) of the Myanmar Telegraph Act, the President of the Union makes the following amendment to the rules published in Posts and Telegraphs Manual, Volume XII (Telephone Traffic), second edition :—*

After Rule 88 the following *shall be inserted* as Rule 88A: namely:—

"88A. A privately owned exchange not installed and maintained by the Telecommunications Department, but connected by Trunk Lines or Junction Lines to a Government Telephone System, is a Private Branch Exchange; and charges on telephone connection should be made in accordance with Departmental Tariff rates."

This rule shall apply as a temporary measure, only such Telephone Exchange owned by Foreign Embassies as is so connected to a Government Telephone System.

By order,

SHWE MRA,

Secretary to the Govt. of the Union of Myanmar,

Ministry of Transport and Communications.

---

* ပြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ဝဠ္ဍာ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်၊ စာမျက်နှာ - ၁၅၁၉

MINISTRY OF FINANCE AND REVENUE
SAVINGS BRANCH

Yangon. the 13th August 1955.

No. 434.- In exercise of the powers conferred by section 6 of the Savings Certificates Act, 1947, the President of the Union makes the following amendment to the Savings Certificates Rules, 1948, published in this Ministry's Notification No.102, dated the 3rd April 1948: — *

For rule 1 in Chapter 1 of the Savings Certificates Rules. 1948, the following *shall be substituted*, namely:—

"1. Savings Certificates are Government Securities within the meaning of section 2 *(a)* of the Government Securities Act. Savings Certificates of K5, K10, K 50, K 100, K 500, K 1,000 and K 10,000 denominations are obtainable at any post office doing Savings Bank work."

By order,

KYAW NYUN.

Secretary to the Govt. of the Union of Myanmar.

Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်းအပိုင်း-၁၊၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်၊ စာမျက်နှာ - ၁၅၆၀

MINISTRY OF DEFENCE
CANTONMENT AND WORKS BRANCH

Yangon, the 12th October 1955.

No. 115/55 - In exercise of the powers conferred by section 280 of the Cantonments Act, 1924 (II of 1924), the President of the Union of Myanmar directs that the following *be inserted* as item *"(h)"* in Rule 1 of the Cantonment Fund Servants Rules, 1925: — *

"(h) 'Approved Service' includes periods of leave with allowances, including leave preparatory to retirement and also includes other periods which the Officer Commanding-in-Chief, the Command, declares as such."

The president further directs that the following *be aaded* to sub-rule (2) of Rule 32 under Part II of the Cantonment Fund Servants Rules, 1925, namely:–

"The time limit of 6 months may also be waived in cases where such a waiver is considered justifiable by the Officer Commanding-in-Chief, the Command."

By order,

MAUNG MAUNG,
Secretary to the Govt. of the Union of Myanmar.,
Ministry of Defence.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အဖိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ စာမျက်နှာ-၁၆၂

MINISTRY OF FINANCE AND REVENUE
SAVINGS BRANCH

Yangon, the 1st November 1955.

No. 479.– In exercise of the powers conferred by section 14 of the Government Savings Banks Act, the President of the Union directs that the following amendments shall be made to the Government Savings Banks Rules.*

1. For Rule 1 of the said Rules, the following *shall be substituted*, namely:-

"1.Definitions. - For the purposes of these rules—

(i) 'Deposit' means money paid into Savings Bank by, or on behalf of, a depositor.

(ii) 'Depositor' means the person by whom, or on whose behalf, money is deposited.

(iii) 'Account' means the account of a depositor in a Savings Bank.

(iv) 'Balance' means the balance at credit of an account.

(v) 'Minor' means a person who is not deemed to have attained his majority under the Majority Act.

(vi) Guardian includes a father, or, if the father be dead, a mother, or, if both parents be dead, and no guardian of the minor has been appointed by will or deed or under any enactment for the time being in force, any adult relation of the minor with or by whom the minor is residing or being maintained.

(vii) 'Controller' means the Controller of Posts and Telecommunications Accounts.

(viii) 'Savings Bank Office' means an office or a Post Office authorized by the Government to receive savings deposits and to make payment on withdrawals. All Post Offices are deemed to be Savings Bank Offices except in places where it is notified otherwise."

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်၊ စာမျက်နှာ -၁၇၈၂။

2. For the words "Director of Posts" wherever they occur in the said Rules, the words "Commissioner of Savings and Securities" *shall be substituted.*

3. For the words "Postmaster" and "Sub-postmaster" wherever they occur in the said Rules, the words "Officials of the Savings and Securities Department" *shall be substituted.*

4. For the words "Sub-post office" wherever they occur in the said Rules, the words "Savings Bank Office" *shall be substituted.*

5. For the word "initials"wherever they occur in the said Rules, the word "signature" *shall be substituted.*

6. In Rule 2 of the said Rules, the second sentence beginning with the word "Savings" and ending with the word "intended" *shall be deleted.*

7. For Rule 3 of the said Rules, the following *shall be substituted*, namely:–

"3. Business Hours. – Savings Bank Offices will be opened everyday except on Sundays and public holidays. Business hours shall be as notified from time to time in the Savings Bank Offices."

8. In Rule 4 of the said Rules, for the words "Post Office" the words "Savings and Securities Department" *shall be substituted.*

9. For the Exception to Rule 5 of the said Rules, the following *shall be substituted*, namely:—

"Exception. - Notwithstanding anything contained in Rules 5 and 6(1), the Superintendent of Mental Hospital may deposit money in a Savings Bank on behalf of individual patients confined in any such hospital."

10. Rule 10 of the said Rules *shall be deleted.*

11. In Rule 11 of the said Rules, for the word and figures "Rs 15,000" wherever they occur the word and figures "K 25,000" *shall be substituted.*

12. For Rule 12 of the said Rules, the following *shall be subistituted*, namely:—

"12. Powers to withdraw money.- A depositor may withdraw money from his account only once a day during business hours."

13. In Rule 15 of the said Rules, after the words "Cash Certificate" in Note (b) thereto the words "or Savings Certificates" *shall be inserted.*

14. For Rule 16 of the said Rules, the following *Shall be substituted*, namely:—

" 16. How to open an Account - Any person wishing to open an account should apply to the nearest Savings Bank Office. Application need not necessarily be made in person; but the applicant must state his name, father's name and address."

15. In Rule 29 of the said Rules, for the word and figures "Rs 15,000" the word and figures "K 25,000" *shall be substituted.*

16. For Rule 37 of the said Rules, the following *shall be substituted*, namely:—

"37 (1) Payment on death of a depositor.—

(a) If a depositor dies and the balance at his credit exceeds K 5,000, the Secretary may pay the sum to any person claiming for payment who produces probate of the depositor's will or letters of administration or a succession certificate to him;

(b) and if the balance to his credit does not exceed K 5,000, the Secretary may pay the sum to any person appearing to him to be entitled to receive it or to administer the estate of the deceased depositor on that person executing an indemnity bond with two sureties;

(c) and if the balance to his credit does not exceed K 500. the District Savings and Securities Officer who is empowered in this behalf by a general or special order of the President may, subject to the general or special order of the Secretary, pay the sum to any person appearing to him to be entitled to receive it or to administer the estate of the deceased depositor on that person executing an indemnity bond with two sureties;

(d) Assistant Savings and Securities Officer, or any other Officer of Savings and Securities who is empowered in this behalf by a general or special order of thePresident may pay up to the sum of K 250 or K 100 respectively to any person appearing to him to be entitled to receive it or to administer the estate of the deceased depositor with or without the execution by that person of an indemnity bond, according as the Secretary may, by a general or special order, direct.

(2) The Commissioner of Savings and Securities may also determine under section 19 of the Government Securities Act, who is the person entitled to Government securities standing in the name of a deceased depositor and kept in the safe custody of the Controller, if the nominal or face value of such securities does not in the aggregate exceed K 5,000 and probate of the deceased depositor's will or letters of administration of his estate or a certificate granted under Act XXXIX of 1925 be not produced to the Commissioner of Savings and Securities within six months of the depositor's death.

Note 1. - The Provisions of this Rule are not applicable to the balance at credit of a deceased depositor's account opened under Rule 45A. Teacher's Provident Fund Accounts.

Note 2. - In the case of a deceased depositor in whose name more accounts than one stand open under the special circumstances mentioned in the Rules, the balance at credit of "all the accounts excepting the account opened under Rule 45A will be added together for the purpose of applying this Rule."

17. After Rule 37 of the said Rules, the following *shall be inserted* as Rule 37A, namely:—

" 37A. Power to make nominations. – (1) A depositor may nominate in the prescribed form in duplicate in the presence of two witnesses in favour of one or more of his dependents in the following order:—

(a) wife or husband or child, or

(b) where no wife or husband or child is alive, grand-child, or

(c) where no grand-child also is alive, brother or sister or parent.

(2) If a depositor has no dependents, he may nominate a person or persons in the prescribed form in duplicate in the presence of two witnesses.

Note 1.– A declaration to the effect that the nomination is made in the order mentioned in sub-rule (1) if he has dependents shall be made in the form.

Note 2. – A declaration to the effect that the nomination is made under sub-rule (2) if he has no dependents shall be made in the form.

Note 3. – If any declarations mentioned in Notes 1 and 2 above on verification are found to be false, any nomination made thereto shall be declared null and void.

(3) (a) A nomination shall have no effect unless it is sent to the Secretary of the Savings Bank during the life time of the nominator.

(b) Every nomination made thereto in accordance with the conditions prescribed above shall be registered by the Secretary of the Savings Bank and the duplicate copy of the nomination so made will be returned to the nominator.

(4) Effect of transfer on nomination: -- In case of transfer of deposits from the Government Savings Banks towards the purchase of Savings Certificates and Postal Cash Certificates any nomination made thereto in the Savings Bank from which the transfer is made shall cease to apply to the deposits so transferred.

(5) (1) Revocation of nominations: — A nomination shall be revoked:—

(a) by the death of the nominee or where there is more than one nominee by the death of one or all the nominees in the life time of the nominator;

(b) by the marriage of the nominator;

(c) by a written notice of revocation given by the nominator.

(2) A notice of revocation shall be signed by the nominator in the presence of two witnesses, who shall attest the signature of the nominator and the notice shall be of no effect unless it is sent to the Secretary during the life time of the nominator and duly acknowledged by the Secretary. The receipt of such notice shall be duly acknowledged and registered by the Secretary.

(6) Payment under nomination. – On the death of a nominator the Secretary shall, as the nominee may require, either pay the nominee in accordance with the directions in the nomination, or deposit the said sum or part thereof by opening an account under the Rules prescribed for that purpose, or credit the said sum or part thereof to his account if the nominee is already a depositor in the Savings Bank;

Provided that:

(a) If, on the death of a nominator, the nominee is a minor, the Secretary shall not make any payment if the amount exceeds K 500 without the production of a Guardianship Certificate duly granted by a Competent Court, but may, if the amount does not exceed K 500 and if it is proved to the satisfaction of the Secretary that it is expedient that the

said sum or any part thereof should be paid and applied for the maintenance or otherwise for the benefit of that nominee, pay the said sum or that part to any person who satisfies the Secretary that he will apply it for such purposes as aforesaid,

(b) if the nominee is insane or otherwise becomes incapable of managing his affairs, and if such insanity or incapability is proved to the satisfaction of the Secretary, then the Secretary may make payment in accordance with the provisions contained in Rule 39.

(7). Any payment made in accordance with the nomination duly registered in the Office of the Secretary shall be deemed to be a full discharge from all further liabilities in respect of the money so paid."

18. For Rule 38 of the said Rules, the following *shall be substituted*, namely:–

" 38. Government securities in excess of K 5,000 in the custody of the Controller may only be paid on production of probates, letters of administration, or a certificate under the Succession Act (Act XXXIX of 1925).

" Note - The provisions of Notes 1 and 2 below Rule 37 (2) apply also to this Rule."

19. Rule 40 (a) of the said Rules *shall be deleted.*

20. In Rule 42 of the said Rules —

(i) clause (1) thereof *shall be deleted;*

(ii) for the Note after clause (m), the following *shall be substituted*, namely:—

"Note - The period of the notice prescribed above may be reduced by the Commissioner of Savings and Securities and notice may be dispensed with when withdrawals are made for the purpose of immediate investment in Post Office 5-year Cash Certificates and Savings Certificates provided that no cash is actually paid out by the Savings Bank at the time of transaction;"

(iii) for the Exceptions after clause (m), the following *shall be substituted*, namely:—

"Exceptions.- The conditions mentioned in sub-rule (m) of Rule 42 do not apply to the Public Account opened by the Local authorities referred to in the Exception to Rule 43 (d). They may invest up to a maximum limit of K 1,00,000 (exclusive of interest for the year) in respect of each fund."

21. For clause (h) of Rule 44, the following *shall be substituted*, namely:–

"(h) The maximum limit of K 25,000 for deposits and for calculation of interest (see Rule 29), do not apply to accounts opened under this rule."

22. In Rule 45 of the said Rules, for the word and figures "Rs 15,000" in clauses (c) and (h), the word and figures "K 50,000" *shall be substituted.*

23. For clause (b) of Rule 45A, the following *shall be substituted*, namely:-

"(b) The maximum limit of K 25,000 for deposits (see Rule 11) and for calculation of interest (see Rule 29) do not apply to accounts opened under this rule."

24. After Rule 45B, the following *shall be inserted* as Form 1 and Form 2, namely:—

Form 1.

FORM OF NOMINATION WHEN DEPOSITOR HAS DEPENDENTS

(see Rule 37A)

Name _____

Place _____

Date _____

To

THE SECRETARY OF THE GOVERNMENT
SAVINGS BANKS, SECRETARIAT, YANGON.

SIR,

I hereby nominate the person (persons) mentioned below, who is (are) my dependent (dependents) as defined in section 4A of the Government Savings Banks Act to receive the amount that may stand to my credit in the Government Savings Banks in the event of my death and direct that the said amount shall be paid to (or distributed among) the said person (persons) in the manner shown below against their names:—

Name(s) and address(es) of the nominee or nominees (1)	Relationship with the depositor (2)	Age of the nominee or nominees (3)	Share of balance at my credit (4)

Witnesses—

(1) _____

Designation _____

Address _____

(2) _____

Designation _____

Address _____

I am,
Your obedient servant,

_____
(Signature of depositor)

Declaration

I _____ do hereby declare that the above nomination is made in the order as prescribed by Rule 37A (1).

Date_____

Station _____

_____
(Signature of depositor)

Form 2.

FORM OF NOMINATION WHEN DEPOSITOR HAS NO DEPENDENTS

(see Rule 37A)

Name _____

Place _____

Date _____

To

THE SECRETARY OF THE GOVERNMENT
SAVINGS BANKS, SECRETARIAT, YANGON.

SIR,

I hereby nominate the person (persons) mentioned below to receive the amount that may stand to my credit in the Government Savings Banks in the event of my death and direct that the said amount shall be said to (or) distributed among) the said person (persors) in the manner shown below against their names:—

Name(s) and address(es) of the nominee or nominees (1)	Relationship with the depositor (2)	Age of the nominee or nominees (3)	Share of balance at my credit (4)

Witnesses-

(1) _____

Designation _____

Address _____

(2) _____

Designation _____

Address _____

I am,
Your obedient servant,

_____
(Signature of depositor)

Declaration

I _____ do hereby declare that the above nomination is made as prescribed by Rule 37A (2).

Date_____

Station

_____
(Signature of depositor)

By order,

Kyaw Nyun,

Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

MINISTRY OF DEMOCRATISATION OF LOCAL ADMINISTRATION
LEGISLATIVE BRANCH

Yangon, the 27th October 1955.

No. 476.- In exercise of the powers conferred by section 229, clause *(f)* of the Myanmar Municipal Act, 1898, the President of the Union is pleased to make the following amendments in Rule 20, Chapter III of the Myanmar Municipal Rules, 1934, as subsequently amended from time to time and under section 237 *(2)* of the Myanmar Municipal Act, 1898, directs that the same shall be published for general information:—*

In Rule 20, Chapter III of the Myanmar Municipal Rules, *for* the word and figure "K 150" wherever they occur the word and figure "K 200" *shall be substituted.*

No. 477.- In exercise of the powers conferred by section 79, sub-section *(1)*, clause *(f)* of the Myanmar Rural Self-Government Act, 1921, the President of the Union is pleased to make the following amendments in Rule 11, Chapter III of the Myanmar Rural Self-Government Rules, 1936, as subsequently amended from time to time and under section 79 *(3)* of the Myanmar Rural Self-Government Act, 1921, directs that the same shall be published for general information:

In Rules 11, Chapter III of the Myanmar Rural Self-Government Rules, *for* the word and figure "K 150" wherever they occur the word and figure "K 200" *shall be substituted.*

By order,

MAUNG THAUNG,

Secretary to the Govt. of the Union of Myanmar,
Ministry of Democratisation of Local Administration.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်၊ စာမျက်နှာ - ၁၈၁၄

အလုပ်သမားဝန်ကြီးဌာန

၁၃၁၇ ခု၊ တန်ဆောင်းမုန်းလပြည့်ကျော် ၄ရက်။
(၁၉၅၅ ခု၊ ဒီဇင်ဘာလ ၃ ရက်။)

အမှတ် ၁၄၂။ ။ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေပုဒ်မ ၉၀၊ ၉၁၊ ၉၃၊ ၉၆ နှင့် ၁၀၃ ဖြင့်၊ အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ ထိုအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် အလို့ငှာ၊ နိုင်ငံတော်သမ္မတသည်၊ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။ *

လူမှုဖူလုံရေးနည်းဥပဒေများ။

အခန်း ၁။
လူမှုဖူလုံရေးအဖွဲ့။

၁။ ။ ဤနည်းဥပဒေများတွင် "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေကို ဆိုလိုသည်။

၂။ ။ (၁) အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်လူကြီးများ၏ ရာထူးသက်တမ်းသည်၊ ၄င်းတို့ကို ခန့်ထားပြီးကြောင်း ကြေညာသည့်နေ့မှစ၍ သုံးနှစ်ဖြစ်ရမည်။

(၂) ၄င်းတို့၏ ရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ၊ ၄င်းတို့ကို ထပ်မံရွေးချယ်၍ ခန့်ထားနိုင်ရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ကောင်စီကိုယ်စားလှယ်အား မည်သည့်အခါမဆို ရာထူးတွင် ထမ်းရွက်ခြင်းကို ရပ်စဲရန် ဆိုင်ရာ အဖွဲ့အစည်းများက တောင်းဆိုလျှင် ရပ်စဲစေနိုင်သည်။

(၄) မည်သည့်အဖွဲ့ဝင်လူကြီးမဆို —

(က) အခွင့်အာဏာရ တရားရုံးက စိတ်ပေါ်သွပ်သူ ဖြစ်ကြောင်း အမိန့်ချမှတ်ခြင်း ခံရသူဖြစ်လျှင်သော်လည်းကောင်း၊

(ခ) တရားရုံး၏ ဆုံးဖြတ်ချက်ကြောင့်ဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အမိန့်အရ ဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်မှ ရပ်စဲခံရသူဖြစ်လျှင်သော်လည်းကောင်း၊

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်၊ စာမျက်နှာ - ၁၉၈၂ မှ ၁၉၉၃ အထိ။*

(ဂ) လူမွဲအဖြစ်ဆုံးဖြတ် ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူဖြစ်လျှင် သော်လည်းကောင်း၊

(ဃ) ခြောက်လထက်ပိုသော ထောင်ဒဏ်ခံထိုက်သည့်ပြစ်မှု ကျူးလွန်သည်ဟု၊ ပြစ်မှုထင်ရှားစီရင်ခံရသူဖြစ်လျှင်သော်လည်းကောင်း၊

(င) အဖွဲ့နှင့်ပဋိညာဉ်စာချုပ် ချုပ်ဆိုထားသော လုပ်ငန်းတွင်၊ ကိုယ်ကျိုးပါဝင်သူ ဖြစ်လျှင်သော်လည်းကောင်း၊

(စ) အဖွဲ့၏ရာထမ်း မှုထမ်းဖြစ်နေလျှင်သော်လည်းကောင်း၊

ထိုသူကို အဖွဲ့ဝင်လူကြီးအဖြစ်ခန့်ထားခြင်း၊ သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိရ။

(၅) အဖွဲ့ဝင်လူကြီးများသည် နိုင်ငံတော်သမ္မတထံသို့၊ ဥက္ကဋ္ဌမှတစ်ဆင့် စာဖြင့် ကြိုတင်အကြောင်းကြား၍ ၎င်းတို့၏ရာထူးမှ နှုတ်ထွက်နိုင်သည်။

(၆) ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား အဖွဲ့တွင် မည်သည့်အဖွဲ့ဝင်ရာထူးများ လစ်လပ်သည်ကို အကြောင်းကြား၍ ထိုရာထူးများတွင် လူစားခန့်ထားရန် မေတ္တာရပ်ခံရမည်။

(၇) ရာထူးမှနှုတ်ထွက်သော၊ သို့တည်းမဟုတ် ရာထူးသက်တမ်းကုန်ဆုံးသော အဖွဲ့ဝင်လူကြီးများသည်၊ ၎င်းတို့၏ ရာထူးတွင်နောက်ထပ်ခန့်ထားသည့် အဖွဲ့ဝင်လူကြီးသစ်များက တာဝန်ဝတ္တရားများကို မဆောင်ရွက်သေးသမျှ ကာလပတ်လုံး၊ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

၃။ ။ (၁) အလုပ်သမားဆိုင်ရာဝန်ကြီးသည် အဖွဲ့၏ဥက္ကဋ္ဌဖြစ်ရမည်။

(၂) မည်သည့် အစည်းအဝေး၌မဆို ဥက္ကဋ္ဌမရှိလျှင်၊ အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်လူကြီးများထဲမှ အဖွဲ့ဝင်လူကြီးတစ်ဦးကို သဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။ ထိုသူသည် ထိုအစည်းအဝေး၌ ဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည့်အပြင်၊ အာဏာများကိုလည်း သုံးစွဲနိုင်သည်။

၄။ ။ (၁) အဖွဲ့၏အစည်းအဝေးများ၌၊ ဥက္ကဋ္ဌကသဘာပတိ အဖြစ်ဆောင်ရွက် ရမည်။

(၂) မဲအရေအတွက်တူညီနေပါက၊ ဥက္ကဋ္ဌသည် အနိုင်မဲပေးနိုင်သည်မှအပ မဲပေးရာ၌ မပါဝင်ရ။

(၃) အဖွဲ့၏ဆုံးဖြတ်ချက်များသည် လူမှုဖူလုံရေး အက်ဥပဒေနှင့် ဆန့်ကျင်သည်ဟူ၍ လည်းကောင်း၊ တရားဥပဒေနှင့်ဆန့်ကျင်သည်ဟူ၍လည်းကောင်း၊ သို့တည်းမဟုတ် အဖွဲ့၏အကျိုးကို ထိခိုက်နစ်နာစေသည်ဟူ၍လည်းကောင်း၊ ဥက္ကဋ္ဌက ယူဆလျှင်၊ ထိုဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတထံ စေဒကဝင်နိုင်သည်။

(၄) သက်ဆိုင်ရာအာဏာပိုင်များနှင့် ဆက်ဆံရာ၌ ဥက္ကဋ္ဌသည် အဖွဲ့၏ကိုယ်စား ဆောင်ရွက် ရမည့်အပြင် အဖွဲ့၏လုပ်ငန်းဆောင်တာ အဝဝကို စီမံခန့်ခွဲကြီးကြပ်ရမည်။ အထူးသဖြင့် အဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရေး၌ ကြီးကြပ်ရမည်။

၅။ ။ (၁) အဖွဲ့သည် ဘဏ္ဍာတော်နှစ် တစ်နှစ်အတွင်းတွင် အနည်းဆုံးနှစ်ကြိမ် အစည်း အဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည် အစည်းအဝေးကျင်းပမည့်နေ့ရက်၊ နေရာနှင့် အစည်းအဝေးအစီအစဉ် ကို သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) အစည်းအဝေးကျင်းပမည့်အကြောင်းကြားစာကို အစည်းအဝေးအစီအစဉ်နှင့် အတူ တကွ ရက်သတ္တတစ်ပတ်ထက် နောက်မကျစေဘဲ အဖွဲ့ဝင်လူကြီးအသီးသီးထံသို့ ကြိုတင်ပေးပို့ရ မည်။

(၄) အစည်းအဝေးအစီအစဉ်တွင် မပါသော ပြဿနာများကို ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်သာ ထည့်သွင်းစဉ်းစားနိုင်သည်။

(၅) အဖွဲ့ဝင်လူကြီးအနည်းဆုံး ခြောက်ဦးကမသော်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးက သော်လည်းကောင်း၊ မည်သည့်အကြောင်းကြောင့် အစည်းအဝေးကျင်းပရန်လိုကြောင်းကို ဖော်ပြ၍ စာဖြင့်တောင်းဆိုလျှင်၊ ဥက္ကဋ္ဌသည် အဖွဲ့၏အစည်းအဝေးကို ဖိတ်ခေါ်ရမည်။

၆။ ။ (၁) မည်သည့် အစည်းအဝေး၌မဆို အဖွဲ့ဝင်လူကြီး အနည်းဆုံး ကိုးဦး တက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။ ကိုးဦးမပြည့်လျှင်၊ ဥက္ကဋ္ဌသည် အစည်းအဝေးကို ရွှေ့ဆိုင်းနိုင်၍ ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်နေ့ရက်တွင်အဖွဲ့သည် အစည်းအဝေးတက်သည့် အဖွဲ့ဝင် လူကြီးဦးရေကို ပဓါနမထားဘဲ၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

(၂) ဆုံးဖြတ်ချက်များကို များရာ၏သဘောအရ လက်ထောင်သော မဲစံနစ်ဖြင့် ချမှတ်ရမည်။

၇။ ။ (၁) ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ၊ အလုပ်သမားဝန်ကြီးဌာနဆိုင်ရာ၊ သို့တည်း မဟုတ် လူမှုဖူလုံရေးအက်ဥပဒေပါ လုပ်ငန်းများနှင့်သက်ဆိုင်သော အခြားဝန်ကြီးဌာနများဆိုင်ရာ အရာရှိ များသည် အစည်းအဝေးများသို့ တက်နိုင်သည်။

(၂) ဥက္ကဋ္ဌ၏သဘောတူချက်အရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ် စားလှယ်သည်လည်းကောင်း၊ နိုင်ငံပေါင်းစုံ အလုပ်သမားရေးရာအဖွဲ့ချုပ်ဆိုင်ရာ ပါရဂူများနှင့် အရာရှိများသည်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးက တက်ရောက်ရန်ဖိတ်ကြားထားသော အဖွဲ့၏ အရာရှိများနှင့် အဖွဲ့အတွက် အသုံးဝင်၍ အကျိုးရှိစေမည့် အခြားပုဂ္ဂိုလ်များသည်လည်းကောင်း၊ အစည်းအဝေးများသို့ တက်နိုင်သည်။

၈။ ။ (၁) အစည်းအဝေးမှတ်တမ်းများကို အတွင်းရေးမှူးက ရေးသားပြီးလျှင် အဖွဲ့ဝင်လူကြီးများထံသို့ အစည်းအဝေးပြီးသည့်နေ့ နောက်ရက်သတ္တတစ်ပတ်အတွင်း ပေးပို့ရမည်။

(၂) မှတ်တမ်းများကို လိုအပ်သည်ဟုယူဆသော ပြင်ဆင်ချက်များနှင့်တကွ နောက်အစည်းအဝေးတွင် အတည်ပြုရမည်။

(၃) မှတ်တမ်းများကို ဥက္ကဋ္ဌက လက်မှတ်ထိုး၍ အတွင်းရေးမှူးက တာဝန်ယူလျက် မှတ်တမ်းစာအုပ်တွင် ထည့်သွင်းထားရမည်။

၉။ ။ (၁) အတွင်းရေးမှူးမှာ အစည်းအဝေးအစီအစဉ်များကိုရေးဆွဲရန်နှင့် အဖွဲ့၏ဆုံဖြတ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန် တာဝန်ရှိရမည်။

(၂) အတွင်းရေးမှူးသည်အဖွဲ့ဝင်လူကြီးများအား ၎င်းတို့တောင်းဆိုသောအဖွဲ့၏လုပ်ငန်းဆိုင်ရာ အချက်အလက်အကြောင်းအရာ အားလုံးကို ပေးရမည်။

၁၀။ ။ အဖွဲ့ကချုပ်ဆိုသော စာချုပ်များကို အဖွဲ့၏ကိုယ်စားဥက္ကဋ္ဌက လက်မှတ်ထိုးရမည်၊ သို့ရာတွင်အဖွဲ့သည် အခြားအဖွဲ့ဝင်လူကြီး တစ်ဦးဦးကိုသော်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးကိုသော်လည်းကောင်း၊ အဖွဲ့၏ကိုယ်စားစာချုပ်တစ်ခုခုချုပ်ဆိုရန် အာဏာအပ်နှင်းခဲ့သော်၊ ထိုသူသည် ထိုစာချုပ်ကို အဖွဲ့၏ကိုယ်စားလက်မှတ် ထိုးရမည်။

၁၁။ ။ အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်လူကြီးများမှာ အဖွဲ့၏အစည်းအဝေးသို့တက်သည့်အတွက် အခါအားလျော်စွာ နိုင်ငံတော်သမ္မတ သတ်မှတ်သည့်စရိတ်များကို ရခွင့်ရှိရမည်။

၁၂။ ။ (၁) အဖွဲ့သည် လူမှုဖူလုံရေးအတွက် ဝါဒစည်းမျဉ်းများကို သတ်မှတ်နိုင်သည်။

(၂) အမြဲတန်းကော်မတီအား ဆုံးဖြတ်ရန်လွှဲအပ်ခြင်းမပြုနိုင်သည့်အဖွဲ့၏ သီးသန့်အာဏာများတွင် အောက်ပါအာဏာများ ပါဝင်ရမည်။

(က) နည်းဥပဒေကြမ်းများနှင့် စည်းမျဉ်းဥပဒေကြမ်းများ ရေးဆွဲခြင်း။

(ခ) အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရန်အတွက် အကြံပေးချက်များ ရေးဆွဲခြင်း။

(i) အက်ဥပဒေ ပုဒ်မ ၁ (၂)အရ၊ အက်ဥပဒေစတင်အာဏာတည်ခြင်း။

(ii) အက်ဥပဒေပုဒ်မ ၃(စ)အရ၊ အက်ဥပဒေတွင် အကျုံးမဝင်သေးသည့် အလုပ်ဌာနများကို အက်ဥပဒေတွင် အကျုံးဝင်စေခြင်း။

(iii) အက်ဥပဒေ ပုဒ်မ ၄ နှင့် ၁၀၂တွင် ရည်ညွှန်းထားသည့်အတိုင်း ကင်းလွတ်ခွင့်ပြုခြင်း။

(iv) အက်ဥပဒေပုဒ်မ ၂၈(၂)အရ အလုပ်နှင့်ဆိုင်သည့် ရောဂါများ စာရင်းကိုပြင်ခြင်း။

(v) အက်ဥပဒေပုဒ်မ ၃၆(၃)အရ အမြဲတန်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်များကို သတ်မှတ်ရာ၌ အခြေခံပြုရမည့်တန်ဖိုးဖြတ်စာရင်းများ ထုတ်ပြန်ခြင်း။

(vi) အက်ဥပဒေပုဒ်မ ၃၈ (၃) အရ၊ အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ်အတွက် ပင်ရှင်များ၏ ငွေလုံးငွေရင်းတန်ဖိုး ဖြတ်စာရင်းများ ထုတ်ပြန်ခြင်း။

(vii) အက်ဥပဒေပုဒ်မ ၄၇အရ၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သည့်အင်အား ယုတ်လျော့သွားသူများအတွက် လစ်လပ်သောအလုပ်များကို အနည်းဆုံးမည်ရွေ့မည်မျှ အချိုးအစားဖြင့် သီးသန့်ထားရမည်ဟု သတ်မှတ်ခြင်း။

(ဂ) အုပ်ချုပ်ရေးမှူးခန့်ထားခြင်း (နိုင်ငံတော်သမ္မတ၏ ကြိုတင် သဘောတူညီချက်ဖြင့်) ရာထူးမှ ရပ်စဲခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်းနှင့် အုပ်ချုပ်ရေးအရာရှိ၊ ဆေးဘက်ဆိုင်ရာ အရာရှိချုပ်နှင့် ငွေစာရင်းအရာရှိချုပ်တို့၏ရာထူးများကို တိထွင်ခြင်း၊ ရာထူးများတွင် ခန့်ထားခြင်း၊ ရာထူးများမှရပ်စဲခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်း။

(ဃ) နိုင်ငံတော်စာရင်းစစ်ချုပ်၏ စာရင်းစစ်အစီရင်ခံစာနှင့်အတူ လွန်ခဲ့သည့် ဘဏ္ဍာတော်နှစ်၏ ငွေစာရင်းများကို အတည်ပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

(င) နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် ငွေများချေးယူခြင်း။

(စ) ရ-သုံး မှန်းခြေငွေစာရင်းများကို အတည်ပြုခြင်း။

(ဆ) အဖွဲ့၏ရာထမ်းမှုထမ်းများအတွက် အမှုထမ်းစည်းကမ်းများနှင့် သက်ဆိုင်သော နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း။

(ဇ) အကျိုးခံစားခွင့်သစ်များ၊ သို့တည်းမဟုတ် အကျိုးခံစားခွင့် နှုန်းသစ်များကို တိထွင်ပေးခြင်း၊ စည်းမျဉ်းဥပဒေများ၏ ကန့်သတ်ချက်များ နှင့်အညီ အကျိုးခံစားခွင့် ရသူ အမျိုးအစားကို တိုးချဲ့ခြင်း။

(စျ) လူမှုဖူလုံရေးကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ အဖွဲ့၏ကိုယ်စားလှယ်များ စေလွှတ်ခြင်းနှင့်လူမှုဖူလုံရေးကိစ္စအတွက် ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အဖွဲ့ကဆောင်ရွက်ခြင်း။

(ည) အမြဲတန်းကော်မတီလူကြီးများ ရွေးချယ်ခြင်း။

(ဋ) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၊ သို့တည်းမဟုတ် အခြားနိုင်ငံတော် အစိုးရဘဏ်များနှင့် သဘောတူစာချုပ်များချုပ်ဆိုခြင်း။

(ဌ) သီးသန့်ရန်ပုံငွေနှင့် အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေများတွင် မည်ရွေ့မည်မျှ ထည့်သွင်းထားရမည်ကို ဆုံးဖြတ်ခြင်းနှင့် ထိုငွေများကို သုံးစွဲခြင်း။

၁၃။ ။ အဖွဲ့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှာ အဖွဲ့ဝင်လူကြီးများပါဝင်သော ကော်မတီများကို ယေဘုယျအားဖြင့်သော်လည်းကောင်း၊ အထူးကိစ္စများအတွက်သော်လည်းကောင်း၊ ဖွဲ့စည်းနိုင်သည်။

အခန်း ၂။

အမြဲတန်းကော်မတီ။

၁၄။ ။ (၁) အမြဲတန်းကော်မတီတွင် အဖွဲ့ကရွေးချယ်ခန့်ထားသည့် အဖွဲ့ဝင်လူကြီး ခုနစ်ဦး ပါဝင်ရမည်။ ၎င်းတို့အနက် အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ် အနည်းဆုံး တစ်ဦးစီ ပါဝင်ရမည်။

(၂) အမြဲတန်းကော်မတီသည် ကော်မတီလူကြီးတစ်ဦးကို ဥက္ကဋ္ဌအဖြစ် သုံးနှစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

(၃) မည်သည့်အစည်းအဝေးဌာနဆို ဥက္ကဋ္ဌမရှိလျှင် အစည်းအဝေးတက်သော ကော်မတီလူကြီးများထဲမှ တစ်ဦးကိုသဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။ ထိုသူသည် ထိုအစည်းအဝေးဌာ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည့်ပြင် အာဏာကိုလည်း သုံးစွဲနိုင်သည်။

၁၅။ ။ ကော်မတီလူကြီးအနည်းဆုံးသုံးဦးကသော်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးကသော်လည်းကောင်း၊ မည်သည့်အကြောင်းကြောင့် အစည်းအဝေးကျင်းပရန်လိုကြောင်းကို ဖော်ပြ၍ စာဖြင့်တောင်းဆိုလျှင်၊ အမြဲတန်းကော်မတီ၏ဥက္ကဋ္ဌသည် ကော်မတီ၏ အစည်းအဝေးကို ဖိတ်

ခေါ်ရမည်။

၁၆။ ။ မည်သည့်အစည်းအဝေးဌမဆို ကော်မတီလူကြီးအနည်းဆုံးလေးဦးတက်လျှင်၊ အစည်းအဝေးထမြောက်ရမည်။ လေးဦးမပြည့်လျှင် ဥက္ကဋ္ဌသည် အစည်းအဝေးကို ရွှေ့ဆိုင်းနှိုင်၍ ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်နေ့ရက်တွင် ကော်မတီသည် အစည်းအဝေးတက်သည့် လူကြီးဦးရေကို ပဓါနမထားဘဲ၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

၁၇။ ။ (၁) နည်းဥပဒေ ၄ (၁) နှင့် (၂)၊ ၅ (၂)၊ (၃)၊ (၄)၊ ၆(၂)၊ ၇၊ ၈၊ ၉၊ ၁၁၊ နှင့် ၁၃ ပါ ပြဋ္ဌာန်းချက်များသည် အမြဲတန်းကော်မတီနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်ရမည်။

(၂) နည်းဥပဒေ ၄ (၃)တွင် အကျူးဝင်သည့် ကိစ္စမျိုးပေါ်ပေါက်သည်ဟု ထင်မြင်လျှင်၊ ဥက္ကဋ္ဌသည် ထိုကိစ္စကို အဖွဲ့သို့ ဆုံးဖြတ်ရန် တင်ပြရမည်။

၁၈။ ။ အမြဲတန်းကော်မတီ၌ အောက်ပါအာဏာများ ရှိရမည်။

(၁) လူမှုဖူလုံရေးနှင့် သက်ဆိုင်သောအက်ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် အခြားတရားဥပဒေပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ကောက်ယူခြင်း။

(၂) လူမှုဖူလုံရေးဆိုင်ရာ အုပ်ချုပ်မှု ယန္တရားကို စီမံခန့်ခွဲခြင်း။

(၃) အကျိုးခံစားခွင့်များပေးရာတွင် လိုက်နာရမည့်နည်းလမ်းများကို အတည်ပြုခြင်း။

(၄) နောက်ဆက်တွဲ ဆေးကုမှု စည်းမျဉ်းဥပဒေများကို အတည်ပြုခြင်း။

(၅) အက်ဥပဒေပုဒ်မ ၅၇အရ၊ မိမိ၏အလုပ်သမားများအတွက် ဆေးကုရေး အစီအစဉ်များ စီမံထားရှိသော အလုပ်ရှင်များနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း။

(၆) အက်ဥပဒေပုဒ်မ ၁၁အရ၊ အများပြည်သူ့ကိုယ်စားလှယ်ဌာနများနှင့်လည်းကောင်း၊ အကြောင်းထူးကိစ္စများပေါ်ပေါက်လာသည့်အခါ ကိုယ်ပိုင်ကိုယ်စားလှယ် ဌာနများနှင့်လည်းကောင်း၊ အာမခံထားသူများအတွက် ဆေးကုမှု စီမံထားရှိပေးရန် သဘောတူစာချုပ်များချုပ်ဆိုခြင်း။

(၇) ဆေးဘက်ဆိုင်ရာ အရာရှိချုပ်၏ ထောက်ခံချက်အရ ချွတ်ယွင်းသည့် ကိုယ်အင်္ဂါများခွဲစိတ်ကုသရန် ကိရိယာတန်ဆာများနှင့် ဖြည့်စွက်ကုရန် ကိရိယာတန်ဆာများ ထောက်ပံ့ခြင်း။

(၈) မှတ်ပုံတင်ပုံစံများနှင့် မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ပုံစံများ၊ ထည့်ဝင်ကြေးများ ကောက်ခံရေးနှင့် စပ်လျဉ်းသောပုံစံများ၊ အလုပ်ရှင်များက ထားရှိရန်၊ သို့တည်းမဟုတ် အဖွဲ့သို့ တင်ပြရန်လိုအပ်သော မှတ်တမ်း

များ၊ ငွေစာရင်းများနှင့် အစီရင်ခံစာများကို အတည်ပြုခြင်း (အက်ဥပဒေ ပုဒ်မ ၇၀)။

(၉) ဒေသန္တရ ရန်ပုံငွေစာရင်းဆိုင်ရာနည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ အဖွဲ့က လိုက်နာရမည့် ငွေစာရင်းထားရှိရေးစနစ်ကို သတ်မှတ်သော နောက်ဆက်တွဲနည်း ဥပဒေများကို အတည်ပြုခြင်း။

(၁၀) အက်ဥပဒေပုဒ်မ ၄၄အရ၊ အလုပ်တွင် ဒဏ်ရာရသူများအတွက် အလုပ်နှင့်ဆိုင်သော အတတ်ပညာပြန်လည်သင်ကြားပေးရေးနှင့် ပြန်လည်လေ့ကျင့်ရေးလုပ်ငန်းစဉ်များနှင့် ဘေးအန္တရာယ် ကင်းရှင်းရန် ပညာသင်ကြားရေးလုပ်ငန်းများကို စီစဉ်ပေးခြင်း။

(၁၁) အက်ဥပဒေပုဒ်မ ၉၇၊ ၉၈ နှင့် ၉၉အရ၊ တရားရုံးများ၌ တရားစွဲဆိုရန်ကိစ္စနှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေးမှူးအား ယေဘုယျညွှန်ကြားချက်များ ပေးခြင်း။

(၁၂) ငွေ ၅၀၀ ကျပ်ထက်ပို၍ ကုန်ကျမည့် ရွှေ့ပြောင်းနိုင်သော၊ သို့တည်းမဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို အဖွဲ့အတွက်ဝယ်ယူရန်၊ ရယူရန်၊ သို့တည်းမဟုတ် ထုခွဲရောင်းချရန်ခွင့်ပြုခြင်း၊ မည်သည့်ပစ္စည်းကိုမဆို တစ်ဆယ့်နှစ်လထက်ပိုသော ကာလအပိုင်းအခြားအတွက် ငှားယူရန် ခွင့်ပြုခြင်း၊ သို့သော် အထက်ပါအသုံးစရိတ်များသည် ငွေ ၁၀,၀၀၀ ကျပ်ထက်ပိုလျှင်၊ အဖွဲ့ဥက္ကဋ္ဌ၏ သဘောတူညီချက်ကို ရယူရမည်။

(၁၃) ငွေ ၅၀၀ကျပ်ထက်ပိုသော မည်သည့်ကုန်ကျစရိတ်ကိုမဆို ခွင့်ပြုခြင်း၊ သို့သော် အထက်ပါအသုံးစရိတ်များသည် ငွေ ၁၀,၀၀၀ကျပ်ထက်ပိုလျှင်၊ အဖွဲ့ဥက္ကဋ္ဌ၏ သဘောတူညီချက်ကို ရယူရမည်။

(၁၄) အောက်ပါအငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။

(က) လူမှုဖူလုံရေးလုပ်ငန်းအတွက် ထမ်းဆောင်ရမည့်တာဝန်နှင့် သော်လည်းကောင်း၊ ထည့်ဝင်ကြေးများပေးသွင်းရေးနှင့်သော်လည်း ကောင်း၊ စပ်လျဉ်း၍ အဖွဲ့နှင့်အလုပ်ရှင်အငြင်းပွားမှု (ထိုအငြင်းပွား မှုတွင် ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ နိုင်ငံတော်သမ္မတ ထံ အယူခံဝင်နိုင်သည်)။

(ခ) အလားတူကိစ္စများနှင့်စပ်လျဉ်း၍ အဖွဲ့နှင့်အလုပ်သမားများ အငြင်းပွားမှု (ထိုအငြင်းပွားမှုတွင် ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ အယူခံခုံရုံးတွင် အယူခံဝင်နိုင်သည်)။

(၁၅) အကျိုးခံစားခွင့်ရရှိရေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အကျိုးခံစား ခွင့် ပေးပုံပေးနည်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အကျိုးခံစားခွင့် ငွေအရေအတွက်နှင့်၊ သို့တည်းမဟုတ် ရရှိမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ အခြားကိစ္စများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဖြစ်ပေါ်လာသည့် အဖွဲ့နှင့်အာမခံထားသူများ၊ ၎င်းတို့ကို မှီခိုနေထိုင်သူများ၊ အခြားအကျိုးခံစားခွင့် ရထိုက်သူများ၏ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။

(၁၆) အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်အရ၊ နည်းဥပဒေ ၁၂(ဂ) တွင် ဖော်ပြထားသည့် ရာထူးများမှတစ်ပါး၊ အခြားမည်သည့်ရာထူးကိုမဆို အက်ဥပဒေပါ အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ လိုအပ်သည်၊ သို့တည်းမဟုတ် သင့်လျော်သည်ဟု ထင်မြင်လျှင်၊ တိထွင်ပေးခြင်း၊ ထို့ပြင် အစိုးရရာထမ်းမှုထမ်းများအတွက် ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ၊ အဖွဲ့၏ ရာထမ်းမှုထမ်းများအတွက် စရိတ်ကြေးငွေများ သတ်မှတ်ခွင့်ပြုခြင်း။

(၁၇) အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်အရ [နည်းဥပဒေ ၁၂(ဂ)တွင် ဖော်ပြထားသော အရာရှိများမှတစ်ပါး] အဖွဲ့၏ အခြားအရာရှိများကို ခန့်ထားခြင်း၊ အလုပ်မှရပ်စဲခြင်း၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပယ်ခြင်းနှင့် ခွင့်ပေးခြင်း။

(၁၈) နည်းဥပဒေ ၁၂ (၂)တွင် ရည်ညွှန်းထားသောအဖွဲ့က ဆောင်ရွက်ရမည့် ကိစ္စ အားလုံးနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း။

(၁၉) ရ-ဘုံးမှန်းခြေ ငွေစာရင်းတွင် သတ်မှတ်ပေးထားသော ရန်ပုံငွေများအတိုင်း အသုံးစရိတ်များကို စီမံခန့်ခွဲခြင်း။

(၂၀) စာရင်းစစ်တမ်း ကောက်ယူရေး နည်းစနစ်များအတွက် နည်းဥပဒေများ ရေးဆွဲခြင်း။

(၂၁) အဖွဲ့၏ ရာထမ်းမှုထမ်းများအပေါ် စွပ်စွဲတိုင်တမ်းချက်များကို စုံစမ်းစစ်ဆေး အရေးယူခြင်း။

(၂၂) သီးသန့်ရန်ပုံငွေများနှင့် အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေများကို ရင်းနှီးရန် အတွက် လိုက်နာရမည့်မူကို သတ်မှတ်ခြင်း။

(၂၃) အဖွဲ့က လွှဲအပ်သောကိစ္စအရပ်ရပ်ကို ဆုံးဖြတ်ခြင်း။

(၂၄) အဖွဲ့၏ အခြားဌာနများအား၊ ဆုံးဖြတ်ရန်သီးသန့်လွှဲအပ်မထားသော ပြဿနာအားလုံးကို ဆုံးဖြတ်ခြင်း။

အခန်း ၃။

ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့။

၁၉။ ။ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့သည် အဖွဲ့အားဆေးကုမှုဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးရမည်။

၂၀။ ။ (၁) ထိုအကြံပေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဆယ့်နှစ်ဦးပါဝင်ရမည့်အပြင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် အဖွဲ့ဝင်တစ်ဦးဦးကို ရွေးကောက်တင်မြှောက်ရမည်။

(၂) အောက်ပါပုဂ္ဂိုလ်တို့သည် အဖွဲ့ဝင်များဖြစ်ရမည်။

(က) ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် အဖွဲ့၏ အဖွဲ့ဝင်လူကြီးအဖြစ် ၎င်းက ရွေးချယ်ခန့်ထားသည့် ဒုတိယ ညွှန်ကြားရေးဝန်။

(ခ) အဖွဲ့ဝင်လူကြီးဖြစ်သည့် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ကောင်စီကိုယ်စားလှယ်။

(ဂ) ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်။

(ဃ) ရန်ကုန်မြို့၊ ဒပ်ဖရင်ဆေးရုံကြီး၏ ဆေးရုံအုပ် သို့တည်းမဟုတ်၊ ၎င်း၏ကိုယ်စားလှယ်။

(င) မြန်မာပြည် ဆရာဝန်များအသင်းမှ စေလွှတ်သော ကိုယ်စားလှယ်တစ်ဦး။

(စ) ပြည်သူ့ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အထူးကျွမ်းကျင်သော ဆေးဌာနခွဲများတွင် အမှုထမ်းနေသော အထက်တန်းဆရာဝန်ကြီးများထဲမှ နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်ထားသော ဆရာဝန်ကြီးငါးဦး။

(ဆ) နိုင်ငံတော်သမ္မတက ခန့်ထားသည့် ကိုယ်ပိုင်အလုပ်လုပ်နေသော ဆရာဝန်ကြီးနှစ်ဦး။

၂၁။ ။ အဖွဲ့၏ဆေးဘက်ဆိုင်ရာ အရာရှိချုပ်သည် ထိုအကြံပေးအဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

၂၂။ ။ (၁) ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့၏ အစည်းအဝေးများကို ဥက္ကဋ္ဌက လိုအပ်သည့်အခါ ဖိတ်ခေါ်ရမည်။

(၂) အဖွဲ့ဝင် အနည်းဆုံး လေးဦးကသော်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ အရာရှိချုပ်ကသော်လည်းကောင်း၊ မည်သည့်အကြောင်းကြောင့် အစည်းအဝေးကျင်းပရန်လိုကြောင်းကို ဖော်ပြ၍ စာဖြင့် တောင်းဆိုလျှင်၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌသည် အစည်းအဝေးကို ဖိတ်ခေါ်ရမည်။

၂၃။ ။ အုပ်ချုပ်ရေးမှူး၊သို့တည်းမဟုတ် အုပ်ချုပ်ရေးအရာရှိသည် ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့၏ အစည်းအဝေးများတွင် ဝင်ရောက်ကူညီနိုင်သည်။

၂၄။ ။ နည်းဥပဒေ ၃ (၂)၊ ၄(၁) နှင့် (၂)၊ ၅ (၂)၊ (၃) နှင့် (၄)၊ ၇၊ ၈၊ ၉၊ ၁၁ နှင့် ၁၃ ပါ ပြဋ္ဌာန်းချက်များသည် ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့နှင့် သက်ဆိုင်နိုင်သမျှသက်ဆိုင်ရမည်။

၂၅။ ။ မည်သည့်အစည်းအဝေးဌမဆို အဖွဲ့ဝင် အနည်းဆုံးလေးဦးတက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။ လေးဦးမပြည့်လျှင် ဥက္ကဋ္ဌသည် အစည်းအဝေးကို ရက်ရွှေ့ဆိုင်းနိုင်၍ ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်နေ့ရက်တွင် အကြံပေးအဖွဲ့သည် အစည်းအဝေးတက်သည့် အဖွဲ့ ဝင်ဦးရေကို ပဓါနမထားဘဲ၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

၂၆။ ။ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့သည်၊ အဖွဲ့နှင့် အမြဲတန်းကော်မတီတို့က အောက်ဖော်ပြပါ ကိစ္စများနှင့်စပ်လျဉ်း၍ ထောက်ခံချက်များတောင်းဆိုလျှင် ပေးရမည်။

(၁) အက်ဥပဒေပုဒ်မ ၂၈(၂)အရ၊ ပြဋ္ဌာန်းထားသည့် အလုပ်နှင့်ဆိုင်သည့် ရောဂါစာရင်းကိုပြင်ခြင်း။

(၂) အက်ဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ ပြဋ္ဌာန်းထားသော ဆေးကုမှုကို တိုးချဲ့ခြင်း။

(၃) အက်ဥပဒေပုဒ်မ ၅၇ အရ၊ မိမိ၏အလုပ်သမားများအတွက် ဆေးကုရေးအစီအစဉ်များ စီမံထားရှိသော အလုပ်ရှင်များနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း။

(၄) အက်ဥပဒေပုဒ်မ ၁၁အရ၊ အများပြည်သူ့ကိုယ်စားလှယ်ဌာနများနှင့်လည်းကောင်း၊ အကြောင်းထူးကိစ္စများပေါ်ပေါက်လာသည့်အခါ ကိုယ်ပိုင်ကိုယ်စားလှယ် ဌာနများနှင့်လည်းကောင်း၊ အာမခံထားသူများအတွက် ဆေးကုမှု စီမံထားရှိပေးရန် သဘောတူစာချုပ်များချုပ်ဆိုခြင်း။

(၅) အက်ဥပဒေပုဒ်မ ၂၉အရ၊ အာမခံထားသူများ၏ ချွတ်ယွင်းသည့် ကိုယ်အင်္ဂါများ ခွဲစိတ်ကုခြင်းနှင့်လည်းကောင်း၊ ဖြည့်စွက်ကုခြင်းနှင့်လည်းကောင်း၊ စပ်လျဉ်းသည့် နည်းဥပဒေများပြဋ္ဌာန်းခြင်း။

(၆) အဖွဲ့၏ဆရာဝန်များ ဆေးဖော်စပ်ပေးရာ၌ အသုံးပြုရန် ဆေးညွှန်းများကို ပြဋ္ဌာန်းသတ်မှတ်ရေးဆွဲခြင်း။

(၇) အာမခံထားသူများအား မကြာခဏ စစ်ဆေးခြင်းနှင့် ကျန်းမာရေး ကြိုတင် ကာကွယ်မှုများ ပြုလုပ်ရာတွင် လိုက်နာရမည့် နည်းလမ်းများရေးဆွဲခြင်း။

(၈) အဖွဲ့၏ ဆရာဝန်များအပေါ် စွပ်စွဲတိုင်တန်းမှုများကို စုံစမ်းစစ်ဆေး အရေး ယူခြင်း။

(၉) အာမခံထားသူများ၏ ကျန်းမာမှုတိုးတက်ကောင်းမွန်ရေးအတွက် လိုအပ် သည်ဟု ထင်မြင်သော ဆောင်ရွက်ချက်များကို စဉ်းစားခြင်း။

(၁၀) ဆေးဘက်ဆိုင်ရာ စာရင်းစစ်တမ်းများနှင့် သုတေသန လုပ်ငန်းများ၊ ၎င်းပြင်

(၁၁) အဖွဲ့.ကသော်လည်းကောင်း၊ အမြဲတန်းကော်မတီကသော်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ အရာရှိချုပ်ကသော်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့.သို့. တင်ပြသော အခြားကိစ္စများ။

အခန်း ၄။

ရာထမ်းမှုထမ်းများ။

၂၇။ ။ အဖွဲ့၏အုပ်ချုပ်ရေးတာဝန်ခံ အရာရှိများမှာ —

(၁) အုပ်ချုပ်ရေးမှူး၊

(၂) အုပ်ချုပ်ရေးအရာရှိ၊

(၃) ဆေးဘက်ဆိုင်ရာ အရာရှိချုပ်၊

(၄) ငွေစာရင်းအရာရှိချုပ်

တို့. ဖြစ်ရမည်။

၂၈။ ။ အုပ်ချုပ်ရေးမှူး၏ အာဏာနှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ရမည်။

(၁) အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များ၏ ရှေ့မှောက်တွင်၊ အဖွဲ့. ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်။

(၂) အုပ်ချုပ်မှုကို ကြီးကြပ်ရန်၊ စီမံခန့်ခွဲရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(၃) အဖွဲ့.နှင့်အမြဲတန်းကော်မတီတို့.၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန်နှင့် ၎င်းတို့.၏ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ရန်။

(၄) နည်းဥပဒေကြမ်းများနှင့် စည်းမျဉ်းဥပဒေကြမ်းများ၊ အမိန့.ကြော်ငြာစာ ကြမ်းများ၊ ရ-သုံးမှန်းခြေငွေစာရင်း၊ နှစ်ပတ်လည်ငွေစာရင်းများနှင့် အစီ

ရင်ခံစာများ၊ အဖွဲ့၏ရာထမ်း မှုထမ်းများနှင့် စပ်လျဉ်းသည့် အမှုထမ်းစည်းကမ်းများ၊ အဖွဲ့က အခြားကိုယ်စားလှယ်များ၊ အလုပ်ရှင်များနှင့် ချုပ်ဆိုမည့် သဘောတူစာချုပ်ကြမ်းများကို ရေးဆွဲရန်။

(၅) အက်ဥပဒေ၏အခန်း ၁၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုရန်။

(၆) အယူခံခုံရုံးများတွင် အဖွဲ့၏ကိုယ်စား ဆောင်ရွက်ရန်။

(၇) ငွေလက်ငင်း အကျိုးခံစားခွင့်များကို ထုတ်ပေးရန်။

(၈) အမြဲတန်းကော်မတီ၏အမိန့်ဖြင့် ငွေ ၅၀၀ ကျပ်ထက် ပို၍ကုန်ကျမည့် ရွှေ့ပြောင်းနိုင်သော၊ သို့တည်းမဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အဖွဲ့အတွက် ဝယ်ယူခြင်း၊ ရယူခြင်း၊ သို့တည်းမဟုတ် ထုခွဲရောင်းချခြင်း၊ သို့တည်းမဟုတ် မည်သည့်ပစ္စည်းကိုမဆို တစ်ဆယ့်နှစ်လထက်ပိုသော ကာလ အပိုင်း အခြားအတွက် ငှားရမ်းယူရန်နှင့် ငွေ ၅၀၀ ကျပ်ထက်မပိုသော အထက်ပါ ကိစ္စများတွင် အမြဲတန်းကော်မတီ၏ အမိန့်ကို မယူဘဲ ဆောင်ရွက်ရန်။

(၉)(က) အဖွဲ့၏ရာထမ်း မှုထမ်းများ၏လစာများကို မည်မျှမဆို ထုတ်ပေးခြင်းနှင့်

(ခ) အခြားကိစ္စများအတွက် တစ်ကြိမ်လျှင် ငွေ ၅၀၀ ကျပ် ထက်မပိုသော၊ ငွေထုတ်ပေးခြင်းကို ခွင့်ပြုရန်။

(၁၀) ရ-သုံးမှန်းခြေ ငွေစာရင်းတွင် သတ်မှတ်ထားသည့် ငွေထက်မပိုသော အသေးအဖွဲအသုံးစရိတ်ခေါင်းစဉ်အောက်ရှိ ထပ်တလဲလဲမဟုတ်သော အသုံးစရိတ်များကို၊ သို့တည်းမဟုတ် ငွေ ၅၀၀ ကျပ်ထက်မပိုသော အခြားအထွေထွေ အသုံးစရိတ်များကို သုံးစွဲခွင့်ပြုရန်။

(၁၁) ရ-သုံးမှန်းခြေ ငွေစာရင်းတွင် ပါရှိသော ခေါင်းစဉ်ကလေးတစ်ခုမှ ပိုလျှံသည့် ငွေများကို ထိုငွေစာရင်းရှိ အခြားခေါင်းစဉ်ကလေးတစ်ခုအောက် သို့ပြောင်းလွဲခွင့်ပြုရန်။

(၁၂) နိုင်ငံတော်အစိုးရ ရာထမ်း မှုထမ်းများနှင့် သက်ဆိုင်သောနည်းဥပဒေများနှင့်အညီ၊ အဖွဲ့တွင် ပထမအကြိမ်ခန့်ထားခံရသူများအား အလုပ်ဝင်ရန် လာရောက်သည့်အတွက် ခရီးစရိတ်ထုတ်ပေးခွင့်ပြုရန်။

(၁၃) အဖွဲ့၏ ရာထမ်း မှုထမ်းများတင်ပြတောင်းဆိုသော ခရီးစရိတ်များနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်ခွင့်ပြုခြင်းကိစ္စတွင် အုပ်ချုပ်သူအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန်။

(၁၄) အရာရှိမဟုတ်သော အဖွဲ့၏ အမှုထမ်းများကို ခန့်ထားခြင်း၊ အလုပ်မှရှင်းစေခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်းပြုရန်၊ နည်းဥပဒေ ၁၂(၂)(ဂ)တွင် ဖော်ပြထားသော အရာရှိများမှကစ်ပါး၊ အခြားအရာရှိများကို ရာထူးခန့်ထားခြင်း ကိစ္စတွင် အမြဲတန်းကော်မတီသို့ထောက်ခံရန်နှင့် ၎င်းတို့ကို ခွင့်ရက်ပေးရန်။

(၁၅) အက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ လိုအပ်၍သင့်လျော်မည်ဟုမိမိထင် မြင်သည့် ရာထူးများကို တိထွင်ရေးအတွက် အမြဲတန်းကော်မတီသို့ထောက်ခံရန်။

(၁၆) အဖွဲ့၏ရာထမ်းမှုထမ်းများ၏ အကြီးအကဲအဖြစ်ဖြင့် အဆိုပါရာထမ်းမှုထမ်းများ၏အလုပ်ကို ကြီးကြပ်အုပ်ချုပ်စစ်ဆေးရန်၊ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ခွဲဝေသတ်မှတ်ပေးရန်၊ ၎င်းတို့၏ဆောင်ရွက်ပြုမူချက်များနှင့် စပ်လျဉ်းသည့် အမြဲတန်းကော်မတီသို့ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရန်၊ ရာထမ်းမှုထမ်းတို့၏ စည်းကမ်းသေဝပ်မှုနှင့် ၎င်းတို့၏အကျိုးဖြစ်ထွန်းမှုတို့အတွက် အရေးယူဆောင်ရွက်ရန်၊ ဆေးဘက်ဆိုင်ရာ ရာထမ်းမှုထမ်းတို့အတွက်မူကား၊ နည်းဥပဒေ ၃၀၊ အပိုဒ် (၁၈) နှင့် (၁၉) တို့တွင် ပြဋ္ဌာန်းထားသည့် အတိုင်း၊ ဆေးဘက်ဆိုင်ရာအရာရှိချုပ်၏ ထောက်ခံချက်အရ သာလျှင် ဆောင်ရွက်ရန်။

(၁၇) ရုံးဖွင့်လှစ်ရန် အဆောက်အအုံ၊ ရုံးသုံးစားပွဲ၊ ကုလားထိုင်နှင့် အခြားရုံးသုံးပစ္စည်းများကို ရရှိရေးအတွက် စီစဉ်ရန်။

(၁၈) အဖွဲ့အတွက် လိုအပ်သော မှတ်တမ်းများနှင့် စာရင်းစာအုပ်များကို ထိန်းသိမ်းထားရန်။

(၁၉) အဖွဲ့၏ လုပ်ငန်းဆောင်တာနှင့်စပ်လျဉ်း၍ အမြဲတန်းကော်မတီသို့ လစဉ် အစီရင်ခံစာများတင်ပြရန်။

(၂၀) ဖြစ်ပေါ်နေသော အရေးကြီးသည့် အဖွဲ့၏ကိစ္စများကို ဆောင်ရွက်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို ညွှန်ကြားဆင့်ဆိုရန်၊ ၎င်းပြင်

(၂၁) အဖွဲ့၊ အဖွဲ့၏ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အမြဲတန်းကော်မတီတို့က လွှဲအပ်သည့် အခြားကိစ္စအားလုံးကို နိုင်နင်းစွာ ဆောင်ရွက်ရန်။

၂၉။ ။ (၁) အခြားတာဝန်ခံအရာရှိများအား တိကျစွာ သတ်မှတ်၍ပေးမထားသည့် အဖွဲ့၏ လုပ်ငန်းအားလုံးကို အုပ်ချုပ်ရေးအရာရှိက တာဝန်ယူရမည့်ပြင်၊ အမြဲတန်း၊ သို့တည်းမဟုတ်

အခါ အားလျော်စွာ အုပ်ချုပ်ရေးမှူးက မိမိအားလွှဲအပ်သောအာဏာနှင့် တာဝန်ဝတ္တရားများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၂) လက်ရှိအုပ်ချုပ်မှုကို ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် အုပ်ချုပ်ရေးအရာရှိ၏ တာဝန်တစ်ခုဖြစ်ရမည်။

(၃) အုပ်ချုပ်ရေးမှူးမရှိလျှင်၊ အုပ်ချုပ်ရေးအရာရှိသည် အုပ်ချုပ်ရေးမှူး၏ အာဏာများကို သုံးစွဲ၍၊ ၎င်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

၃၀။ ။ အုပ်ချုပ်ရေးမှူး၏ ယေဘုယျ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဆေးဘက် ဆိုင်ရာ အရာရှိချုပ်၏ အာဏာများနှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) အဖွဲ့၏ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ရန်၊ ညွှန်ကြားရန် နှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(၂) ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့၏ အတွင်းရေးမှူး၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်။

(၃) ဆေးဘက်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသော စည်းမျဉ်းဥပဒေကြမ်းများနှင့် နောက်ဆက်တွဲ စည်းမျဉ်းဥပဒေကြမ်းများကိုရေးဆွဲရန်။

(၄) မမာမကျန်းမှု၊ မီးဖွားမှုနှင့် အလုပ်တွင် ဒဏ်ရာရမှုတို့တွင် ဆေးကုမှု၏ အနှိုင်းအဆကိုလည်းကောင်း၊ အမျိုးအစားကိုလည်းကောင်း၊ နည်းလမ်းကို လည်းကောင်း၊ သတ်မှတ်ပေးရန်။

(၅) လူမှုဖူလုံရေးဆိုင်ရာဆေးပေးရုံများ၊ ကျန်းမာရေးစခန်းများနှင့် အဖွဲ့ပိုင် အခြားဆေးဘက်ဆိုင်ရာ အဆောက်အအုံများ ဖွင့်လှစ်ရေးနှင့် လုပ်ငန်း ဆောင်ရွက်ရေးအတွက် ပုံစံများရေးဆွဲရန်၊ ၎င်းတို့၌ အာမခံထားသူများ အား ဆေးကုမှုအတွက် နေရာချထားရန်နှင့် ထိုအဆောက်အအုံများအတွက် လိုအပ်သောဆေးများ၊ ဆေးပစ္စည်းများ စသည့် ဆေးကိရိယာများ ထားရှိရန်။

(၆) လူမှုဖူလုံရေးဆိုင်ရာ ဆရာဝန်များ ဆေးစပ်ပေးရာ၌ လိုက်နာရန် ဆေးညွှန်း များ ရေးဆွဲပြဋ္ဌာန်းရန်နှင့် ထိုဆေးညွှန်းကို အသုံးပြုရာ၌ စီမံကြီးကြပ်ရန်။

(၇) အလုပ်ရှင်များ စီမံထားရှိသော ဆေးကုရေးလွယ်ကူမှု အခွင့်အလမ်းများကို၊ အက်ဥပဒေ ပုဒ်မ ၄ အရ အရပ်ရပ်အာမခံစနစ်မှ ကင်းလွတ်ခွင့်ပြုသင့်၊ မ ပြုသင့်ဆုံးဖြတ်နိုင်ရန်အလို့ငှာ၊ စည်းကမ်းချက်များ သတ်မှတ်ရန်နှင့် ထို ဆေးကုရေး အစီအစဉ်များကို ကြီးကြပ်ရန်။

(၈) မိမိတို့၏ အလုပ်သမားများအတွက် ဆေးကုရေး လွယ်ကူမှုအခွင့်အလမ်းများ စီမံ ထားရှိသည့် အလုပ်ရှင်များနှင့် အက်ဥပဒေပုဒ်မ ၅၇ အရ ချုပ်ဆိုရမည့် သဘောတူစာချုပ်များ ရေးဆွဲရန်၊ ထိုဆေးကုရေးအစီအစဉ်များကို ကြီးကြပ် ရန်နှင့် စစ်ဆေးရန်၊ ထို့ပြင် ထိုသဘောတူစာချုပ်များအရ၊ အဖွဲ့သုံးစွဲ နိုင်သည့် အာဏာအားလုံးကို သုံးစွဲရန်။

(၉) အများပြည်သူကိုယ်စားလှယ် ဌာနများနှင့်လည်းကောင်း၊ အကြောင်းထူးကိစ္စများ ပေါ်ပေါက်လာသည့်အခါ၊ ကိုယ်ပိုင်ကိုယ်စားလှယ်ဌာနများနှင့်လည်းကောင်း၊ အက်ဥပဒေပုဒ်မ ၁၁ အရ၊ အာမခံထားသူများအတွက် ဆေးကုမှု စီမံထား ရှိပေးရေးနှင့်စပ်လျဉ်း၍ ချုပ်ဆိုရမည့် သဘောတူစာချုပ်များကို ရေးဆွဲရန် နှင့် ထိုစာချုပ်များအရ ဆောင်ရွက်ခြင်းကို ကြီးကြပ်စစ်ဆေးရန်။

(၁၀) ငွေလက်ငင်းအကျိုးခံစားခွင့်ပေးနိုင်ရေးအတွက်၊ မသန်စွမ်းဖြစ်နေကြောင်း သက်သေခံဆေးလက်မှတ်ပုံစံများ၊ ဆေးကုမှုမှတ်တမ်းပုံစံများနှင့် လူမှုဖူလုံ ရေးဆိုင်ရာ ဆရာဝန်များ ရေးသွင်းရမည့် အခြားပုံစံအားလုံးကို ရေးဆွဲရန်။

(၁၁) ဆေးကုမှုပေးခြင်းနှင့်လည်းကောင်း၊ ဆေးကုမှု အမျိုးအစားနှင့်လည်းကောင်း၊ ဆေးကုမှု ပေးသည့်အချိန်ကာလနှင့်လည်းကောင်း၊ အထူးကိစ္စများတွင် ဆေးဘက်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့်အညီ၊ အချိန်ကာလ တိုးမြှင့်ပေးခြင်းနှင့် လည်းကောင်းစပ်လျဉ်း၍ မရှင်းလင်းသည့် ကိစ္စများကို ဆုံးဖြတ်ရန်။

(၁၂) အာမခံထားသူသည်၊ လုံလောက်သော အကြောင်းပြချက်မရှိဘဲ ကျန်းမာရေး စစ်ဆေးခံရန် ပျက်ကွက်သည့်အခါ၌သော်လည်းကောင်း၊ လူမှုဖူလုံရေး ဆိုင်ရာ ဆရာဝန်၏ညွှန်ကြားချက်အတိုင်း မလိုက်နာလျှင်သော်လည်း ကောင်း၊ စည်းမျဉ်းဥပဒေသတ်မှတ်ချက်များအရ ဆေးရုံတက်ရန် ငြင်းဆန် လျှင်သော်လည်းကောင်း၊ အာမခံထားသူ မိန်းမသည်၊ လုံလောက်သော အကြောင်းပြချက်မရှိဘဲ သတ်မှတ်ထားသည့်အချိန်ကာလများတွင် မီးမဖွား မီ၊ သို့တည်းမဟုတ် မီးဖွားပြီးနောက် ကျန်းမာရေးစစ်ဆေးခံရန် မလာရောက် လျှင်သော်လည်းကောင်း၊ ပေးသည့်ညွှန်ကြားချက်များအတိုင်း မလိုက်နာလျှင် သော်လည်းကောင်း၊ ထိုသူတို့ရထိုက်သော ငွေလက်ငင်းအကျိုးခံစားခွင့်များ ကိုလျှော့ပေးရန်၊ သို့တည်းမဟုတ် ရပ်ဆိုင်းထားရန် အုပ်ချုပ်ရေးမှူး အား မေတ္တာရပ်ခံရန်။

(၁၃) အလွန်အရေးကြီးသည့် အကြောင်းထူးကိစ္စများတွင် ဆေးဘက်ဆိုင်ရာ စည်း မျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံထားသူများကသော်လည်း

ကောင်း၊ ၎င်းတို့၏ အလုပ်ရှင်များကသော်လည်းကောင်း၊ အဖွဲ့၏ဆေးကုမှုမှတစ်ပါး အခြားဆေးကုမှုအတွက် ကုန်ကျသည့် စရိတ်ကြေးငွေကို ပြန်လည်ထုတ်ပေးရန် ထောက်ခံရန်။

(၁၄) အက်ဥပဒေ ပုဒ်မ ၂၉အရ၊ ထိခိုက် ဒဏ်ရာရသည့် အာမခံထားသူများအား၊ ချွတ်ယွင်းသည့် ကိုယ်အင်္ဂါများ ခွဲစိတ်ကုရန် ကိရိယာတန်ဆာများနှင့် ဖြည့်စွက်ကုရန် ကိရိယာတန်ဆာများကို ထောက်ပံ့ရေးအတွက် အမြဲတန်းကော်မတီသို့ ထောက်ခံရန်။

(၁၅) မမာမကျန်းမှုနှင့်လည်းကောင်း၊ အလုပ်တွင် ဒဏ်ရာရမှုနှင့်လည်းကောင်း၊ စပ်လျဉ်းသောမှတ်တမ်းများကို စစ်ဆေးရန်နှင့် အာမခံထားသူများ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများကို အကြံပေးရန်။

(၁၆) နာမကျန်းသူနှင့် သေဆုံးသူစာရင်းစစ်တမ်းများ ပြုလုပ်ရန်နှင့် ကြီးကြပ်ရန်၊ ထို့ပြင် အမြဲတန်းကော်မတီက တာဝန်လွှဲအပ်သော သုတေသနလုပ်ငန်းကို ဆောင်ရွက်ရန်။

(၁၇) ဆေးကုမှုဝန်ထမ်းအဖွဲ့နှင့် သက်ဆိုင်သော ရာ-သုံး မှန်းခြေ ငွေစာရင်းလုပ်ရန်နှင့် ရန်ပုံငွေများကို သုံးစွဲရေးအတွက် တာဝန်ယူရန်။

(၁၈) အဖွဲ့၏ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ အမှုထမ်းများ၏ ရာထူးများ တိုးထွင်ရေး၊ ရာထူးတွင် ခန့်ထားရေးနှင့် ရာထူးမှရပ်စဲရေးတို့အတွက် အုပ်ချုပ်ရေးမှူးထံသို့ ထောက်ခံအကြံပေးရန်၊ ၎င်းတို့အတွက် အမှုထမ်းစည်းကမ်းများ ပြဋ္ဌာန်းရန်နှင့် ၎င်းတို့၏တာဝန်ဝတ္တရားများကို နည်းလမ်းတကျ ဆောင်ရွက်ရန်အတွက် တာဝန်ယူရန်။

(၁၉) အဖွဲ့၏ဆရာဝန်များအပေါ် တိုင်တန်းချက်များကို ရှေးဦးစစ်ဆေးစုံစမ်းရန်၊ စည်းကမ်းသေဝပ်မှု ရရှိရေးအတွက် လိုအပ်သည့်အတိုင်း အရေးယူ ဆောင်ရွက်ရန်နှင့် ရာထမ်းမှုထမ်းတို့၏ ကိုယ်ရေးကိစ္စအရပ်ရပ်ကို ဆုံးဖြတ်ပေးရန်၊ ၎င်းပြင်

(၂၀) အခါအားလျော်စွာ မိမိလွှဲအပ်သည့် ဆေးဘက်ဆိုင်ရာ အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်။

၃၁။ ။ အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ငွေစာရင်းအရာရှိချုပ်၏ အာဏာများနှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) အဖွဲ့၏ ငွေစာရင်းများထားရှိရန်။

(၂) ရ-သုံးမှန်းခြေ ငွေစာရင်းကြမ်းများ ပြုလုပ်ရန်နှင့် ကုန်ခဲ့သော ဘဏ္ဍာတော်နှစ်အတွက် ငွေစာရင်းများ စုဆောင်းထားရှိရန်။

(၃) အဖွဲ့၏ ငွေစာရင်းများကို ရုံးတွင်းစစ်ဆေးမှုအတွက် စီစဉ်ရန်။

(၄) အဖွဲ့၏သီးသန့်ရန်ပုံငွေနှင့် အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေများကို ရင်းနှီးရေး၊ အဖွဲ့၏ငွေများကို ဘဏ်တွင်ထားရှိရေးနှင့် အဖွဲ့၏အသုံးစရိတ်များအတွက် ချက်ခြင်းလိုသည့် ငွေများကို မည်သို့မည်ပုံ ထားရှိရေးတို့နှင့် စပ်လျဉ်း၍ အကြံများပေးရန်၊ ၎င်းပြင်

(၅) အခါအားလျော်စွာ မိမိအား လွှဲအပ်သည့်တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန်နှင့် လွှဲအပ်သည့်အာဏာများကို သုံးစွဲရန်။

၃၂။ ။ အဖွဲ့၏ ရာထမ်းမှုထမ်းများသည် ဟရားဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်၍၊ ရုံးတွင်းဆိုင်ရာ လျှို့ဝှက်ချက်စည်းကမ်းများကို စောင့်စည်းရမည့်အပြင်၊ မိမိတို့၏ တာဝန်ဝတ္တရားများကို ယုံကြည်လေးမြတ် ဖြောင့်မတ်မှန်ကန်စွာ ကျေပွန်အောင် ဆောင်ရွက်ရမည်။

၃၃။ ။ အဖွဲ့၏ ရာထမ်းမှုထမ်းအားလုံးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သည့် အပြုအမူကို ပြုသောအခါ၊ ရာဇသတ်ပုဒ်မ ၂၁အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ။ (၁) အဖွဲ့ရာထမ်းမှုထမ်းများ၏ အမှုထမ်းစည်းကမ်းများကို အဖွဲ့က နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရယူလျက် စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

(၂) အဆိုပါ စည်းကမ်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းမထားသည့် ကိစ္စအားလုံးကို ပြည်ထောင်စုအစိုးရ၏ ရာထမ်းမှုထမ်းများအတွက် ပြဋ္ဌာန်းထားသော တရားဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း ၅။

ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၃၅။ ။ အဖွဲ့တွင် "ထောက်ပံ့မှုအာမခံရန်ပုံငွေ" ဟု ခေါ်တွင်သည့် ရန်ပုံငွေတစ်ရပ်ကို စီမံထားရှိ၍၊ ထိုရန်ပုံငွေသို့ အက်ဥပဒေအရ အဖွဲ့ကရရှိသည့် ငွေအားလုံးကို ထည့်သွင်းရမည်။

၃၆။ ။ (၁) အုပ်ချုပ်ရေးမှူးက တာဝန်လွှဲအပ်ထားသည့်အဖွဲ့၏ အရာရှိများက ရန်ပုံငွေအတွက် လက်ခံရရှိသည့် ငွေအားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်တွင်ဖြစ်စေ၊ အခြားနိုင်ငံတော်ဘဏ်များတွင်ဖြစ်စေ၊ ငွေရှင်စာရင်း၊ သို့တည်းမဟုတ် ငွေသေစာရင်းဖွင့်၍ အပ်နှံထားရမည်။

(၂) ငွေစာရင်းအရာရှိချုပ်၏ ထောက်ခံချက်အရ၊ အုပ်ချုပ်ရေးမှူးသည် မည်သို့သော စာရင်းဖြင့်၊ ထိုငွေများကို အဖွဲ့က ထိန်းသိမ်းထားရမည်ကိုလည်း ဆုံးဖြတ်ရမည်။

(၃) အဖွဲ့သည်၊ သီးသန့်ရန်ပုံငွေနှင့် အလုပ်လုပ်ကိုင်ရေးရန်ပုံငွေများကို နှစ်ရှည်အပ်နှံထားသည့် အတွက် အထူးအတိုးနှုန်းရရှိရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်နှင့်သော်လည်းကောင်း၊ အခြား နိုင်ငံတော်ဘဏ်များနှင့်သော်လည်းကောင်း သဘောတူစာချုပ်များချုပ်ဆိုနိုင်သည်။

(၄) အုပ်ချုပ်ရေးမှူးသည် ရန်ပုံငွေအပ်နှံထားသော ဘဏ်များအား ရန်ပုံငွေဆိုင်ရာသွင်းငွေနှင့် ထုတ်ငွေများကို တစ်လလျှင် တစ်ကြိမ်ရှင်းတမ်းပြုလုပ်၍ မိမိထံပေးပို့ရန်မေတ္တာရပ်ခံရမည်။

(၅) ဘဏ်မှ ငွေထုတ်ရန်အတွက် ချက်လက်မှတ်ကို အုပ်ချုပ်ရေးမှူးနှင့် ငွေစာရင်းအရာရှိချုပ်တို့ ပူးတွဲလက်မှတ်ထိုးရမည်၊ အကယ်၍ ထိုအရာရှိတစ်ဦးဦးသည် ဤကိစ္စအတွက် မရှိ ခဲ့သော် အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးအရာရှိကိုလည်းကောင်း၊ ငွေစာရင်းအရာရှိချုပ်သည် ငွေစာရင်း အရာရှိတစ်ဦးကိုလည်းကောင်း မိမိကိုယ်စား လက်မှတ်ထိုးနိုင်ရန်ကြိုတင်၍ အာဏာလွှဲအပ်ရမည့်အပြင်၊ ထိုသို့အာဏာလွှဲအပ်ကြောင်းကိုလည်း သက်ဆိုင်ရာဘဏ်များအား အကြောင်းကြားရမည်။

၃၇။ ။ (၁) နိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်အရ အဖွဲ့သည် အက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ ငွေများကို ချေးယူနိုင်သည်။

(၂) အဖွဲ့သည် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်ထင်မြင်သည့် စာချုပ်များကို ချုပ်ဆိုနိုင်သည်။

၃၈။ ။ (၁) အမြဲတန်းကော်မတီက သတ်မှတ်ထားသည့် အများဆုံးစီရင်အုပ်ချုပ်မှုစရိတ်သည် ဘဏ္ဍာတော်နှစ် တစ်နှစ်အတွင်း အဖွဲ့က ကုန်ကျသည့်အသုံးစရိတ် စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေရ။

သို့ရာတွင် ဤနည်းဥပဒေခွဲပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်သမ္မတသတ်မှတ်သည့် နေ့ရက်မတိုင်မီက ကုန်ကျသော စီရင်အုပ်ချုပ်မှုစရိတ်နှင့် မသက်ဆိုင်စေရ။

(၂) နည်းဥပဒေ ၃၉ တွင် ဖော်ပြပါရှိသည့်စာရင်း (က) နှင့် (ခ) တို့မှ လွှဲပြောင်းပေးသွင်းရမည့် စီရင်အုပ်ချုပ်မှုစရိတ်၏ အချိုးအစားသည် ယခင်ဘဏ္ဍာတော်နှစ်အတွင်း၌ ထိုစာရင်းနှစ်ခုတွင် ထည့်သွင်းရသော ထည့်ဝင်ကြေးများ၏ အချိုးအစားနှင့် တူညီစေရမည်။

၃၉။ ။ အဖွဲ့သည် ထောက်ပံ့မှုအာမခံရန်ပုံငွေတွင် အောက်ပါငွေစာရင်းသုံးခုကို သီးခြား၍ ဖွင့်ထားရမည်။

(က) အထွေထွေအာမခံစနစ်ငွေစာရင်း (မမာမကျန်းမှု၊ မီးဖွားမှုနှင့်သေဆုံးမှု)၊

(ခ) အလုပ်တွင်ဒဏ်ရာရမှု အာမခံစနစ်ငွေစာရင်း နှင့်

(ဂ) စီရင်အုပ်ချုပ်မှုစရိတ်ငွေစာရင်း။

၄၀။ ။ (၁) နည်းဥပဒေ ၃၉၊ အပိုဒ် (က) နှင့် (ခ) တွင် ရည်ညွှန်းထားသော ငွေစာရင်း အသီးသီးတွင် အောက်ပါငွေများကို ထည့်သွင်းရမည်။

(က) သက်ဆိုင်ရာအာမခံစနစ်အတွက် ထည့်ဝင်ကြေးအဖြစ် ရရှိသောဝင်ငွေ။

(ခ) အဖွဲ့၏ သီးသန့်ရန်ပုံငွေနှင့် အလုပ်လုပ်ကိုင်ရေးရန်ပုံငွေထဲမှ အပ်နှံငွေများနှင့် ရင်းနှီးငွေများပေါ်တွင် ရရှိသော အတိုးငွေများ၊

(ဂ) သက်ဆိုင်ရာအာမခံစနစ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ဆန့်ကျင်သည့်အတွက် တပ်ရိုက်သည့် ဒဏ်ငွေများ၊ အကယ်၍ မည်သည့်စာရင်းတွင် ထည့်သွင်းရမည်ဟု မဆုံးဖြတ်နိုင်လျှင်၊ လွန်ခဲ့သော ဘဏ္ဍာတော်နှစ်အတွင်း၌ အာမခံစနစ်နှစ်ခုအတွက် ပေးသွင်းသောထည့်ဝင်ကြေးများ၏ အချိုးအစားနှင့် တူညီသော ဝေပုံကျအစု။

(ဃ) သက်ဆိုင်ရာအာမခံစနစ်အတွက်ပေးသော ထောက်ပံ့ငွေများ၊ အလှူငွေများနှင့်ကူငွေများ၊ အကယ်၍ထိုငွေများကို ဘယ်သဘောနှင့်ပေးသည်ဟု ခွဲခြားခြင်းမပြုနိုင်သော်၊ အပိုဒ် (ဂ) တွင် သတ်မှတ်ထားသည့် ဝေပုံကျအစုများ။

(၂) နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကြေးများကိုလည်း အထွေထွေအာမခံစနစ်ငွေစာရင်းတွင် ထည့်သွင်းရမည်။

၄၁။ ။ (၁) နည်းဥပဒေ ၃၉၊ အပိုဒ် (က) နှင့် (ခ) တွင် ရည်ညွှန်းထားသော ငွေစာရင်းအသီးသီးတွင် အောက်ပါ အသုံးစရိတ်များကို ထည့်သွင်းရမည်။

(က) အာမခံစနစ်နှစ်ခုအရ ယုတ်ပေးသောအကျိုးခံစားခွင့်ငွေများနှင့် ၎င်းတို့ နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ ဆောင်ရွက်ရသည့် ကိစ္စများအတွက် ကုန်ကျငွေများ။

(ခ) နည်းဥပဒေ ၃၈ ၏ နည်းဥပဒေခွဲ (၂) အရ စီရင်အုပ်ချုပ်မှုစရိတ်အတွက် ထိုငွေစာရင်းများမှ လွှဲပြောင်းပေးသည့်ငွေများ။

(၂) အလုပ်တွင်ဒဏ်ရာရမှု အာမခံစနစ်ငွေစာရင်းတွင် ငွေလက်ငင်းအကျိုးခံစားခွင့် ပေးခြင်းကြောင့် ကုန်ကျသည့် အသုံးစရိတ်များကိုသာ ထည့်သွင်းရမည်။ ထိခိုက်ဒဏ်ရာရရှိသော အာမခံထားသူများအတွက် ဆေးကုမှု ကုန်ကျစရိတ်များနှင့် အက်ဥပဒေပုဒ်မ ၂၉ အရ ချွတ်ယွင်းသည့် ကိုယ်အင်္ဂါများကို ခွဲစိတ်ကုရန်နှင့် ဖြည့်စွက်ကုရန် ကိရိယာတန်ဆာများအတွက် ကုန်ကျစရိတ်များကို အရပ်ရပ်အာမခံစနစ်ငွေစာရင်း၏ အသုံးစရိတ်တွင် ထည့်သွင်းရမည်။

၄၂။ ။ နောက်ဆက်တွဲနည်းဥပဒေများသည် -

(၁) ငွေရေးကြေးရေးကိစ္စအားလုံးကို မှန်မမှန် စိစစ်ကြည့်ရှုရန်နှင့် မှန်ကန်သော အသေးစိတ်စာရင်းကို ရနိုင်ရန်အလို့ငှာ၊ ဒေသန္တရအဖွဲ့ ရန်ပုံငွေစာရင်းများဆိုင်ရာ တရားဥပဒေများနှင့်အညီ အဖွဲ့က လိုက်နာရမည့် ငွေစာရင်းထားပုံစနစ်ကို ပြဋ္ဌာန်းရမည်၊ ထို့ပြင်

(၂) အထက်ပါကိစ္စများအတွက် အဖွဲ့.ကထားရှိရမည့် ငွေစာရင်းစာအုပ်များ (လက်ငင်းငွေစာရင်းစာအုပ်၊ ဝင်ငွေစာရင်းစာအုပ်နှင့် သုံးငွေစာရင်းစာအုပ်) ကို သတ်မှတ်ရမည်။

၄၃။ ။ အက်ဥပဒေတွင်သော်လည်းကောင်း၊ အက်ဥပဒေအရ ပြုထားသော နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများတွင်သော်လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် သို့တည်းမဟုတ် ခွင့်ပြုထားသည့် ကိစ္စများမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အဖွဲ့၏ရန်ပုံငွေများကို မသုံးစွဲရ။

၄၄။ ။ သီးသန့် ရန်ပုံငွေနှင့် အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေများကို —

(၁) ဆုံးရှုံးရန် လမ်းမရှိသော နေရာများ၌ စည်းကမ်းတကျ နိုင်ငံတော်အစိုးရမှ တစ်ဆင့် တာဝန်ခံသည့် အပေါင်ခံလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ၌ လည်းကောင်း၊

(၂) လိုအပ်သော အတိုးရနိုင်မည့် လုပ်ငန်းများ၌ လည်းကောင်း၊

(၃) ဖြစ်နိုင်လျှင် အလုပ်သမားတို့၏ကောင်းကျိုး တိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မည့်လုပ်ငန်းများ၌ လည်းကောင်း

ခိုင်လုံစွာ ရင်းနှီးရမည်။

၄၅။ ။ (၁) နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် ရ-သုံး မှန်းခြေငွေစာရင်းကို အုပ်ချုပ်ရေးမှူးကပြုလုပ်၍၊ နိုင်ငံတော်သမ္မတထံ အချိန်မီတင်ပြရန်အတွက် ထိုမှန်းခြေငွေစာရင်းကို အမြဲတန်းကော်မတီသို့ ကြိုတင်၍ တင်ပြရမည်။

(၂) အဆိုပါ မှန်းခြေငွေစာရင်းများ၌၊ နောက်လာမည့်ဘဏ္ဍာတော်နှစ်အတွင်း အဖွဲ့က ရရှိ မည်ဟု ခန့်မှန်းသော ဝင်ငွေနှင့် သုံးစွဲရန်ကြံရွယ်သော အသုံးစရိတ်ငွေများကို မည်သို့တွက်ချက် ရရှိကြောင်း အထောက်အထားအားလုံးနှင့်အတူ ပူးတွဲ၍ ဖော်ပြရမည်။

(၃) အဖွဲ့က အတည်ပြုပြီး၍ နိုင်ငံတော်သမ္မတက ခွင့်ပြုပြီးသော ရ-သုံးမှန်းခြေငွေစာရင်းကို အဖွဲ့က တစ်သဝေမတိမ်း လိုက်နာရမည်။ ငွေစာရင်းခေါင်းစဉ်ကြီးနှင့် ခေါင်းစဉ်ငယ် အရပ်ရပ် အောက်တွင် ခွဲဝေသတ်မှတ်ပေးထားသော ရန်ပုံငွေများကို အမြဲတန်းကော်မတီ၏ သဘောတူညီချက်ဖြင့်သာ ထပ်မံပြောင်းလွဲနိုင်ရမည်။

(၄) လိုအပ်လျှင် နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကို မည်သည့်ဘဏ္ဍာတော်နှစ်အတွင်း၌မဆို ပြုလုပ်နိုင်၍၊ ထိုငွေစာရင်းအတွက်လည်း မူလ ရ-သုံးမှန်းခြေငွေစာရင်းနည်းတူ သက်ဆိုင်ရာ အတည်ပြုချက်နှင့် ခွင့်ပြုချက်များကို ရယူရမည်။

၄၆။ ။ ဘဏ္ဍာတော်နှစ်အသီးသီး၏ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ လက်ကျန်ငွေစာရင်းရှင်းတမ်းကို ထိုနေ့နောက်နှစ်လအတွင်း ပြုလုပ်ရမည်။

၄၇။ ။ (၁) အထွေထွေ အာမခံစနစ်ငွေစာရင်းတွင် အထူးသီးသန့်ရန်ပုံငွေစာရင်းတစ်ခု စီမံထားရှိရမည်။

(၂) ဘဏ္ဍာတော်နှစ် ကုန်ဆုံးသည့်အခါတိုင်း၌၊ ထိုနှစ်အတွင်း အထွေထွေ အာမခံစနစ်အတွက် ဝင်ငွေမှပိုလျှံသည့်ငွေများကို အဖွဲ့က ခွဲဝေသတ်မှတ်သည့်အတိုင်း ထိုသီးသန့်ရန်ပုံငွေ

စာရင်းတွင် ထည့်သွင်းရမည်။

(၃) သီးသန့်ရန်ပုံငွေတွင် ထည့်သွင်းသည့်ငွေပေါင်းမှာ အက်ဥပဒေအရ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ငါးနှစ်အတွင်း နောက်ဆုံးသုံးနှစ်၌ အကျိုးခံစားခွင့်ပေးသည့် နှစ်စဉ်ပျမ်းမျှရ အသုံးစရိတ်၏ လေးပုံတစ်ပုံထက် မနည်းစေရ။

(၄) သီးသန့် ရန်ပုံငွေများကို အဖွဲ့၏ဆုံးဖြတ်ချက်များအတိုင်း သုံးစွဲရမည်။

(၅) အက်ဥပဒေအရ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ငါးနှစ်အတွင်း ထိုရန်ပုံငွေသည်၊ နည်း ဥပဒေခွဲ (၃) တွင် ရည်ညွှန်းထားသည့် ငွေအရေအတွက်ထက် လျော့နေလျှင်၊ အဖွဲ့သည် အောက်ပါ အကြံပေးချက်များကိုဖော်ပြ၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံစာ တင်သွင်းရမည်။

(က) အထွေထွေ အာမခံစနစ် ထည့်ဝင်ကြေးနှုန်းများကို တိုးမြှင့်ခြင်း။

(ခ) အထွေထွေအာမခံစနစ် ငွေလက်ငင်းအကျိုးခံစားခွင့်နှုန်းများကို လျှော့ခြင်း၊ သို့တည်းမဟုတ်

(ဂ) အထက်ဖော်ပြပါ အချက်နှစ်ခုလုံး၊ သို့တည်းမဟုတ် အထွေထွေအာမခံစနစ်အတွက် ငွေလုံလောက်စေရန် ဆောင်ရွက်အပ်သည်ဟု ယူဆသော အခြားစီမံချက်များ။

၄၈။ ။(၁) နှစ်စဉ် သီးသန့်ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းပြီးနောက် အထွေထွေ အာမခံစနစ် ငွေစာရင်းတွင် ပိုလျှံသည့်ငွေများအကယ်၍ရှိခဲ့လျှင်၊ ထိုငွေများကို အထွေထွေ အာမခံစနစ်၏ အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းရမည်။

(၂) အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေများကို အဖွဲ့၏ဆုံးဖြတ်ချက်များအရသာလျှင် သုံးစွဲရမည်။

(၃) အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေမှာ အနည်းဆုံးသီးသန့် ရန်ပုံငွေနှင့် ညီမျှမှုသာ အက်ဥပဒေနှင့်စည်းမျဉ်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိသည့် အထွေထွေအာမခံစနစ်ဆိုင်ရာ အကျိုးခံစားခွင့်များကို အဖွဲ့ကဆုံးဖြတ်၍ ပေးနိုင်သည်။

၄၉။ ။(၁) အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ် ငွေစာရင်းတွင် အထူးသီးသန့်ရန်ပုံငွေ စာရင်းတစ်ခု စီမံထားရှိရမည်။

(၂) ထိုရန်ပုံငွေသည် ဘဏ္ဍာတော်နှစ်အသီးသီးအတွင်း ဖြစ်ပွားသည့်အလုပ်တွင် ဒဏ်ရာရမှုကြောင့် ပူးတွဲပါ ဇယား (၁)အရ တွက်ချက်၍ပေးရသော အမြဲတန်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်နှင့် ကျန်ရစ်သူ၏ပင်ရှင်အားလုံးအတွက် ကုန်ကျမည့်အသုံးစရိတ်နှင့် ညီမျှရမည်။

(၃) နှစ်အသီးသီးအတွက် သီးသန့်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းပြီးနောက် အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ် ငွေစာရင်းတွင်ပိုလျှံသည့်ငွေများ အကယ်၍ရှိသေးလျှင်၊ ထိုငွေများကို

အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ်၏အလုပ် လုပ်ကိုင်ရေး ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းရမည်။

(၄) အလုပ်လုပ်ကိုင်ရေး ရန်ပုံငွေကို အလုပ်တွင် ထိခိုက်ဒဏ်ရာရသူများအား အလုပ်နှင့်ဆိုင်သော အတတ်ပညာ ပြန်လည်သင်ကြားပေးရေးနှင့် ပြန်လည်လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတွက်လည်းကောင်း၊ စက်မှုလက်မှုနှင့်ဆိုင်သည့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပညာသင်ကြားရေးလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားဆက်စပ်လျက်ရှိသော လုပ်ငန်းများအတွက်လည်းကောင်း၊ ကုန်ကျရန်ရှိသော ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် အသုံးစရိတ်များကျခံရန် အဖွဲ့၏ဆုံးဖြတ်ချက်အရသာလျှင် သုံးစွဲရမည်။

၅၀။ ။ (၁) နိုင်ငံတော်သမ္မတ သတ်မှတ်ထားသည့်နေ့ထက် နောက်မကျစေဘဲ၊ အဖွဲ့၏ နှစ်ချုပ်ငွေစာရင်းကို နိုင်ငံတော်စာရင်းစစ်ချုပ်ထံ တင်ပြရမည်။

(၂) နိုင်ငံတော် စာရင်းစစ်ချုပ်က တောင်းဆိုသည့်အသေးစိတ် ငွေစာရင်းအားလုံးကို အဖွဲ့က ပေးပို့ရမည်။

(၃) နိုင်ငံတော်စာရင်းစစ်ချုပ်မှာ အဖွဲ့၏ငွေစာရင်းစာအုပ်နှင့် စာတမ်းအမှတ်အသားအားလုံးကို ကြည့်ရှုစစ်ဆေးနိုင်ခွင့် ရှိရမည်ဖြင့်၊ မိမိ၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်ဟု ထင်မြင်သည့်အကြောင်းအရာများကိုလည်း အဖွဲ့ထံမှ တောင်းယူနိုင်ခွင့်ရှိရမည်။

(၄) နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ငွေစာရင်းစာအုပ်များနှင့် စာတမ်းအမှတ်အသားများကို ကြိုးကြပ်ထိန်းသိမ်းသည့် မည်သည့်ရာထမ်းမှုထမ်းကိုမဆို၊ မိမိ၏ရှေ့မှောက်သို့ လူကိုယ်တိုင် လာရောက်စစ်ဆေးခံရန် ဆင့်ခေါ်နိုင်သည့်ပြင်၊ မိမိသိလိုသည့်အချက်များကို ထုတ်ဖော်ရေးသားစေ၍ လက်မှတ်ထိုးစေရန်လည်း ဆင့်ဆိုနိုင်သည်။

(၅) အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စဉ်းစားပြီးလျှင်၊ ထိုအစီရင်ခံစာနှင့် စပ်လျဉ်းသည့် မိမိ၏ဝေဖန်ချက်များကို နိုင်ငံတော်သမ္မတထံ နှစ်ပတ်လည်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်သွင်းရမည်။ အဖွဲ့သည် လိုအပ်သည်ထင်မြင်လျှင်၊ ရရန်ကျန်ရှိနေသေးကြောင်း၊ ထို အစီရင်ခံစာတွင် ဖော်ပြထားသော ငွေများကို၊ မိမိ၏ရာထမ်းမှုထမ်းများအား ကောက်ခံစေရန် ဆုံး ဖြတ်ချက်များ ချရမည်။

အခန်း ၆။

အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ခြင်း။

၅၁။ ။ အက်ဥပဒေအရ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ရန်အလို့ငှာ ရန်ကုန်မြို့တွင် အယူခံခုံရုံးတစ်ရုံးထားရှိ၍ အခြားအယူခံခုံရုံးများကို နိုင်ငံတော်သမ္မတသတ်မှတ်သည့် အခြားနေရာများတွင် ထားရှိရမည်။

၅၂။ ။ (၁) အယူခံခုံရုံးအသီးသီးသည် အောက်ပါအငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ရမည်။

(က) လူမှုဖူလုံရေး လုပ်ငန်းအတွက် အလုပ်သမားထမ်းဆောင်ရမည့် တာဝန်နှင့်ဖြစ်စေ၊ ပေးရမည့် ထည့်ဝင်ကြေးနှင့်ဖြစ်စေ စပ်လျဉ်း၍၊ အဖွဲ့နှင့် အလုပ်သမား အငြင်းပွားမှု၊ ထို့ပြင်

(ခ) အကျိုးခံစားခွင့် ရရှိရေးနှင့်ဖြစ်စေ၊ အကျိုးခံစားခွင့် ပေးပုံပေးနည်းနှင့်ဖြင့်ဖြစ်စေ၊ အကျိုးခံစားခွင့် ငွေအရေအတွက်နှင့်ဖြစ်စေ၊ အကျိုးခံစားခွင့် ရမည့်အချိန်ကာလနှင့်ဖြစ်စေ၊ အက်ဥပဒေအရ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသော အခြားပြဿနာနှင့်ဖြစ်စေ စပ်လျဉ်း၍၊ အဖွဲ့နှင့်အာမခံထားသူ၊ ၎င်းကို မှီခိုနေထိုင်သူ၊ အကျိုးခံစားခွင့်ရထိုက်သော အခြားသူအငြင်းပွားမှု။

(၂) အကျိုးခံစားခွင့် တောင်းဆိုရာ၌ ပေးရန်ငြင်းပယ်သောအဖွဲ့၏ ဆုံးဖြတ်ချက်များတွင်၊ ထိုဆုံးဖြတ်ချက်များကို အယူခံခုံရုံးတွင် အယူခံဝင်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(၃) အယူခံခုံရုံးတွင် အဖွဲ့နှင့်အလုပ်ရှင်များ၏ အငြင်းပွားမှုကို စီရင်ပိုင်ခွင့်မရှိစေရ [နည်းဥပဒေ ၁၈၊ အပိုဒ် (၁၄) (က)]။

၅၃။ ။(၁) အယူခံခုံရုံးအသီးသီးတွင် နိုင်ငံတော်သမ္မတက အမြဲတန်းဥက္ကဋ္ဌအဖြစ်ဖြင့် ခန့်ထားသည့် အနည်းဆုံးငါးနှစ် အမှုလိုက်လဲဆောင်ရွက်ခဲ့ဘူးသော တရားလွှတ်တော်ရှေ့နေတစ်ဦးစီ၊ အလုပ်သမားအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ထောက်ခံချက်ဖြင့်၊ နိုင်ငံတော်သမ္မတက သုံးနှစ်အတွက် ခန့်ထားသည့် အလုပ်သမားများ၏အဆက်ဆာလူကြီး တစ်ဦးစီနှင့်၊ နိုင်ငံတော်သမ္မတက သုံးနှစ်အတွက် ခန့်ထားသည့် အလုပ်ရှင်များ၏အဆက်ဆာလူကြီးတစ်ဦးစီပါဝင်ရမည်။

(၂) အယူခံခုံရုံး၏ ဆုံးဖြတ်ချက်ကို ၎င်း၏ အဖွဲ့ဝင်များရာမဲဖြင့် ချမှတ်ရမည်။

(၃) အယူခံခုံရုံး၏ အဖွဲ့ဝင်များသည်၊ ဆုံးဖြတ်ချက်များကို ၎င်းတို့၏ဉာဏ်စွမ်းရှိသမျှ ဖြောင့်မတ်မှန်ကန်စွာ ချမှတ်ရမည့်ပြင်၊ ၎င်းတို့၏တရားစီရင်မှု အလုပ်ဝတ္တရားများ ကိုလွတ်လပ်စွာ ဆောင်ရွက်ရမည်။

၅၄။ ။(၁) ငွေလက်ငင်းဒဏ်ကြေးခံစားခွင့်များအတွက် အမြဲတန်းကော်မတီတသော် လည်းကောင်း၊ ဆေးကုမှုအကျိုးခံစားခွင့်များ အတွက်ဆေးဘက်ဆိုင်ရာအရာရှိချုပ်ကသော် လည်း ကောင်း အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း နို့တစ်စာကိုရရှိသည့်နေ့နောက် နှစ်လအတွင်း အယူခံလွှာကို တင်သွင်းရမည်။ သို့ရာတွင် အဆိုပါနှစ်လအတွင်း အယူခံလွှာမတင်သွင်းနိုင်ခြင်းမှာ လုံလောက်သောအကြောင်းကြောင့်ဖြစ်သည်ဟု အယူခံခုံရုံးကယူဆလျှင်၊ နှစ်လတ္တောလွန်မှတင်သွင်း သည့်အယူခံလွှာကို လက်ခံနိုင်သည်။

(၂) ထိုဆုံးဖြတ်ချက်ကိုအယူခံဝင်ထားသော်လည်း၊ ထိုဆုံးဖြတ်ချက်များအတိုင်းဆောင်ရွက် ခြင်းကို ရပ်ဆိုင်းထားခြင်းမရှိစေရ။

၅၅။ ။(၁) အယူခံခုံရုံးတွင် အမှုကြားနာစစ်ဆေးသည့်အခါ အလုပ်သမားများ၊ အာမခံ ထားသူများ၊ ၎င်းတို့ကိုမှီခိုနေထိုင်သူများ၊ အခြားအကျိုးခံစားခွင့်ရထိုက်သူများ၏ကိုယ်စား ၎င်းတို့ကဆောင်ရွက်ရန် အာဏာအပ်နှင်းထားသည့် မှတ်ပုံဝင်အလုပ်သမားသမဂ္ဂများ၏ ကိုယ်စားလှယ်များကဖြစ်စေ၊ အခြားပုဂ္ဂိုလ်များကဖြစ်စေ လိုက်လဲဆောင်ရွက်နိုင်သည်။

(၂) အယူခံခုံရုံးတွင် အဖွဲ့၏ကိုယ်စား အုပ်ချုပ်ရေးမှူးကဖြစ်စေ၊ ၎င်းတ တာဝန် လွှဲအပ်သည့်အရာရှိတစ်ဦးကဖြစ်စေ၊လိုက်လဲဆောင်ရွက်ရမည်။

၅၆။ ။ အယူခံခုံရုံးကထုတ်ဆင့်သည့်နို့တစ်စာများ၊ သမ္မာန်စာများ၊ ဆင့်စာများ၊ သို့တည်းမဟုတ် အမိန့်စာများကို၊ သက်ဆိုင်သူထံတိုက်ရိုက်ဖြစ်စေ၊ စာပို့တိုက်မှ မှတ်ပုံတင်၍ဖြစ်စေ ချအပ်နိုင်သည်။

၅၇။ ။ အယူခံခုံရုံးတွင် အမှုကြားနာစစ်ဆေးသည့်အခါ၊ အမှုသည်သည် လုံလောတ် သောအကြောင်းမပြနိုင်ဘဲ လာရောက်ခြင်း၊သို့တည်းမဟုတ် ကိုယ်စားလှယ်လွှတ်ခြင်း မပြုလျှင်၊ အယူခံခုံရုံးသည် ထိုအမှုသည်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်လာရောက်ဘိသတဲ့သို့ အမှုကို ကြားနာစစ်ဆေးနိုင်သည်။

၅၈။ ။ (၁) အယူခံခုံရုံးသည် အမှုကြားနာစစ်ဆေးသည့်အခါ၊ တရားရုံးထုံးစံအားလုံး ကိုမလိုက်နာဘဲ လူအများကို နားထောင်ခွင့်ပြု၍ နှုတ်ဖြင့်စစ်ဆေးရမည်။

(၂) အယူခံခုံရုံးသည်၊ နှစ်ဘက်သောအမှုသည်များအား ခုံရုံးတွင်လျှောက်လဲပြောဆိုရန်နှင့် အငြင်းပွားမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းပြောဆိုရန် အခွင့်အလမ်းများ ပေးရမည်။

(၃) အယူခံရုံးသည်၊ အမှုသည်များ၊ ကျွမ်းကျင်သူများနှင့် သက်သေများ၏ ထွက်ဆိုချက်များကို ကြားနာနိုင်သည့်ပြင်၊ ၎င်းတို့အား တျမ်းသစ္စာကျိန်ဆို၍ သက်သေခံရန် ဆင့်ဆိုနိုင်သည်။

၅၉။ ။ အယူခံရုံးများ၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်အတည်ဖြစ်ရမည့်ပြင်၊ ထိုဆုံးဖြတ်ချက်များကို မည်သည့်တရားရုံး၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးအဖွဲ့တွင်မျှ အယူခံဝင်ခွင့် မရှိစေရ။

၆၀။ ။ (၁) အမှုသည်များထံမှ မည်သည့်စရိတ်ကိုမျှမတောင်းဆိုရ။

(၂) ဥက္ကဋ္ဌနှင့် အဆက်ဆာလူကြီးများအား နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်များအတိုင်း စရိတ်ပေးရမည်။

၆၁။ ။ ဥက္ကဋ္ဌသည် အယူခံခုံရုံး၏ ကြားနာ စစ်ဆေးမှုများကို စီမံခန့်ခွဲရမည့်ပြင်၊ ခုံရုံး၏ အလုပ်များကိုစီစဉ်၍ သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို ကြီးကြပ်ရန် တာဝန်ယူရမည်။

၆၂။ ။ (၁) အယူခံခုံရုံး၏ အမှုဆောင်အရာရှိသည် အဖွဲ့၏ အရာရှိတစ်ဦး ဖြစ်ရမည်။

(၂) ထိုအမှုဆောင်အရာရှိသည်၊ အမှုတွဲနှင့် သက်ဆိုင်သော မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထိုမှတ်တမ်းများကို ဥက္ကဋ္ဌက လက်မှတ်ထိုးရမည်။

၆၃။ ။ အယူခံခုံရုံးများ၏ ကုန်ကျစရိတ်အားလုံးကို အဖွဲ့က ကျခံရမည်။

အခန်း ၇။

အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။

၆၄။ ။ ငွေစာရင်းအရာရှိချုပ် မခန့်ထားမီ၊ အုပ်ချုပ်ရေးမှူးသည် ငွေစာရင်းအရာရှိချုပ်၏ အာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲ ဆောင်ရွက်ရမည်။

၆၅။ ။ အဖွဲ့၏ ရာထမ်း မှုထမ်းများအတွက် အမှုထမ်းစည်းကမ်းများ မပြဋ္ဌာန်းမီ၊ အစိုးရ ရာထမ်းမှုထမ်းများအတွက် ပြဋ္ဌာန်းထားသော တည်ဆဲတရားဥပဒေများသည် ၎င်းတို့နှင့် သက်ဆိုင် နိုင်သမျှ သက်ဆိုင်ရမည်။

စာရင်း ၁။

[နည်းဥပဒေ ၄၉ အရ။]

ဇယား ၁။

ယခုအသက် "က" + "န" ရှိ လူတစ်ယောက်အား လွန်ခဲ့သည့်နှစ်ပေါင်း "န" တွင် ပေးခဲ့သော တစ်နှစ်အတွက် အမြဲတန်းမသန်စွမ်းမှု ပင်ရှင် "၁" ၏လက်ရှိတန်ဘိုး။

က	န=၀	န=၁	န=၂	န=၃	က+န
၁၇				၁၈-၈၅၅	၂၀
၁၈			၁၆-၉၇၀	၁၈-၇၃၆	၂၁
၁၉		၁၅-၀၄၈	၁၆-၉၀၀	၁၈-၆၂၂	၂၂
၂၀	၁၃-၁၉၉	၁၅-၀၄၅	၁၆-၈၁၆	၁၈-၅၁၂	၂၃
၂၁	၁၃-၂၀၉	၁၅-၀၂၈	၁၆-၇၅၃	၁၈-၄၀၆	၂၄
၂၂	၁၃-၂၂၂	၁၄-၉၉၅	၁၆-၆၉၄	၁၈-၂၉၉	၂၅
၂၃	၁၃-၂၃၆	၁၄-၉၆၄	၁၆-၆၁၅	၁၈-၁၈၈	၂၆
၂၄	၁၃-၂၅၂	၁၄-၉၅၀	၁၆-၅၅၁	၁၈-၀၆၇	၂၇
၂၅	၁၃-၂၆၇	၁၄-၉၁၄	၁၆-၄၇၇	၁၇-၉၃၂	၂၈
၂၆	၁၃-၂၇၇	၁၄-၈၆၉	၁၆-၃၇၂	၁၇-၇၈၇	၂၉
၂၇	၁၃-၂၇၉	၁၄-၈၃၀	၁၆-၂၇၅	၁၇-၆၃၁	၃၀
၂၈	၁၃-၂၇၀	၁၄-၇၆၃	၁၆-၁၆၈	၁၇-၄၆၆	၃၁
၂၉	၁၃-၂၅၁	၁၄-၆၈၇	၁၆-၀၃၄	၁၇-၂၉၄	၃၂
၃၀	၁၃-၂၂၃	၁၄-၆၁၉	၁၅-၉၁၀	၁၇-၁၁၄	၃၃
၃၁	၁၃-၁၈၇	၁၄-၅၂၇	၁၅-၇၇၉	၁၆-၉၂၇	၃၄
၃၂	၁၃-၁၄၃	၁၄-၄၂၇	၁၅-၆၂၄	၁၆-၇၂၈	၃၅
၃၃	၁၃-၀၉၂	၁၄-၃၃၇	၁၅-၄၇၃	၁၆-၅၂၁	၃၆
၃၄	၁၃-၀၃၄	၁၄-၂၁၉	၁၅-၃၁၅	၁၆-၃၀၅	၃၇
၃၅	၁၂-၉၆၄	၁၄-၀၉၂	၁၅-၁၃၁	၁၆-၀၈၀	၃၈
၃၆	၁၂-၈၈၆	၁၃-၉၇၃	၁၄-၉၅၄	၁၅-၈၄၅	၃၉
၃၇	၁၂-၇၉၉	၁၃-၈၂၉	၁၄-၇၆၈	၁၅-၆၀၂	၄၀

၃၈	၁၂-၇၀၃	၁၃-၆၇၄	၁၄-၅၇၇	၁၅-၃၄၈	၄၁
၃၉	၁၂-၅၉၇	၁၃-၅၂၇	၁၄-၃၅၀	၁၅-၀၁၇	၄၂
၄၀	၁၂-၄၈၂	၁၃-၃၅၃	၁၄-၁၃၇	၁၄-၈၁၆	၄၃
၄၁	၁၂-၃၅၅	၁၃-၁၇၁	၁၃-၈၉၇	၁၄-၅၄၂	၄၄
၄၂	၁၂-၂၂၀	၁၂-၉၉၄	၁၃-၆၆၉	၁၄-၂၆၀	၄၅
၄၃	၁၂-၀၇၅	၁၂-၇၉၇	၁၃-၄၃၃	၁၃-၉၆၁	၄၆
၄၄	၁၁-၉၂၄	၁၂-၅၉၂	၁၃-၁၇၂	၁၃-၆၆၈	၄၇
၄၅	၁၁-၇၆၅	၁၂-၃၉၀	၁၂-၉၁၆	၁၃-၃၆၃	၄၈
၄၆	၁၁-၅၆၃	၁၂-၁၆၅	၁၂-၆၅၅	၁၃-၀၅၁	၄၉
၄၇	၁၁-၄၀၃	၁၁-၉၃၃	၁၂-၃၇၄	၁၂-၇၃၇	၅၀
၄၈	၁၁-၂၂၅	၁၁-၇၀၉	၁၂-၁၀၀	၁၂-၄၁၆	၅၁
၄၉	၁၁-၀၃၀	၁၁-၄၆၃	၁၁-၈၃၂	၁၂-၀၉၀	၅၂
၅၀	၁၀-၈၂၆	၁၁-၂၆၁	၁၁-၅၇၀	၁၁-၇၆၄	၅၃
၅၁	၁၀-၆၇၈	၁၁-၀၃၁	၁၁-၂၉၃	၁၁-၄၃၅	၅၄
၅၂	၁၀-၅၁၈	၁၀-၈၂၃	၁၁-၀၁၂	၁၁-၀၉၉	၅၅
၅၃	၁၀-၃၅၂	၁၀-၆၀၀	၁၀-၇၃၃	၁၀-၇၅၉	၅၆
၅၄	၁၀-၁၇၇	၁၀-၃၅၅	၁၀-၄၃၆	၁၀-၄၂၃	၅၇
၅၅	၉-၉၈၉	၁၀-၁၁၃	၁၀-၁၄၂	၁၀-၀၉၀	၅၈
၅၆	၉-၇၉၁	၉-၈၇၁	၉-၈၅၈	၉-၇၅၉	၅၉
၅၇	၉-၅၈၉	၉-၆၁၆	၉-၅၆၄	၉-၄၂၈	၆၀
၅၈	၉-၃၈၄	၉-၃၆၉	၉-၂၆၈	၉-၁၀၂	၆၁
၅၉	၉-၁၇၃	၉-၁၁၇	၉-၉၈၄	၈-၇၈၂	၆၂
၆၀	၈-၉၅၇	၈-၈၅၆	၈-၆၉၄	၈-၄၆၉	၆၃
၆၁	၈-၇၃၈	၈-၆၀၆	၈-၄၁၀	၈-၁၆၁	၆၄
၆၂	၈-၅၁၉	၈-၃၅၉	၈-၁၃၇	၇-၈၅၉	၆၅
၆၃	၈-၃၀၀	၈-၁၀၄	၇-၈၅၉		
၆၄	၈-၀၇၉	၇-၈၅၉			
၆၅	၇-၈၅၉				

ဇယား ၂။

မုဆိုးမနှင့်ကျန်ရစ်သူသား/သမီးပင်စင်ရှင်

မုဆိုးမပင်စင်ရှင်			
အသက်	တစ်နှစ်အတွက်ပင်စင်ရှင် "၁" ၏လက်ရှိတန်ဘိုး	အသက်	တစ်နှစ်အတွက်ပင်စင်ရှင် "၁" ၏လက်ရှိတန်ဘိုး
၁၅	၂၀-၂၉၁	၅၅	၁၂-၅၇၈
၁၆	၂၀-၁၄၄	၅၆	၁၂-၂၄၃
၁၇	၂၀-၀၀၄	၅၇	၁၁-၉၀၄
၁၈	၁၉-၈၇၃	၅၈	၁၁-၅၆၃
၁၉	၁၉-၇၅၅	၅၉	၁၁-၂၁၈
၂၀	၁၉-၆၄၉	၆၀	၁၀-၈၇၁
၂၁	၁၉-၅၅၃	၆၁	၁၀-၅၂၇
၂၂	၁၉-၄၅၈	၆၂	၁၀-၁၈၆
၂၃	၁၉-၃၆၄	၆၃	၉-၈၄၂
၂၄	၁၉-၂၆၉	၆၄	၉-၄၉၅
၂၅	၁၉-၁၇၁	၆၅	၉-၁၄၉
၂၆	၁၉-၀၆၅	၆၆	၈-၈၀၄
၂၇	၁၈-၉၄၉	၆၇	၈-၄၆၁
၂၈	၁၈-၈၂၄	၆၈	၈-၁၂၀
၂၉	၁၈-၆၉၄	၆၉	၇-၇၈၂
၃၀	၁၈-၅၅၉	၇၀	၇-၄၄၉
၃၁	၁၈-၄၁၆	၇၁	၇-၁၁၉
၃၂	၁၈-၂၆၅	၇၂	၆-၇၉၅
၃၃	၁၈-၁၀၅	၇၃	၆-၄၇၆
၃၄	၁၇-၉၃၇	၇၄	၆-၁၆၂
၃၅	၁၇-၇၆၀	၇၅	၅-၈၅၇
၃၆	၁၇-၅၇၅	၇၆	၅-၅၅၈

ကျန်ရစ်သူသား/သမီးပင်စင်ရှင်	
အသက်	တစ်နှစ်အတွက် ပင်စင်ရှင် "၁"၏လက်ရှိတန်ဘိုး
၀	၁၀-၂၈၄
၁	၁၀-၅၇၁
၂	၁၀-၃၂၆
၃	၉-၉၁၅
၄	၉-၃၉၈
၅	၈-၈၁၆
၆	၈-၁၉၀
၇	၇-၅၂၅
၈	၆-၈၂၆
၉	၆-၀၉၃
၁၀	၅-၃၂၇
၁၁	၄-၅၂၈
၁၂	၃-၆၉၅
၁၃	၂-၈၂၇
၁၄	၁-၉၂၃
၁၅	၀-၉၈၁

၃၇	၁၇-၃၈၂	၇၇	၅-၂၂၄
၃၈	၁၇-၁၈၁	၇၈	၄-၉၈၃
၃၉	၁၆-၉၇၂	၇၉	၄-၈၁၀
၄၀	၁၆-၇၅၅	၈၀	၄-၅၇၅
၄၁	၁၆-၅၃၁	၈၁	၄-၁၈၄
၄၂	၁၆-၃၀၂	၈၂	၃-၉၃၈
၄၃	၁၆-၀၆၃	၈၃	၃-၆၉၉
၄၄	၁၅-၈၁၅	၈၄	၃-၄၇၁
၄၅	၁၅-၅၅၆	၈၅	၃-၂၅၃
၄၆	၁၅-၂၈၆	၈၆	၃-၁၄၅
၄၇	၁၅-၀၀၈	၈၇	၂-၈၄၇
၄၈	၁၄-၇၂၃	၈၈	၂-၆၅၉
၄၉	၁၄-၄၃၃	၈၉	၂-၄၈၁
၅၀	၁၄-၁၄၁	၉၀	၂-၃၁၂
၅၁	၁၃-၈၄၃		
၅၂	၁၃-၅၃၉		
၅၃	၁၃-၂၂၈		
၅၄	၁၂-၉၀၇		

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန ကျေးလက်ကြီးပွားရေးဌာနခွဲ (၁)

၁၃၁၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်။ (၁၉၅၅ ခု၊ ဒီဇင်ဘာလ ၁၃ ရက်။)

အမှတ် ၃၃၂။ ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၅၀ ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ ဤဝန်ကြီးဌာနမှ ၁၃၁၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ (၁၉၅၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇ ဖြင့် ထုတ်ပြန်ကြေညာသော ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေများတွင်၊ အောက်ပါ ပြင်ဆင်ချက်များကို ပြုလိုက်သည်။ *

၁။ ။ အဆိုပါ နည်းဥပဒေများ၏ နည်းဥပဒေ ၂ (ဇ) (က) အစား၊ အောက်ပါကို ထည့်သွင်းရမည်။

"(က) ဗုဒ္ဓဘာသာအတွက်ဖြစ်လျင် ဗုဒ္ဓသာသနာတော်ဝန်ကို အစဉ်ထမ်းရွက်နေသော ရဟန်းနှင့် သာမဏေကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အောက်ပါစည်းကမ်းချက်များ အတိုင်း လိုက်နာ ကျင့်သုံးနေထိုင်သော သီလရှင်များလည်း ပါဝင်သည်။

(၁) ရဟန်း သာမဏေများကဲ့သို့ ဆံပင်ကို ရိတ်ပယ်ခြင်း၊

(၂) ရဟန်း သာမဏေများကဲ့သို့ အိမ်ထောင်မပြုခြင်း၊

(၃) ရှစ်ပါးသီလ၊ သို့တည်းမဟုတ် ဆယ်ပါးသီလမြဲခြင်း၊

(၄) ပုရဗိုဇ် ရဟန်းတို့ အသုံးအဆောင်ဖြစ်သော မြေနီဆိုးအဝတ်ကို အမြဲဝတ်ခြင်း၊

(၅) လူများကဲ့သို့ လူမှုကိစ္စနှင့် စီပွားရေးကိစ္စများကို မဆောင်ရွက်ခြင်း၊

(၆) လူများနှင့်အတူရောယှက်မနေဘဲ၊ ကျောင်း၊ ကျောင်းတိုက်၊ ဇရပ်စသည့် သီးခြားအဆောက်အအုံများ၌ နေထိုင်ခြင်း၊ ထို့ပြင်

(၇) ရဟန်းသာမဏေများကဲ့သို့ ဗုဒ္ဓပိဋကတ်ကျမ်းဂန်တို့ကို သင်အံပို့ချဆောင်ရွက်လျက်၊ ပရိယတ္တိ သာသနာတော်ကို စောင့်ရှောက်ချီးမြှောက်ခြင်း၊ သို့တည်းမဟုတ် ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများအားထုတ်လျက်၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာကို စောင့်ရှောက်ချီးမြှောက်ခြင်း။"

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၀၇) ရက်၊ စာမျက်နှာ - ၂၀၀၈ မှ ၂၀၂၀ ထိ။

၂။ ။ အဆိုပါ နည်းဥပဒေများ၏ နည်းဥပဒေ ၄၁ တွင် —

(က) နည်းဥပဒေခွဲ (၁) ၌ "အဖွဲ့ဝင်လူကြီးရှစ်ဦး ခန့်ထားရမည်" ဆိုသည့် စကားရပ်အစား "အဖွဲ့ဝင်လူကြီး ရှစ်ဦးထက်မနည်း ခန့်ထားရမည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) နည်းဥပဒေခွဲ (၂)၌ အောက်ပါအပိုဒ်ကို ထည့်သွင်းရမည်။

"ခရိုင် မြေယာကော်မတီအစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်လျှင်၊ တက်ရောက် သော အဖွဲ့ဝင် လူကြီးများအထဲမှ တစ်ဦးကို၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ရမည်။

၃။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၅၃ တွင် "အနည်းဆုံးသုံးရက်ခွာ၍ သတ်မှတ် ရမည်" ဆိုသည့် စကားရပ်အစား "အနည်းဆုံးဆယ်ရက်ခွာ၍ သတ်မှတ်ရမည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၅၉ အစား၊ အောက်ပါကို နည်းဥပဒေ ၅၉ အဖြစ် ထည့်သွင်းရမည်။

"၅၉။ ။ အက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၁) အရ လယ်ယာမြေကို ဝေငှရာ၌ အောက်ပါ ဦးစား ပေးသော အစီအစဉ်နှင့်အညီ ဝေငှရမည်။

(က) <u>ပဌမဦးစား</u> ။ ။ လက်ဝှေ့သီးစား။

(ခ) <u>ဒုတိယဦးစား</u> ။ ။ နည်းဥပဒေ ၅၂၊ အပိုဒ် (၂) ပါ အချက်များ နှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု။

(ဂ) <u>တတိယဦးစား။</u> ။ ပင်တိုင်သူရင်းငှား၏၊ သို့တည်းမဟုတ် ကျိုဝင် သူရင်းငှား၏၊ သို့မဟုတ် မိုးသူရင်းငှား၏၊ သို့တည်းမဟုတ် နွေသူရင်းငှား ၏ အိမ်ထောင်သားစု။

(ဃ) <u>စတုတ္ထဦးစား။</u> ။ အခြားလယ်ယာမြေအလုပ်သမား အိမ်ထောင် သားစု။"

၅။ ။ အဆိုပါ နည်းဥပဒေများ၏ နည်းဥပဒေ ၈၀ အစား၊ အောက်ပါကို နည်းဥပဒေ ၈၀ အဖြစ် ထည့်သွင်းရမည်။

"၈၀။ ။ (၁) ခရိုင်မြေယာကော်မတီက ချမှတ်သော အောက်ဖော်ပြပါ အမိန့်ကို၊ အဆိုပါအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ နိုင်ငံတော်

သမ္မတက နည်း ဥပဒေခွဲ (၂) အရ ဖွဲ့စည်းသော လယ်ယာမြေနှိုင်းငံပိုင်ပြုလုပ်ရေးအယူခံခုံရုံးသို့ အယူခံဝင်နိုင်ခွင့်ရှိစေရမည်။

(က) နည်းဥပဒေ ၅၀ (၁) အရ ကင်းလွတ်ခွင့်လျှောက်လွှာနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့်။

(ခ) နည်းဥပဒေ ၇၉ အရ ခရိုင်မြေယာကော်မတီက ကင်းလွတ်ခွင့် လျှောက်လွှာနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်။

(၂) နည်းဥပဒေခွဲ (၁) အရ တင်သွင်းသော အယူခံလျှောက်လွှာများကို လက်ခံ၊ စစ်ဆေး၊ ဆုံးဖြတ်နိုင်ရန်အလို့ငှာ၊ နိုင်ငံတော်သမ္မတသည်၊ သင့်တော်သော ပုဂ္ဂိုလ်များပါဝင်သည့် အယူခံခုံရုံးကို ဖွဲ့စည်းရမည်။

(၃) နည်းဥပဒေခွဲ (၂) အရ၊ ဖွဲ့စည်းသော အယူခံခုံရုံးသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ပုဒ်မ ၄၈၂ တို့၏ အဓိပ္ပာယ်အရ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါ အယူခံခုံရုံးသည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ တရားရုံးများအား အပ်နှင်းထားသည့် အာဏာများကို ရရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာများနှင့်စာချုပ်စာတမ်းစသည်များကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့်ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ဆိုခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းရန် ဆင့်ဆိုနိုင်ခြင်း။

(ဂ) စာချုပ်စာတမ်းများကို လာရောက်တင်ပြစေရန် အတင်းအကြပ်ပြုလုပ်ခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရက်ချိန်းများပေးခြင်း။

(စ) စာဖြင့်ရေးသား၍ပေးပို့သော ကျမ်းကျိန်ထွက်ဆိုချက်များကို လက်ခံခြင်း။

(ဆ) မလာရောက်နိုင်သောသက်သေများကို ကော်မရှင်ထုတ်၍ စစ်ဆေးခြင်း။

(ဇ) နေရာဌာနများကို ကြည့်ရှုစစ်ဆေးခြင်း။

(၄) သက်သေများ လာရောက်စေရန် အတင်းအကြပ်ဆင့်ဆိုခေါ်ယူနိုင်ရန် အလို့ငှာ၊ အယူခံခုံရုံး၏ အစီရင်ပိုင်ခွင့်အာဏာသက်ရောက်သည့် ဒေသသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးဖြစ်သည်။

(၅) အယူခံခုံရုံးသည်၊ ရုန်ကုန်မြို့တွင်ဖြစ်စေ၊ ၎င်းက သင့်တော်သည်ဟု ထင်မြင်သော အခြားဒေသတွင်ဖြစ်စေ ရုံးထိုင်ရမည်။

(၆) ဤကိစ္စအလို့ငှာ၊ နိုင်ငံတော်သမ္မတက ခန့်အပ်သောအရာရှိသည်၊ အယူခံတရားလို ကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏အာဏာလွှဲအပ်ခြင်းခံရသူက ဖြစ်စေ၊ တင်သွင်းသော အယူခံလျှောက်လွှာကို လက်ခံရယူမည့်ပြင် စာပို့တိုက်မှ ပေးပို့သော အယူခံလျှောက်လွှာများကိုလည်း လက်ခံရယူရမည်။

(၇) အယူခံခုံရုံးသည်၊ အယူခံတရားလိုနှင့် အယူခံတရားခံအား အယူခံမှုကို၊ မည်သည့် နေ့ရက်၊ နေရာနှင့်အချိန်တွင်၊ ကြားနာစစ်ဆေးမည့် အကြောင်းစာဖြင့် ရေးသား၍ အကြောင်းကြားရမည်။ အကယ်၍ အယူခံတရားလိုက၊ သို့တည်းမဟုတ် ၎င်း၏အာဏာလွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ အယူခံတရားခံက၊ သို့တည်းမဟုတ် ၎င်း၏ အာဏာလွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ ကြားနာစစ်ဆေး ရန်ချိန်းဆိုသည့်နေ့ရက်တွင်၊ အယူခံခုံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်လဲလိုက၊ လာရောက်နိုင်ရန် လုံလောက်သော အချိန်ပေးရမည်။ ထို အကြောင်းကြားစာနှင့် အတူ အယူခံလျှောက်လွှာမိတ္တူကို၊ အယူခံတရားခံ ထံ ပေးပို့ရမည်။

(၈) ကြားနာစစ်ဆေးရန် ချိန်းဆိုထားသောနေ့ရက်တွင်ဖြစ်စေ၊ ရွှေ့ဆိုင်းချိန်းဆိုသောနေ့ရက်တွင် ဖြစ်စေ အယူခံတရားလိုမလာရောက်လျှင်၊ အယူခံခုံရုံးသည်၊ မိမိသဘောအတိုင်း၊ အယူခံမှုကို ပလပ်နိုင်သည်။ သို့တည်းမဟုတ် တစ်ဖက်သတ်ကြားနာစစ်ဆေးနိုင်သည်။

(၉) ကြားနာစစ်ဆေးရန် ချိန်းဆိုထားသောနေ့ရက်တွင်ဖြစ်စေ၊ ရွှေ့ဆိုင်းချိန်းဆိုသော နေ့ရက်တွင်ဖြစ်စေ အယူခံတရားလိုလာရောက်၍ အယူခံတရားခံမလာရောက်လျှင်၊ အယူခံခုံရုံးသည်၊ အယူခံမှုကို တစ်ဖက်သတ်ကြားနာစစ်ဆေးနိုင်သည်။

(၁၀) အယူခံခုံရုံးက ချမှတ်သောအမိန့်ကို စာဖြင့်ရေးသား၍၊ နေ့စွဲတပ်ပြီးလျှင်၊ အယူခံ ခုံရုံးအဖွဲဝင်အားလုံးက လက်မှတ်ရေးထိုးရမည်။

(၁၁) အယူခံခုံရုံးက ချမှတ်သော အမိန့်နှင့်စပ်လျဉ်း၍ အယူခံတရားလိုနှင့် အယူခံ တရားခံထံ၊ သို့တည်းမဟုတ် ၎င်းတို့က အာဏာလွှဲအပ်ထားသူတို့ထံ အကြောင်းကြားစာပေးပို့ရမည်။

(၁၂) အယူခံခုံရုံး၏ စာရွက်စာတမ်းမိတ္တူများကို ရလို၍ လျှောက်ထားတောင်းဆို သော လျှောက်လွှာပေါ်တွင်၊ ရုံးခွန်တော်အက်ဥပဒေပါဇယား ၂၊ အပိုဒ် ၁ (က) အရ၊ တစ်ဆယ့်ငါးပြားတန်ရုံးခွန်တော် တံဆိပ်ခေါင်းကပ်ရမည်။

(၁၃) အယူခံခုံရုံး၏ စာရွက်စာတမ်းများကို ကြည့်ရှုလိုသော်၊ တစ်ကျပ်တန် ရုံးခွန်တော် တံဆိပ်ခေါင်းကပ်ထားသော လျှောက်လွှာဖြင့် လျှောက်ထားရ မည်။

(၁၄) အယူခံခုံရုံးက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၆။ ။ အဆိုပါနည်းဥပဒေများနှင့် ပူးတွဲပါရှိသည့်ပုံစံများတွင် —

(က) ပုံစံ ၇ နှင့် ပုံစံ ၁၅ ၌ ရေးသွင်းချက်အမှတ် ၁ ကို၊ အမှတ် ၁၊ (က) အဖြစ် ပြန်လည် အမှတ်စဉ်၍၊ အောက်ပါကို ရေးသွင်းချက် အမှတ် ၁ ၏ အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) လူမျိုး။"

(ခ) ပုံစံ ၁၈ (က)၊ ၁၈ (ခ)၊ ၂၀ (က)၊ ၂၀ (ခ)၊ ၂၀ (ဂ)၊ ၂၁(က)၊ ၂၁ (ခ) နှင့် ၂၃ ရှိ ညွှန်ကြားချက်အသီးသီး၏ အပိုဒ် (၁) တွင် "ကွင်းတစ်ကွင်း" ဆိုသည့် စကား ရပ်အစား "ကျေးရွာတစ်ရွာ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုံစံ ၂၆ ၌ ရှိရင်းဇယားအစား အောက်ပါဇယားကို ထည့်သွင်းရမည်။

ကွင်း		ဦးပိုင်		အကြောင်း
အမည် (၁)	အမှတ် (၂)	အမှတ် (၃)	ဧက (၄)	အရာ (၅)
		ပေါင်း		

မှတ်ချက်။ ။ အထက်ဖော်ပြပါ ဦးပိုင်အမှတ်နှင့် ဧရိယာများကို ၁၉၅-၅ ခုနှစ်၊ မြေစာရင်းမြေပုံနှင့် စာရင်းများမှ ကောက်နုတ်ထည့်သွင်းသည်။

ဥက္ကဋ္ဌ၊

_____ ကျေးရွာမြေယာကော်မတီ။"

◆ ◆ ◆ ◆ ◆

MINISTRY OF FINANCE AND REVENUE
EXCISE AND TAXES BRANCH

Yangon, the 19th November 1955.

No. 543 — In exercise of the powers conferred by section 65 of the Myanmar Excise Act, the President directs that the following Amendment shall be made to the under - mentioned rule of the Myanmar Excise Rules, 1928, published in Excise Department (Ministry of Forests) Notification No. 107, dated the 21st December 1928:–*

In the subjoined statement to Rule 4, after the last entry the following entry *shall be inserted*:—

(1)	(2)	(3)
42.	A licence to possess and use a *Hypodermic Syringe. Dental Anaesthetic Syringe.	K 10

No. 544- In exercise of the powers conferred by section 65 of the Myanmar Excise Act, 1917, the President directs that the following new Excise Form G-17 *shall be substituted* for the existing Excise Form G-17, prescribed in this Ministry's Notification No. 217, dated the 8th October 1951:—

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်၊ စာမျက်နှာ - ၂၀၅၆ မှ ၂၀၅၇ ထိ။

NOT TRANSFERABLE

EXCISE FORM G-17

(Original and Counterpart)

Licence to possess and use a $\frac{\text{* Hypodermic Syringe.}}{\text{Dental Anasethetic Syringe.}}$

(Section 13)

(Name) _____, $\frac{\text{son}}{\text{daughter}}$ of
(Father) _____ (Mother) _____
residing at _____ Village, _____
Township, _____ District, is hereby licensed to possess a
$\frac{\text{*}\ \text{Hypodermic}}{\text{Dental Anasethetic}}$ syringe and privileged to use it in $\frac{\text{his}}{\text{her}}$ $\frac{\text{dental}}{\text{medical}}$
practice (for $\frac{\text{* Hypodermic}}{\text{Intra-muscular}}$ injection only).
Intravenous

A fee of K 10 shall be paid for each licence annually.

The licence may be cancelled by the Excise Commissioner, if any breach of the Myanmar Excise Act, or of the rules and conditions made thereunder, or of such other rules, conditions and directions as may hereafter be issued under the Act, is committed by the licence-holder, or his partner or agent, or any other person employed in the premises for which this licence is granted.

This licence shall remain in force from the _____ _____ to the _____ unless previously cancelled and shall, be returned on expiry to the Excise Commissioner.

YANGON:
Dated the _____195 } Excise Commissioner, Myanmar.

---

* Delete not applicable.

For dental purpose the words "for $\frac{\text{* Hypodermic}}{\text{Intra-muscular}}$ injection only" should be deleted.
Intravenous

The 22nd November 1955.

No. 545, In exercise of the powers conferred by section 65 of the Myanmar Excise Act, 1917, the President directs that the following amendments *shall be made* in the statement subjoined to Rule 4 of the rules published in Excise Department (Ministry of Forests) Notification No. 107, dated the 21st December 1928, as amendment to date:—

(1) In column (3), against Serial No.32 in column (1), substitute the following for the existing words and figures:—
" In Yangon K 75: elsewhere K.50."

(2) In column (2), against Serial No 33 in column (1), substitute the following for the existing word and figure:
"K 30."

(3) In column (3), against Serial No.34 in column (1), substitute the following for the existing words and figures:—
"In Yangon K 50; in the rest of Lower Myanmar and in towns of Mandalay and Yenangyaung K 10; elsewhere K.5."

(4) In column (3), against Serial No.35 in column (1) substitute the following for the existing word and figure:—

(5) In column (3), against Serial No.37 in column (1), substitute the following for the existing word and figure:—
"K. 5."

These amendments shall take effect as from the 1st January 1956.

No.546- In exercise of the powers conferred by section 65 of the Myanmar Excise Act, 1917, the President directs that the following amendments shall be made in the under-mentioned Excise Forms published in Financial Commissioner's Notification No. 139, dated the 19th September 1917, as subsequently amended:—

(1) In condition 1 of the Excise Form ID-2A, the word and figure 'K 20' *shall be substituted* for the word and figure "Rs 10"

(2) In condition V of the Excise Form ID-3, the words and figures "K 10 (ten only)" *shall be substituted* the words and figures "K 5(five only.)"

These amendments shall take effect as from the 1st January 1956.

MINISTRY OF TRANSPORT AND COMMUNICATIONS
TELECOMMUNICATIONS BRANCH

Yangon, the 22nd December 1955.

No. 225, — In exercise of the powers conferred by section 7 of the Myanmar Telegraph Act, the President makes the following amendments to the Myanmar Telegraph Rules, 1941, published with the Department of Commerce and Industry (Posts and Telegraphs Branch) Notification No. 75, dated the 24th April 1941:—*

1. In Rule 48, for the second sentence the following *shall be substituted,* namely:—

" Such addresses shall, on application being made, be registered on payment of the fee prescribed in clause (XI) of Rule 38. The addresses shall be registered without any restriction as to the number of words or letters used."

2. Rule 166 shall be deleted.

3. In Rule 167, for the words " inland private telegrams" the words "State telegrams or inland private telegrams" *shall be substituted.*

By order,

MAY AUNG,
Dy. Secretary to the Govt. of the Union of Myanmar,
Ministry of Transport and Communications.

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်၊ စာမျက်နှာ - ၂၂၁၀။